ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ တနင်္လာနေ့။ Monday, 7 November 2022 ၁၀၉၁၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ**

ယနေ့ကျရောက်သည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိတိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားမိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်လူမျိုးတို့၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် (၆၇)နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူရိုးရာပွဲတော်များတွင် အထွတ်မြတ်ဆုံးပွဲတော်တစ်ခုဖြစ်သည့် ဒီပါဝလီ မီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ သျှရီမဟာလက်ချ်မီးမယ်တော်ကြီးဘုရားကျောင်း၌ ကျင်းပပြုလုပ်သည့် ဟိန္ဒူရိုးရာပွဲတော်များတွင် အထွတ်မြတ်ဆုံးပွဲတော်တစ်ခုဖြစ်သော ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Listopadov Nikolai Alexandrovich၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ ဟိန္ဒူရိုးရာ ဒီပါဝလီပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်တို့က ဒီပါဝလီ အထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြစဉ်။

ကြေးမုံ

# တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့

မြန်မာနိုင်ငံသည် ကုသိုလ်ကောင်းမှုများ ထုံမွမ်းနေသောနိုင်ငံဖြစ်သည်။ ရတနာသုံးပါးကိုရည်မှန်း၍ နေ့ကြီးရက်ကြီးများတွင်သာမက လပြည့်လကွယ်ရောက်တိုင်း ကောင်းမှုကုသိုလ်များပြုလုပ်လေ့ရှိသည်။ ဝါတွင်းကာလ သုံးလပတ်လုံး ကုသိုလ်ကောင်းမှုများ အဆက်မပြတ်ရှိပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းတွင် ကုသိုလ်ကောင်းမှုများ အထူးပြုလုပ်လေ့ရှိသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် အဇာတသတ်မင်းအား ရဟန်းဖြစ်ရသည့် အကျိုးတရားများကို ဟောတော်မူသည်။ သာမညဖလသုတ်သည် ရဟန်းပြုခြင်းကြောင့် ရရှိသောအကျိုးများ၊ ရဟန်းတို့၏ အကျင့်သီလ၊ ဈာန်သမာပတ်နှင့် ဝိပဿနာဉာဏ်စဉ်များ အဆင့်ဆင့်တက်လာပြီး လက္ခဏာရေးသုံးပါးကို အထင်အရှားပြကာ ရဟန္တာများဖြစ်လာပုံကို ဟောကြားထားသောတရားဖြစ်သည်။ တရားမှာ နက်နဲသိမ်မွေ့လှပြီး ဘဝသံသရာ၏ ဒုက္ခဆင်းရဲချုပ်ငြိမ်းနိုင်ပုံကို ကွက်ကွက်ကွင်းကွင်း ဟောကြားထားရာ နာကြားရသူအဖို့ နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကုသိုလ်၊ အကုသိုလ်၊ ကောင်းမှု၊ မကောင်းမှု၊ ဆင်းရဲမှု၊ ချမ်းသာမှုတို့ကို ကွဲကွဲပြားပြားသိလာသည်။

ရဟန်းဟူသည် ကုသိုလ်အဖြစ်တင် အကုသိုလ်စင်အောင် ဆောက်တည်ကျင့်ကြံနေထိုင်ကြသော မြင့်မြတ်သောပုဂ္ဂိုလ်များဖြစ်သည်။ ရဟန်းပြုပြီးသည်နှင့် လူအများ၏ ရှိခိုးကော်ရော် အရိုအသေပြုရသည့် ပုဂ္ဂိုလ်ဖြစ်လာသည်။ ပစ္စည်းလေးပါးမှအစ လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို အလှူခံရယူ၍ ဒါယကာ၊ ဒါယိကာမများအား ကောင်းမှုအစုစုနှင့် ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်လမ်းသို့ ပြသပေးတော်မူသည်။ ရဟန်းတို့သည် ဗုဒ္ဓ၏ ဂုဏ်တော်များနှင့် ဝိနည်းသိက္ခာပုဒ်များကို မပျက်မကွက် စောင့်ထိန်းကျင့်ကြံကြရသည်။ ရဟန်းဖြစ်သည်နှင့် ပိတ်ဆို့စောင့်စည်းခြင်းတည်းဟူသော ပါတိမောက္ခ သံဝရသီလ စသည့် အဓိကသီလသိက္ခာများကို စောင့်ထိန်းကြရသည်။ ထို့ကြောင့် ရဟန်းသည် ကြည်ညိုဖွယ်ရာအဆင်းနှင့်ပြည့်စုံသည့် မြတ်စွာဘုရားသားတော်များဖြစ်သည်။

အဇာတသတ်မင်းသည် ဒေဝဒတ်ကို ဆရာတင်မှားပြီး မပြစ်မှားအပ်သော ဖခင်ဖြစ်သူ ကျေးဇူးရှင် ဗိမ္ဗိသာရမင်းကြီးကို ခြေဖဝါးခွာခွဲ သွေးစိမ်းရှင်ရှင်တည်စေကာ သတ်ခဲ့မိသည်။ မပြစ်မှားအပ်သည့် ကြီးလေးသောအပြစ်ကို ကျူးလွန်မိသောကြောင့် နေ့စဉ်နှင့်အမျှ အချိန်နှင့်အမျှ သောကဖိစီးပြီး အိပ်မပျော်သောရောဂါစွဲကပ်ခဲ့သည်။ မိဘ၊ ဆရာ၊ ရဟန်းသံဃာနှင့် ဘုရားတရားတို့ကို ပြစ်မှားစော်ကားလျှင် ကံကြီးထိုက်ပြီး ယခုလက်ငင်းပင် ချက်ချင်းအကျိုးပေးခံစားကြရသည်။ ကံကြီးထိုက်၍ စွဲကပ်နေသော စိုးရိမ်ပူပန်မှုသောက၊ နောင်တအပူမီးတို့နှင့်အတူ စိတ်ခုတ်ပျက်ပြား ပြင်းထန်သောဝေဒနာများနှင့်အတူ အပူမီးသည် မအိပ်နိုင်၊ မစားနိုင် တမြည့်မြည့် လောင်ကျွမ်းလာခဲ့သည်။

အဇာတသတ်မင်းသည် ဖခင်ကိုပြစ်မှားသော်လည်း ကုသိုလ်ကံပါရမီအဟုန်ကြောင့် ရဟန်းဖြစ်ခြင်းအကျိုးကို သိလိုခဲ့သည်။ ခံစားနေရသောဝေဒနာ ပျောက်ကင်းသက်သာစေရန်အတွက် ကုစားနိုင်သောသူကိုရှာဖွေခဲ့ပြီး တိတ္ထိဆရာခြောက်ဦးထံတွင် ရဟန်းဖြစ်သောအကျိုးကို မေးမြန်းသောအခါ မရခဲ့ပေ။ နောက်ဆုံးတွင် သမားတော်ဇီဝကထံမှ လိုချင်သောအဖြေကိုရရန် လမ်းစတွေ့ပြီး မြတ်စွာဘုရားထံမှ သာမညဖလသုတ္တန်ကို ပြည့်ပြည့်စုံစုံ ကြားနာခွင့်ရကာ ရဟန်းဖြစ်ခြင်းအကျိုးကို သိခွင့်ရခဲ့သည်။ သာမညဖလသုတ်တော်ကို နာကြားမှုပြီးသောအခါ ခံစားနေရသောဝေဒနာများ သက်သာပျောက်ကင်းပြီး စိတ်နှလုံးငြိမ်းချမ်းခြင်းကို ရရှိခဲ့သည်။ သို့သော် ကြီးလေးသောအပြစ်မှာ မလွတ်နိုင် မဟာအဝီစိငရဲမဟုတ်သော်လည်း ကုမ္ဘီငရဲတွင် အနှစ်ခြောက်သောင်းခံပြီးသောအခါ ဝိဇိတာဝီအမည်ရသည့် ပစ္စေကဗုဒ္ဓါ ဖြစ်လာပေလိမ့်မည်။

မြတ်စွာဘုရားကို ယုံကြည်ခြင်း၊ တရားတော်ကို ယုံကြည်ခြင်း၊ သံဃာတော်ကို ယုံကြည်ခြင်းဟူသည့် ကုသိုလ်အကျိုးတရားမှာ ကြီးမားလှသည်။ ဘုရားကို မယုံကြည်ခြင်း၊ တရားကို မယုံကြည်ခြင်း၊ သံဃာကို မယုံကြည်ခြင်းနှင့် ပြစ်မှားစော်ကားခြင်း အကုသိုလ်မှာ ကြီးမားလှသည်။ မပြစ်မှားထိုက်သော ပုဂ္ဂိုလ်များအပေါ်တွင် ပြစ်မှားခြင်းသည် ပါရမီအခံ၊ အကုသိုလ်အထူးရှိသော ပုဂ္ဂိုလ်မျိုးဖြစ်၍ အဝီစိငရဲတွင် မခံရဘဲ ပေ့ါပါးသောငရဲတွင်ခံရသော်လည်း ပါရမီအခံမရှိသူများအဖို့မူ လတ်တလောတွင် ကြီးမားသည့် အကုသိုလ်အကျိုးများကို ချက်ချင်းလက်ငင်း ပြန်ခံစားရပြီး ဘဝချုပ်ငြိမ်းပြီးနောက် လွတ်လမ်းမရှိသည့် အဝီစိငရဲတွင် ထာဝရစံကြရမည်ဖြစ်သည်။

ထို့ကြောင့် တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့သည် ကြီးလေးသောအပြစ်ကို ပြစ်မှားမိသည့် အဇာတသတ်မင်း၏ဖြစ်အင်များကိုဆင်ခြင်ပြီး ရဟန်းဖြစ်ခြင်းအကျိုး သာမညဖလသုတ္တန်ကို အာရုံပြုပွားများကာ အကုသိုလ်အမှုများ မှကင်းလွတ်၍ ကုသိုလ်အမှုများတိုးပွားလာစေရန် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ကြိုးပမ်းအားထုတ်သင့်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ မြို့ဦးတိုက်သစ် သံလမ်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာစကြာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဓမ္မစေတီထေရဝါဒပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဓမ္မာလင်္ကာရကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ ကျောက်ကုန်းကျောင်းကြီးကျောင်းတိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ်ကျိုင်းတုံမြို့နယ်ရှိ ယန်းကုန်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဧရာဝတီပရဟိတ ဟင်္သာတရွှေကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံစာသင်တိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥဿျှစ်ကုန်းကျောင်းတိုက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ မဟာပုဗ္ဗာရုံကံဦးကျောင်းတိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ သာသနာအေး ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကသာမြို့နယ်၌အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပ

ကသာ နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အမှတ်(၅) ဇေယျာချောင်ရပ်ကွက်တွင် အောင်မင်္ဂလာဓမ္မစကြာဝတ်အသင်းမှ ကြီးမှူး၍ ပဉ္စမအကြိမ်မြောက် အသက် ၈၀ နှင့်အထက် ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက ကျင်းပသည်။



အခမ်းအနားတွင် ရပ်ကွက်ငါးခုရှိ အသက် ၈၀ နှင့်အထက် ဘိုးဘွားစုစုပေါင်း ၇၈ ဦးရှိသည့်အနက် တက်ရောက်လာကြသော ဘိုးဘွား ၅၇ ဦးနှင့် ကျန်းမာရေးအရ တက်ရောက်နိုင်ခြင်းမရှိသော ဘိုးဘွား၂၁ ဦးတို့ကို တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၄၀၀၀ စီ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသော ဘိုးဘွားများအား ဓမ္မစကြာအသင်းသူအသင်းသားများနှင့် အလှူရှင်များ စုပေါင်း၍ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ ထပ်ဆောင်းထောက်ပံ့ပေးအပ်ခဲ့ပြီး ဘိုးဘွားများအတွက် လိုအပ်သည့်ပစ္စည်းများကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရသည်။ **အေးမြသက်ထား**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၆

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - **ဦးကျော်စွာလင်းနှင့်အဖွဲ့** |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသောအမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်ရန်လည်း လိုအပ်

❂ ရှေ့ဖုံးမှ

ရှမ်းပြည်နယ်၊ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ပြည်နယ်တစ်ခု ဖြစ်ပါသည်။

ကရင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၁,၇၃၀ ဒသမ ၉ မိုင် ကျယ်ဝန်းပြီး ခရိုင်(၄)ခရိုင်၊ မြို့နယ် (၇)မြို့နယ်ဖြင့် ဖွဲ့စည်းထားရာမှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ခရိုင်အဆင့်အဖြစ် တိုးမြှင့်ပေးခဲ့သည့်အတွက် ကရင်ပြည်နယ်တွင် ခရိုင်အဆင့် (၆)ခရိုင်ဖြင့် ဖွဲ့စည်းထားသော ပြည်နယ်တစ်ခုဖြစ်လာပြီ ဖြစ်ပါသည်။

ကရင်ပြည်နယ်သည် သဘာဝအလှတရားများဖြစ်သည့် သာယာလှပသော တောတောင်များ၊ လိုဏ်ဂူများ၊ မြစ်ချောင်းအင်းအိုင်၊ ရေတံခွန်စိမ့်စမ်းများ၊ ရိုးသားဖြူစင်သည့် ဒေသခံတိုင်းရင်းသားတို့၏ ချစ်ခင်နှစ်သက်ဖွယ် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် ဒေသတစ်ခုဖြစ်သည်နှင့်အညီ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများကို ကောင်းမွန်စွာဆောင်ရွက်နိုင်သော အခင်းအကျင်းနှင့်ပြည့်စုံသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။

မြေပေါ်မြေအောက်နှင့် ရေသယံဇာတများ ပြည့်ဝပေါကြွယ်ခြင်းကြောင့်လည်း ဒေသခံတိုင်းရင်းသားပြည်သူအများစု၏ လူမှုစီးပွားဘဝအဆင်ပြေကြသည်ကိုတွေ့ရပြီး ကရင်တိုင်းရင်းသားတို့၏ ရှင်မြူးတက်ကြွဖွယ် ကရင်ဒုံးယိမ်းအကနှင့် ဖားစည်သံတို့သည် ပြည်တွင်း၌သာမက ပြည်ပကပါ နှစ်သက်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့တစ်ခု ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအပေါ် ကရင်ပြည်နယ်အပါအဝင် တခြား တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့စေရေး စီမံချက်ကို ရေးဆွဲပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံချက်တွင် နိုင်ငံတော်စီးပွားရေးအတွက် အရေးပါသည့် ဥပဒေမူဘောင် ခိုင်မာကောင်းမွန်စေရေး၊ ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်ကောင်းမွန်လာစေရေးလုပ်ငန်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းစဉ်များ၊ ပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများအပြင် နိုင်ငံတော်၏ ဦးစားပေး စီးပွားရေးကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေသည့် နည်းပညာ၊ ကုန်ထုတ်လုပ်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲစေမည့်အစီအမံများကို ထည့်သွင်းရေးဆွဲပြီး အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့ခင်ဗျာ**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ်တို့ကိုချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကတည်းကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် အေးအတူပူအမျှ စုပေါင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားများ၏ ရိုးရာအမွေအနှစ်များ၊ စာပေ၊ သဘင်၊ ဂီတအနုပညာများသည် နှစ်ပေါင်းထောင်ချီဖြစ်တည်ခဲ့ကြပါသည်။ ထိုသို့ တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသော်ငြား ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ချိန်တွင် သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ယွင်းကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ တစ်နိုင်ငံလုံးဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍအားလုံးကို ကရင်ပြည်နယ်အပါအဝင် ဒေသအသီးသီးတွင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၏ အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့ခင်ဗျာ**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးယန္တရားဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် သက်ဆိုင်ရာ ဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံမှုများ၊ Virtual တွေ့ဆုံဆွေးနွေးမှုများနှင့် တရားဝင်တွေ့ဆုံမှုများပြုလုပ်ပြီး မပြတ်ထိတွေ့ဆက်ဆံလျက်ရှိရာ မိမိတို့အစိုးရတာဝန်ယူချိန် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးခြင်းမပြုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉)ကြိမ် တွေ့ဆုံခဲ့ပြီး NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ယခုနှစ်တွင်လည်း နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)တို့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ထို့ပြင် NCA စာချုပ်ပါ အချက်အလက်များကို အမြဲလေးစားရမည့်အပြင် မေ့ပျောက်၍လည်းမရပေ။ NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များနှင့်အညီ သက်ဆိုင်သူအားလုံး သဘောတူရေးဆွဲထားသည်ဖြစ်၍ ၎င်းလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသောအမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကြောင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တိုင်းပြည်အကျိုးစီးပွားကို ရှေးရှု၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ အမြန်ဆုံး လျှောက်လှမ်းကြရမည် ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအကျိုးစီးပွားကို မလိုလားဘဲ ငြိမ်းချမ်းရေးကို ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို အထူးသတိပြုကြရန် တိုက်တွန်းလိုပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်ပြီး အားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ အေးချမ်းသာယာသည့် ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူများ၏အားဖြင့် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူလူထုနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခံယူချက်ပြည့်ဝမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ရရှိခံစားနေကြရပြီ ဖြစ်ပါသည်။ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့ခင်ဗျာ**

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်သည် အရေးပါသောနှစ်များဖြစ်သည့်အတွက် ပြီးခဲ့သည့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် စိန်ရတုပြည်ထောင်စုနေ့အဖြစ် နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ပါသည်။ လာမည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည်လည်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် ၇၅ နှစ်တာကြာခဲ့ပြီဖြစ်သည့် နိုင်ငံတော်၏အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းအသီးအပွင့်များနှင့် ပြည့်စုံစေရန် အရေးကြီးသည့်အတွက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုလည်း ခမ်းနားထည်ဝါစွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံးငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ရာ ယခုကဲ့သို့သော ထူးမြတ်သည့် ကရင်ပြည်နယ်နေ့အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

ထို့ကြောင့် အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေ၊ ပြည်နယ်သူ၊ ပြည်နယ်သားများ၏အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားအကျိုး သယ်ပိုးနိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**☆ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**☆ တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍအားလုံးကို ကရင်ပြည်နယ်အပါအဝင် ဒေသအသီးသီးတွင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ**

**☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၏ အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်း**

❒ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ ဗဟိုအကျိုးတော်ဆောင်၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်ကြီးများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

### ကပ်လှူပူဇော်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဟိန္ဒူရိုးရာ ဒီပါဝလီပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားကျောင်းအတွင်း မဟာဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်သည်။ ထို့နောက် သျှရီမဟာလက်ချ်မီး မယ်တော်ကြီး ရုပ်တုအား ဟိန္ဒူရိုးရာအစဉ်အလာနှင့်အညီ ပူဇော်ကြသည်။

ဆက်လက်ပြီး အခမ်းအနားအစီအစဉ်အရ ဟိန္ဒူရိုးရာအစဉ်အလာများနှင့်အညီ ပူဇော်ကန်တော့ခြင်းများ ဆောင်ရွက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးတို့အား ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ဟိန္ဒူရိုးရာထုံးတမ်းစဉ်လာများအရ ရိုးရာပန်းကုံးစွပ်၍ ပိုးပဝါခြုံထည်ဖြင့် ဂုဏ်ပြုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး၊ ဟိန္ဒူရိုးရာ ဒီပါဝလီပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်တို့က ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ပွဲတော်ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိန္ဒူရိုးရာ ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်ကျင်းပရာ ကာလအနေအားဖြင့် မြန်မာ့ရိုးရာ ရာသီခွင်နှင့်အညီ သီတင်းကျွတ်လကွယ်နေ့ကို သတ်မှတ်ထားသည်ကို သိရှိရပါကြောင်း၊ ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့် ပွဲတော်ဖြစ်ပြီး ဘာသာရေး၊ ဓမ္မရေးပွဲတော်ဖြစ်သကဲ့သို့ အမျိုးသားရေးပွဲတော်လည်းဖြစ်သည်ကို သိရှိရပါကြောင်း၊ ဒီပါဝလီပွဲတော်သည် **"ကဏှ"**ဟုခေါ်သည့် မကောင်းမှုအင်အားစုကို **"ကလျာဏ"** ဟုခေါ်သည့် ကောင်းမှုအင်အားစုက အနိုင်ရပြီး **"အဝိဇ္ဇာ"** တည်းဟူသော အသိဉာဏ်ကင်းမဲ့မှု အမှောင်ထုကို ပယ်ခွင်း၍ **"ဝိဇ္ဇာ"** တည်းဟူသော အသိဉာဏ်အလင်းကို ဆောင်နိုင်ခြင်း၊ **"အဓမ္မ"** ဟူသည့် မှားယွင်းသည့်သဘောတရားများကို **"ဓမ္မ"** ဟူသည့် သစ္စာတရားက အနိုင်ယူလိုက်ခြင်းတို့၏ အထိမ်းအမှတ်ဖြစ်သည်ကို သိရှိရပါကြောင်း။

### လေ့လာမှတ်သားရ

ထို့အပြင် ဒီပါဝလီဟူသည့် စကားလုံး အသုံးအနှုန်းသည် **"ဒီပ"** နှင့် **"အာဝလီ"** ဟူသော ပါဠိဘာသာစကားနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး အဓိပ္ပာယ်အားဖြင့် ဆီမီးအလင်းရောင်များ တန်းစီလျက် အဆန်းတကြယ် အသွယ်သွယ်စီခြယ်ထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်ကို လေ့လာမှတ်သားရပါကြောင်း၊ ဒီပါဝလီပွဲတော်၏ နောက်ခံသမိုင်းကြောင်းအနေဖြင့် ရာမမင်းမြတ်သည် ရာဝဏဟုခေါ်သည့် ဒသဂီရိမင်းအား နှိမ်နင်းပြီးနောက် စစ်ပွဲမှန်သမျှ မည်သည့်အခါမှ အရှုံးမရှိသည့် အယုဒ္ဓယနေပြည်တော်သို့ ပြန်လည်ဝင်ရောက်လာသည့် အချိန်အခါသမယသည် သီတင်းကျွတ်လကွယ် မှောင်မိုက်နေသော ညအချိန်အခါဖြစ်၍ ဆီမီးများ ထွန်းညှိကာ

**စာမျက်နှာ ၅ သို့ »»**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူရိုးရာ ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးတို့ ဘုရားကျောင်းအတွင်း မဟာဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်စဉ်။

- **ဒီပါဝလီပွဲတော်ကျင်းပရာ ကာလအနေအားဖြင့် မြန်မာ့ရိုးရာ ရာသီခွင်နှင့်အညီ သီတင်းကျွတ်လကွယ်နေ့ကို သတ်မှတ်ထားသည်ကို သိရှိရ**
- **ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့် ပွဲတော်ဖြစ်ပြီး ဘာသာရေး၊ ဓမ္မရေးပွဲတော်ဖြစ်သကဲ့သို့ အမျိုးသားရေးပွဲတော်လည်းဖြစ်သည်ကို သိရှိရ**
- **ဒီပါဝလီပွဲတော်သည် "ကဏှ"ဟုခေါ်သည့် မကောင်းမှုအင်အားစုကို "ကလျာဏ"ဟုခေါ်သည့် ကောင်းမှုအင်အားစုက အနိုင်ရပြီး "အဝိဇ္ဇာ"တည်းဟူသော အသိဉာဏ်ကင်းမဲ့မှုအမှောင်ထုကို ပယ်ခွင်း၍ "ဝိဇ္ဇာ" တည်းဟူသော အသိဉာဏ်အလင်းကို ဆောင်နိုင်ခြင်း၊ "အဓမ္မ"ဟူသည့် မှားယွင်းသည့် သဘောတရားများကို "ဓမ္မ" ဟူသည့် သစ္စာတရားက အနိုင်ယူလိုက်ခြင်းတို့၏ အထိမ်းအမှတ်ဖြစ်သည်ကို သိရှိရ**

»»» **စာမျက်နှာ ၄ မှ**

ရာမမင်းမြတ်ကို ဆီမီးအလင်းရောင်ဖြင့် ကြိုဆိုပူဇော်ကြရာမှ ဒီပါဝလီပွဲတော်ကို စတင်ခဲ့သည်ဟု လေ့လာသိရှိရပါကြောင်း။

သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလအတွင်း၌ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ မီးထွန်းပွဲတော်နှင့် ဟိန္ဒူဘာသာဝင်တို့၏ နက္ခတ်သဘင် ဆီမီးထွန်းညှိပူဇော်မှု အစဉ်အလာများသည် အဖြစ်အပျက် အကြောင်းခံ ရည်ရွယ်ချက် မတူညီကြသော်လည်း ဆီမီးထွန်းပွဲတော်ကျင်းပမှု တူညီနေသည်ကို တွေ့ရှိနိုင်ပါကြောင်း။

**အသိအမှတ်ပြုပြဋ္ဌာန်းထား**

မိမိတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ-၃၆၂ တွင် **“နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ကိုးကွယ်ရာဘာသာ သာသနာများ”**ဟူ၍ အသိအမှတ်ပြုပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် ပုဒ်မ-၃၆၃ တွင်လည်း **“နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ရမည်”**ဟုလည်း ထပ်မံပြဋ္ဌာန်းထားပါကြောင်း။

ထို့ကြောင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အဓိကဘာသာကြီး လေးဘာသာရှိသည့်အနက် ဘာသာအသီးသီးတို့၏ ဘာသာရေးအခမ်းအနားများ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် အကူအညီ အထောက်အပံ့များ ပေးအပ်လျက်ရှိသကဲ့သို့ဆိုင်ရာဆိုင်ရာ အခမ်းအနားများကိုလည်း နိုင်ငံတော်အကြီးအကဲများနှင့် ပြည်ထောင်စုဝန်ကြီးများက တက်ရောက်၍ အားပေးချီးမြှင့်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ယုံကြည်ကိုးကွယ်မှု ဘာသာတရားနှင့်ပတ်သက်ပြီး လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်ကြပါကြောင်း၊ ဟိန္ဒူဘာသာသာသနာအပါအဝင် အခြားဘာသာကြီးများကို နိုင်ငံတော်က အသိအမှတ်ပြုပြီး တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးလျက်ရှိသည့်အတွက် ဘာသာဝင်တိုင်းသည် မိမိတို့ ကိုးကွယ်ရာဘာသာတရားအလျောက် ကျင်းပကြသည့် ဘာသာရေးပွဲတော်များကို အနှစ်သာရရှိရှိ ကျင်းပပြုလုပ်နိုင်ခြင်းသည် ကောင်းမြတ်သည့် အစဉ်အလာဖြစ်ပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ ဟိန္ဒူရိုးရာ ဒီပါဝလီပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

မြန်မာနိုင်ငံတွင် ဘာသာကြီးလေးခုမှ စိတ်သဘောထားတူညီသူများ စုစည်းကြပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် အမြဲတမ်းအဖြစ် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအတွက် အခြေခံမူလေးချက်ဖြစ်သည့် ဘာသာပေါင်းစုံမှ ဘာသာဝင်အချင်းချင်း အပြန်အလှန်လေးစားပြီး အတူတကွ အေးချမ်းစွာ နေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေး ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများကိုကူညီစောင့်ရှောက်ကြရန်၊ ဘာသာရေးနှင့် ဆက်နွှယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန် စသည့် ကောင်းမြတ်သည့် အခြေခံမူများ ချမှတ်ပြီး ဆောင်ရွက်နေကြသည်ဟု သိရှိရပါကြောင်း၊ ဟိန္ဒူဘာသာဝင်များအနေဖြင့် အဆိုပါ ကောင်းမြတ်သည့် အခြေခံမူများနှင့်အညီ ဘာသာကြီးလေးခု၏ ချစ်ကြည်ညီညွတ်မှုကို ဝိုင်းဝန်းကူညီပြီး ဆက်လက်အကောင်အထည်ဖော်ကြစေလိုကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း၊ လူမျိုးအချင်းချင်း၊ မတူကွဲပြားသည့် ဘာသာဝင်များအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပြီး မိမိတို့ ကိုးကွယ်ဆည်းကပ်ရာ ဘာသာတရားအဆုံးအမများကို ခံယူကြလျက် အစွန်းနှစ်ဖက်ကို ရှောင်ရှားပြီး မိမိတို့ အမိနိုင်ငံတော်ကြီး၏ အကျိုးစီးပွားကို ထမ်းဆောင်နိုင်ကြပါစေကြောင်း။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်ကာလ ဆီမီးထွန်းညှိပူဇော်ခြင်းကို အခြေခံပြီး လူသားအချင်းချင်း အပြန်အလှန် ချစ်ခင်ရင်းနှီးခြင်း မေတ္တာတရား၊ အပြန်အလှန် သည်းခံခွင့်လွှတ်ခြင်း အဟိံသတရား၊ သနားကြင်နာခြင်း ကရုဏာတရား စသည့် ဓမ္မအလင်းတန်းများ ဖြန့်ကြက်ဝေဖြာနိုင်ပါစေကြောင်း၊ ဘာသာဝင်အသီးသီး၊ ဘာသာဝင်အချင်းချင်း တစ်ဦးနှင့်တစ်ဦး မေတ္တာအလင်းရောင် လင်းလက်ကူးယှက်ကြပြီး မိမိတို့ မှီတင်းနေထိုင်ရာ မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားကို ရှေးရှုကြလျက် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်ပါဝင်၍ စည်းလုံးညီညာစွာ ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းတို့ကို သစ္စာရှိရှိ တာဝန်သိသိဖြင့် တိုးမြှင့်ထမ်းဆောင်နိုင်ကြပါစေကြောင်းဖြင့် ဆန္ဒပြုဆုမွန်ကောင်းစကားပြောကြားသည်။

**အမှတ်တရစကားပြောကြား**

ဆက်လက်ပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့က အမှတ်တရစကား ပြောကြားရာတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ယခုကဲ့သို့ ဟိန္ဒူရိုးရာ ဒီပါဝလီပွဲတော်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အပါအဝင် နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များကိုယ်တိုင် လာရောက်ချီးမြှင့်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ပွဲတော်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ဘာသာတရား၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုများ အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ ထို့ပြင် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအချင်းချင်း ကောင်းမွန်သည့် ဆက်ဆံရေးများရှိကြကာ ပိုမိုတိုးမြှင့်ခိုင်မာစေရေး ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ဒီပါဝလီပွဲတော်သည် ဟိန္ဒူလူမျိုးများအတွက် အရေးကြီးသည့် ပွဲတော်တစ်ခုဖြစ်ပြီး ယခုကဲ့သို့ တက်ရောက်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိ ဘာသာဝင်များအားလုံး ငြိမ်းငြိမ်းချမ်းချမ်းရှိကြရန် မေတ္တာပို့သပါကြောင်း၊ ပွဲတော်အထိမ်းအမှတ် ဂုဏ်ပြုသည့်စကားအနေဖြင့် **“ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ”**ဟု ပြောကြားလိုကြောင်းနှင့် ကြွရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်းဖြင့်လည်းကောင်း မြန်မာဘာသာစကားဖြင့် ပြောကြားသည်။ ထို့နောက် ပွဲတော်ကျင်းပရေးကော်မတီမှ သနန္တနဓမ္မပါလအဖွဲ့ချုပ် သာသနာပြုဆရာတော် ဒေါက်တာလှထွန်းက ဟိန္ဒူဘာသာရေးဆိုင်ရာများအား ရှင်းလင်းပြောကြားပြီး ဘာသာပေါင်းစုံအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြကာ အားလုံးကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းစကား ပြောကြားသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများအား ဟိန္ဒူရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

**✪ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်ကာလ ဆီမီးထွန်းညှိပူဇော်ခြင်းကို အခြေခံပြီး လူသားအချင်းချင်း အပြန်အလှန် ချစ်ခင်ရင်းနှီးခြင်း မေတ္တာတရား၊ အပြန်အလှန် သည်းခံခွင့်လွှတ်ခြင်း အဟိံသတရား၊ သနားကြင်နာခြင်း ကရုဏာတရား စသည့် ဓမ္မအလင်းတန်းများ ဖြန့်ကြက်ဝေဖြာနိုင်ပါစေ၊ ဘာသာဝင်အသီးသီး၊ ဘာသာဝင်အချင်းချင်း တစ်ဦးနှင့်တစ်ဦး မေတ္တာအလင်းရောင် လင်းလက်ကူးယှက်ကြပြီး မိမိတို့ မှီတင်းနေထိုင်ရာ မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားကို ရှေးရှုကြလျက် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပါဝင်၍ စည်းလုံးညီညာစွာ ကြီးပွားရာ ကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းတို့ကို သစ္စာရှိရှိ တာဝန်သိသိဖြင့် တိုးမြှင့်ထမ်းဆောင်နိုင်ကြပါစေကြောင်းဖြင့် ဆန္ဒပြု**

# မိုးလကုန်စဲ ကထိန်ပွဲ

**•••••••••• မောင်ခိုင်မာ (အထက်မင်းလှ) ••••••••••**

“မိုးလကုန်စဲ ကထိန်ပွဲ” ဟူသော ဆိုရိုးစကားနှင့်အညီ ကထိန်ပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိသာ ခင်းကျင်းကြရပါသည်။ ရာသီမရွေး၊ အချိန်အခါမရွေး ခင်းလိုတိုင်း ကထိန်ခင်း၍မရပါ။



**သင်္ကန်း**

သင်္ကန်းဆိုသည်မှာ ရဟန်းတို့ ဝတ်ရုံသုံးဆောင်ခြင်းငှာအပ်သော အဝတ်အထည်ဖြစ်ပါသည်။ သင်္ကန်းကို ဇာတိ (အမျိုးအစား) သင်္ကန်းခြောက်မျိုး (ခေါမချည်ဖြင့် ရက်သောသင်္ကန်း၊ ဝါချည်ဖြင့် ရက်သောသင်္ကန်း၊ ပိုးချည်ဖြင့် ရက်သောသင်္ကန်း၊ လူမွေး၊ သားရဲမွေးတို့မှတစ်ပါး ကြွင်းသောသားမွေးတို့ဖြင့် ရက်သောသက္ကလတ်သင်္ကန်း၊ ပိုက်ဆန်လျှော်ဖြင့် ရက်သောသင်္ကန်း၊ ခေါမစသော ချည်ငါးမျိုးဖြင့်ရော၍ ရက်သောသင်္ကန်း)နှင့် အနုလောမ (အပ်) သင်္ကန်းခြောက်မျိုး (ဒုကူလဟု ဆိုအပ်သော တစ်စုံတစ်ခုသော လျှော်အထူးဖြင့်ရက်သော ဘွဲ့ဖြူ သင်္ကန်း၊ ပဏ္ဏုဏ္ဏတိုင်းဖြစ် ပိုးချည်သင်္ကန်း၊ သောမရတိုင်းဖြစ် ပိုးချည်သင်္ကန်း၊ စိန့်တိုင်းဖြစ် ပိုးချည်သင်္ကန်း၊ တန်ခိုးဖြင့်ဖြစ်သောသင်္ကန်း၊ နတ်လှူသောသင်္ကန်း)ဟူ၍ ခွဲခြားထားပါသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုအရ သင်္ကန်းကို အချိန်ကာလအလျောက် လှူဒါန်းမှုအပေါ်မူတည်၍ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းနှင့် မသိုးသင်္ကန်းဟူ၍ ရှိကြပါသည်။

**ကထိန်သင်္ကန်း**

ကထိန်သင်္ကန်းအား ဥတ်သင်္ကန်း၊ ကထိန်သင်္ကန်း၊ မိုးပေါ်ကျသင်္ကန်း၊ မသိုးသင်္ကန်းဟု အမျိုးမျိုးခေါ်ဝေါ်ကြသည်။ ကထိန်ဥတ်သင်္ကန်းဟူသည်မှာ ကထိန်ခင်းထိုက်သော ရဟန်းအား ကထိန်ခင်းမည့်သင်္ကန်းကို ဉတ္တိဒုတိယကမ္မဝါစာဖတ်ပြီး ပေးအပ်ရသည်ကိုစွဲ၍ ကထိန်ဥတ်သင်္ကန်းကြီးဟု ခေါ်ပါသည်။ ကထိန်ခင်းမည့်သင်္ကန်းမှာ “ကထိန်ခင်းရန်၊ ထုတ်မိန့်ပြန်၊ သုံးတန်သင်္ကန်းမျိုး”ဟူသည့်အတိုင်း ဘုရားရှင် ခွင့်ပြုတော်မူသည့် ဒုကုဋ်ဟုခေါ်သော နှစ်ထပ်သင်္ကန်း၊ သင်းပိုင်ဟုခေါ်သော ခါးဝတ်သင်္ကန်းနှင့် ကေသီဟုခေါ်သော ကိုယ်ရုံသင်္ကန်းတို့ ဖြစ်ပါသည်။

**ကထိန်သင်္ကန်းလှူဒါန်းသည့်အစဉ်အလာ**

“ကထိန်သင်္ကန်းလှူဒါန်းမှု မူလအစ ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်က”ဟူသော အဆိုရှိပါသည်။ အခါတစ်ပါးဝယ် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သင်္ကန်းလျှာနှမ်းနယ်ပါးရှား ပါဝေယျကရဋ္ဌတိုင်းသား ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့အားအကြောင်းပြု၍ ကထိန်အလှူဖြစ်ပေါ်လာသည်။ တစ်ခါသော် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည် မိဂဒါဝုန်တောတွင် ဇနီးမယားတို့ဖြင့် ပျော်ပါးနေ၏။ တစ်ပါးသော မင်းသားမှာ ဇနီးမယားမရှိသဖြင့် ပြည့်တန်ဆာမတစ်ဦးဖြင့် ပျော်ပါး၏။ ထိုပြည့်တန်ဆာမက မင်းသားတို့ ပျော်ပါးမေ့လျော့ခိုက် ရွှေငွေလက်ဝတ်ရတနာတို့ကို ခိုးယူထွက်ပြေးရာ မင်းသားတို့က တောနင်းရှာဖွေလေသည်။ ထိုကာလက မြတ်စွာဘုရားရှင်သည် မိဂဒါဝုန်တောတွင် သီတင်းသုံးနေသည့်ကာလဖြစ်လေရာ ပြည့်တန်ဆာမကို လိုက်လံရှာဖွေနေသော မင်းသားတို့နှင့် ဆုံလေတော့၏။ မင်းသားတို့က သစ်တစ်ပင်အောက်တွင် သီတင်းသုံးနေသော ဘုရားရှင်အား အမျိုးသမီးတစ်ယောက်ကို တွေ့မိလိုက်ပါလေသလောဟု မေးမြန်းစုံစမ်းလေသည်။ ထိုအခါ ဘုရားရှင်က လိုက်လံရှာဖွေရသည့် အကြောင်းရင်းကို မေးမြန်းတော်မူပြီး “ပျောက်သွားသော မိန်းမကိုရှာခြင်း”နှင့် “မိမိကိုယ်ကိုရှာခြင်း” ဟူသည့် ရှာဖွေခြင်းနှစ်မျိုးတွင် မည်သည့်ရှာဖွေခြင်းက မြတ်ပါသနည်းဟု မေးခွန်းဆင့်ပြန်လေရာ ပါရမီရင့်သန်သော မင်းသားများဖြစ်လေရကား ဘုရားရှင်၏မေးခွန်းကို “မိမိကိုယ်ကိုရှာခြင်းက သာလျှင် မြတ်ပါကြောင်း” လျှောက်ထားလေ၏။ ထိုအခါဘုရားရှင်က တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ တရားဆုံးတော်မူသောအခါ မင်းသားတို့လည်း ပါရမီအလျောက် အချို့က သောတာပတ္တိမဂ်ဖိုလ်၊ အချို့က သကဒါဂါမ် မဂ်ဖိုလ်တို့ကို အသီးသီးရရှိသွားကြလေသည်။

တစ်ဆက်တည်းမှာပင် မြတ်ဘုရားထံတွင် ရဟန်းအဖြစ် ခွင့်တောင်းတော်မူရာ ဘုရားရှင်က ပရိက္ခရာရှစ်ဖြာ ပြည့်စုံစွာဖြင့် ရဟန်းဘဝကို ခွင့်ပြုလေသည်။ ထိုရဟန်းတို့က ကောသလတိုင်း အနောက်ဘက်အရပ်တွင် တည်ရှိသော ဝါဝေယျကတိုင်းတွင် သီတင်းသုံးလေသည်။ အခါတစ်ပါးဝယ် အဆိုပါရဟန်းတော်သုံးကျိပ်တို့သည် ဝါကျွတ်ချိန်ကာလတွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေသော ဘုရားရှင်အား ဖူးမြော်ရန် ရောက်လာကြ၏။ လမ်းခရီးတွင် မိုးမိကာ မိုးရေစိုစွတ်ကြလေသည်။ အဆိုပါ ရေစိုသင်္ကန်းကိုပင် ဝတ်ရုံလျက် ခရီးဆက်ကြရသည်ဖြစ်၍ ဘုရားရှင်ရှေ့မှောက်အရောက်ဝယ် ဘုရားရှင်ခွင့်ပြုထားသော သင်္ကန်းသုံးထည်စလုံး စိုစွတ်ညစ်ထေးနေလေတော့၏။ ထိုအခြင်းအရာကို ဘုရားရှင်မြင်လေလျှင် ထိုရဟန်းတို့၏ ပင်ပန်းဆင်းရဲမှုကို အကြောင်းပြုပြီး ပုရိမဝါကပ်ခြင်းနှင့် ပြည့်စုံသော ရဟန်းတော်တို့အား ကထိန်သင်္ကန်းကပ်လှူခြင်းကို ခွင့်ပြုသည်မှစတင်ကာ ကထိန်ပွဲပြုလုပ်သည်ကို ကထိန်ခင်းသည်ဟု ဆိုကြခြင်းဖြစ်လေသည်။

**ကထိန်ခင်းရန်ကိစ္စ ရှစ်ပါး**

ကထိန်ခင်းရန်ကိစ္စရှစ်ပါးနှင့် ပြည့်စုံရပါသည်။ ၎င်းကို (ခံ၊ ရွေး၊ ပေးနှင်း၊ စွန့်၊ ထိုးခြင်း၊ တင်၊ ခင်း၊ နုမောဒ=ကထိန်နှင့်စပ် ဤ(၈)ရပ် စွဲမှတ်မြဲသေချာ) ဟူ၍ လင်္ကာဖွဲ့ဆိုထားပါသည်။ ၎င်းတို့မှာ (၁) ခံ = ကထိန်သင်္ကန်းကို အလှူခံခြင်း၊ (၂) ရွေး = ကထိန်ခံထိုက်သော ပုဂ္ဂိုလ်ကို သံဃာတော်တို့က စိစစ်ရွေးချယ်ပေးခြင်း၊ (၃) ပေးနှင်း = ထိုရွေးချယ်ခံရသူအား သိမ်တွင်း၌ ကမ္မဝါဖတ်၍ ကထိန်သင်္ကန်းကိုပေးခြင်း၊ (၄) စွန့် = တိစီဝရိတ်အဓိဋ္ဌာန်တင်သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရ်ပြု အဓိဋ္ဌာန်ဖြင့် စွန့်ခြင်း၊ (၅) ထိုးခြင်း = ကထိန်ခင်းမည့်သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုထိုးခြင်း၊ (၆) တင် = သင်္ကန်းအမည်ဖြင့် အဓိဋ္ဌာန်တင်ခြင်း၊ (၇) ခင်း = နှုတ်မြွက်၍ ကထိန်ခင်းခြင်းနှင့် (၈) နုမောဒ=သာဓုအနုမောဒနာပြုခြင်းတို့ ဖြစ်ပါသည်။

**ကထိန်ခင်းမည့်ရဟန်း၏ အင်္ဂါရှစ်ပါး**

ကထိန်ခင်းမည့် ရဟန်း၌ (၁) ရှေးဦးစွာပြုလုပ်ရမည့်ကိစ္စတို့ကို သတိပြုရခြင်း၊ (၂) အဓိဋ္ဌာန်ဖြင့် သင်္ကန်းဟောင်းကို စွန့်တတ်ရခြင်း၊ (၃) အဓိဋ္ဌာန်တင်တတ်ခြင်း၊ (၄) ခင်းပုံခင်းနည်းကို သိထားရခြင်း၊ (၅) မာတိကာကို သတိထားရခြင်း၊ (၆) ကြောင့်ကြမှုကို သိထားရခြင်း၊ (၇) ကထိန်နုတ်ပုံကို သတိထားရခြင်း၊ (၈) အာနိသင်တို့ကို သိထားရခြင်းဟူသည့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံမှသာ ကထိန်ခင်းထိုက်သည်ဟု ဆိုပါသည်။

**ကထိန်အာနိသင်ငါးပါး**

ကထိန်ခင်းသော ရဟန်း၊ ကထိန်အနုမောဒနာပြုသောရဟန်းတို့သည် ကထိန်ခင်းသောနေ့မှ တပေါင်းလပြည့်နေ့အထိ ရနိုင်သော အာနိသင်များမှာ (၁) ထင်ရှားရှိသော ရဟန်းတို့အား မပန်ကြားဘဲ မြို့တွင်းရွာတွင်း ဆွမ်းဖိတ်ကြားရာအိမ်သို့သွားနိုင်ခြင်း၊ (၂) တိစီဝရိတ်အဓိဋ္ဌာန်တင်သော သင်္ကန်းကို မယူဆောင်ဘဲ သွားလာနိုင်ခြင်း၊ (၃) ရသမျှသောသင်္ကန်း၊ အလိုရှိတိုင်း သင်္ကန်းကို အဓိဋ္ဌာန်၊ ဝိကပ္ပနာမပြုဘဲ အလိုရှိသလောက်ထားရှိသုံးဆောင်နိုင်ခြင်း၊ (၄) ထမင်းစားကြွပါ စသည်ဖြင့် မအပ်စပ်သော အသုံးအနှုန်းဖြင့် ပင့်ဖိတ်သည်ကို လက်ခံနိုင်ခြင်း၊ တောင်းခံခြင်းဖြင့်ရရှိသည့် ဂဏဘောဇဉ်ကို ခံယူသုံးဆောင်နိုင်ခြင်း၊ (၅) ကထိန်ခင်းသော ကျောင်းတိုက်အတွင်း ကထိန်ခင်းပြီးနောက် တပေါင်းလပြည့်နေ့အတွင်း သံဃာအား လှူသော သင်္ကန်းလျာတို့ကို ထိုကျောင်းတိုက်ရှိ ကထိန်ခင်းအနုမောဒနာပြုသော ရဟန်းတို့သာ ရရှိသုံးဆောင်နိုင်ခြင်းတို့ ဖြစ်ပါသည်။

**“ကထိန်သင်္ကန်း လှူဒါန်းကြသော ဒါယကာ၊ ဒါယိကာမတို့သည်လည်း ကထိန်ခင်းသော သံဃာတော်အလား အကျိုးတရားငါးပါးရရှိပါသည်။ ၎င်းတို့မှာ (၁) သွားလေရာအရပ်၌ အနှောင့်အယှက်မရှိ ဘေးကင်းစွာ သွားလာရခြင်း၊ (၂) မိမိပိုင်ပစ္စည်းကို ရန်သူတို့က မဖျက်ဆီးနိုင်ခြင်း၊ (၃) စားသောက်ဖွယ်ရာ အထူးပေါများ၍ အစာအတွက် ဘေးမဖြစ်ခြင်း၊ (၄) မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်းနှင့် (၅) ပစ္စည်းရှာရာတွင် သူတကာထက်ထူးခြား၍ ထီးပေါက်သကဲ့သို့ အစုလိုက် အပုံလိုက်ရခြင်း၊ (၆) ဥမ္မာဒန္တီမင်းသမီးကဲ့သို့ ချောမောလှပခြင်းတို့ဖြစ်”**

စာမျက်နှာ ၇ သို့ ☆

## ကျန်းမာရေးဝန်ကြီးဌာန၏ နယ်လှည့်ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင် ရဟန်းသံဃာသာမဏေများ၏ ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းများအဖြစ် တစ်ကိုယ်ရေ သန့်ရှင်းကျန်းမာရေးနှင့် သွားနှင့် ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ နယ်လှည့်ကွင်းဆင်းဆေးကုသရေးလုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ကြီးစုအောင်သုခရပ်ရှိ စိန်ရာဇာသာသနာလင်္ကာရစာသင်တိုက်ရှိ ရဟန်းသံဃာတော်များ၏ အထွေထွေကျန်းမာရေးကို စစ်ဆေးပေးခြင်း၊ စာသင်ကိုရင်ငယ်များ၏ တစ်ကိုယ်ရေသန့်ရှင်းကျန်းမာရေးနှင့် အချို့ကိုရင်ငယ်များ၏ ဒက်ရောဂါများကို စစ်ဆေးကုသပေးခဲ့သည်။



ထို့အပြင် ရဟန်းသာမဏေများနှင့် ကျေးရွာပြည်သူစုစုပေါင်း ၁၂၃ ဦးကို သွားနှင့် ခံတွင်းကျန်းမာရေး အသိပညာပေးခြင်း၊ စနစ်မှန်သွားတိုက်နည်းစနစ်ကို လက်တွေ့သရုပ်ပြသပြီး အတူတကွသွားတိုက်ခြင်း၊ သွားနှင့်ခံတွင်းရောဂါများကို စစ်ဆေးခြင်းနှင့် လိုအပ်သောကုသမှုများကို ဆောင်ရွက်ပေးသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ နယ်လှည့်ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်ကြီးများ၊ သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားကျန်းမာရေး သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းငယ်များနှင့် လုပ်အားပေးများ စုစုပေါင်း ၄၀ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် နေ့အရုပ်လှမီးပုံးပျံပြိုင်ပွဲတွင် မီးပုံးပျံ ၁၁ လုံး ဝင်ရောက်ယှဉ်ပြိုင်

**ပြင်ဦးလွင် နိုဝင်ဘာ ၆**

(၁၆) ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင် ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့တွင် ပွဲကျင်းပရာ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး(ပြည်ချစ်ဘုရား ) အနီးရှိ မီးပုံးပျံကွင်းအတွင်း၌ နေ့အရုပ်လှ မီးပုံးပျံ ၁၁ လုံး ဝင်ရောက်ယှဉ်ပြိုင် လွှတ်တင်ခဲ့သည်။

**ထွန်းညှိပူဇော်**

ထို့အပြင် ယခုနှစ် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်အတွင်း ကျောက်ဆည်မြို့၏ ဆင်အကအဖွဲ့များ၊ မန္တလေးမြို့ ကျက်သရေဆောင် မြို့မတူရိယာအဖွဲ့များဖြင့် ဧည့်ခံဖျော်ဖြေခြင်း အစီအစဉ်များလည်း ထည့်သွင်းထားပြီး နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှစတင်ကာ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ရိုးရာခြင်းအလှခတ် ပြိုင်ပွဲများကိုပါ ထည့်သွင်း ကျင်းပသွားမည်ဖြစ်သည့်အပြင် မသိုးသင်္ကန်းရက်ကန်းခတ် ပူဇော်ကာ တန်ဆောင်မုန်းလပြည့်နေ့တွင် မဟာအံ့ထူးကံသာ မြတ်စွာဘုရားကြီးအား ကပ်လှူပူဇော်သွားမည်ဖြစ်ပြီး ညပိုင်း၌လည်း ဆီမီး ၉၀၀၀ ထွန်းညှိ ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။




ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ကို ၂၀၀၅ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိသော်လည်း ယခုနှစ်တွင် (၁၆) ကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လတန်ဆောင်

❖ ရာသီဖြိုးစွာ၊ ကြတ္တိကာကြယ်
စန္ဒာနှင့်ပြိုင်၊ ရွှန်းတင့်မြိုင်ပြီ
ကြိုင်လှိုင်ခဝဲ၊ ဆင်နွဲကထိန်
ဂုဏ်သိန်ဖြိုးဝေ လတန်ဆောင်။

❖ လတန်ဆောင်ဝယ်
လျှပ်ရောင်ပြိုးပြက်၊ မိုးနှုတ်ဆက်သို့
ဆောင်းဘက်ရွယ်ရည်၊ ထိုရာသီလည်း
နေခြည်နုနု၊ နှင်းငွေ့စုမျှ
ဖြူဥပုလဲ၊ မြေမှာကြဲသို့
ဆောင်းပွဲမရောက်၊ မိုးမပျောက်သေး
ဖြိုးဖြောက်ဆိုတေး ညှင်းပျံ့သွေး။

❖ စပါးကောက်နှံ၊ ပေါပြည့်လျှံရေး
မြေခံဘူမိ၊ ရေဓာတ်ဖြည့်သို့
ကျန်သည့်မိုးကြွင်း၊ လယ်မြေတွင်းဝယ်
လှောင်သွင်းရေမျှ၊ ကောက်နှံလှပေါ့
ပြည့်ဝရိက္ခာ၊ ပြည့်ဝမ်းစာလည်း
မှန်စွာဖူလုံ တောင်လိုပုံ။

❖ ဩော်... ကောင်းကျိုးလည်းဆောင်
ထိန်ပြောင်ညီးညီး၊ ဆီမီးမွှေးတိုင်
ပန်းခိုင်ပျံ့မိုး၊ ပြည်တစ်ရိုးဝယ်
ရွှေဒိုးသံလွှမ်း၊ အလှူတန်းနှင့်
ငြိမ်းချမ်းမှုဆောင် လတန်ဆောင်။ ။

**မောင်လေပြေ(တောင်တွင်း)**

☆ စာမျက်နှာ ၆ မှ

### ကထိန်မြောက်သောသင်္ကန်းခုနစ်မျိုး

ကထိန်မြောက်သောသင်္ကန်း ခုနစ်မျိုးရှိပါသည်။ ၎င်းတို့မှာ (၁) ကထိန်သင်္ကန်းအသစ်၊ (၂) ဘယ်သင်္ကန်း၊ ဘယ်အမျိုးအစားသင်္ကန်းစသည်ဖြင့် နိမိတ်မပြဘဲ အလိုလိုဖြစ်ပေါ်လာသောသင်္ကန်း၊ (၃) ဤသင်္ကန်းဖြင့် ကထိန်ခင်းမည်ဟု ပရိယာယ်မဆိုဘဲ အလိုလိုဖြစ်ပေါ်လာသောသင်္ကန်း၊ (၄) မငှားသောသင်္ကန်း၊ (၅) ကထိန်ခင်းမည့်နေ့မရောက်မီ ကျောင်း၌မသိုမှီး၊ မထိန်းသိမ်းထားသောသင်္ကန်း၊ (၆)ကထိန်ခင်းမည့်နေ့မရောက်မီ ကျောင်းသို့ ကြိုတင်ပေးပို့ထားခြင်းမရှိဘဲ ကထိန်ခင်းမည့်နေ့ရောက်မှ ကျောင်းသို့ပို့သောသင်္ကန်း (အနိဿဂ္ဂိယေနအတ္တတံပဟောတိကထိနံ)၊ (၇) ကထိန်ခင်းသည့်နေ့တွင် အိမ်ကြီးအိမ်ငယ်နှင့်တကွ ငါးခန်းသို့မဟုတ် ငါးခန်းထက်ပိုအောင် ဖြတ်ချုပ်ထားသော သင်္ကန်းတို့ဖြစ်ပါသည်။

### ကထိန်မမြောက်သောသင်္ကန်းခုနစ်မျိုး

အောက်ပါသင်္ကန်းတို့ဖြင့် ကထိန်ခင်းပါက ကထိန်ခင်းသည်မမည်ဟု သိရပါသည်။ (၁) နှစ်လွှာစပ်ကာမျှဖြင့် နှစ်လွှာစပ်ထားသောသင်္ကန်း၊ (၂) ဤသင်္ကန်းဖြင့် ကထိန်ခင်းမည်ဟု နိမိတ်ပြထားသောသင်္ကန်း၊ (၃) ဤသင်္ကန်းဖြင့် ကထိန်ခင်းမည်ဟု ပရိယာယ်ဆို၍ရသောသင်္ကန်း၊ (၄) ခေတ္တငှားသောသင်္ကန်း၊ (၅) ကထိန်ခင်းမည့်နေ့ မရောက်မီကျောင်း၌ သိုမှီးထားသောသင်္ကန်း၊ (၆) ကထိန်ခင်းမည့်နေ့မရောက်မီ ကျောင်းသို့ ကြိုတင်ပေးပို့ထားသောသင်္ကန်းနှင့် (၇) ကထိန်ခင်းသည့်နေ့တွင် အိမ်ကြီးအိမ်ငယ်နှင့်တကွ ငါးခန်း သို့မဟုတ် ငါးခန်းထက်ပိုအောင်ဖြတ်ချုပ်ထားခြင်းမရှိသော သင်္ကန်းတို့ ဖြစ်ပါသည်။

### ကထိန်ခင်းရာဝယ်

ကထိန်ခင်းရာတွင် (၁) သံဃာပြည့်ပြည့်စုံစုံရှိရခြင်း၊ (၂) လက်ရှိသင်္ကန်း အဟောင်းကို အဓိဋ္ဌာန်ချ၍ ကထိန်သင်္ကန်းအသစ်ကို အဓိဋ္ဌာန်တင်ရခြင်းနှင့် (၃) ကထိန်ခင်းခြင်းကို ကျောင်းတွင်းရှိ သိမ်၌သာပြုလုပ်ရခြင်းဟူ၍ အရေးကြီးသောအပိုင်း သုံးပိုင်းရှိပါသည်။ သံဃာပြည့်စုံမှုသည် အရေးကြီးကြောင်း၊ ကထိန်ခံသံဃာအပြင် အနည်းဆုံးလေးပါးရှိရကြောင်း၊ သံဃာသည် မိမိရလာသော ကထိန်လျာသင်္ကန်းကို ညဥ့်သိပ်၍ သိုမှီးသိမ်းဆည်းခြင်းမပြုရဘဲ ရသည်နေ့ သံဃာအစည်းအဝေးတွင် အဆင်းရဲဆုံးရဟန်း(သို့မဟုတ်) သိက္ခာဝါအကြီးဆုံးမထေရ်အား ပေးအပ်ရကြောင်းနှင့် ကထိန်သင်္ကန်းကို ခံယူသောရဟန်းတို့သည် ပုရိမဝါကပ်၍ ဝါမကျိုးမပြတ်သူဖြစ်ရမည့်အပြင် ကထိန်သင်္ကန်းနှင့်စပ်သော အကြောင်းအရာရှစ်ချက်ကို နားလည်ရမည်။ ကထိန်သင်္ကန်း ပေးအပ်သည့်အခါ သတ်မှတ်ထားသော သိမ်အတွင်း၌ ဉတ်တစ်ကြိမ်၊ ကမ္မဝါတစ်ကြိမ် ရွတ်ဖတ်ပေးအပ်ရမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

### ကထိန်ဒါယကာ၊ ကထိန်ဒါယိကာမတို့ ရရှိမည့် အကျိုးတရားများ

ကထိန်သင်္ကန်း လှူဒါန်းကြသော ဒါယကာ၊ ဒါယိကာမတို့သည်လည်း ကထိန်ခင်းသော သံဃာတော်အလား အကျိုးတရားငါးပါး ရရှိပါသည်။ ၎င်းတို့မှာ (၁) သွားလေရာအရပ်၌ အနှောင့်အယှက်မရှိ ဘေးကင်းစွာသွားလာရခြင်း၊ (၂) မိမိပိုင်ပစ္စည်းကို ရန်သူတို့က မဖျက်ဆီးနိုင်ခြင်း၊ (၃) စားသောက်ဖွယ်ရာအထူးပေါများ၍ အစာအတွက် ဘေးမဖြစ်ခြင်း၊ (၄) မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်းနှင့် (၅) ပစ္စည်းရှာရာတွင် သူတကာထက် ထူးခြား၍ ထီပေါက် သကဲ့သို့ အစုလိုက် အပုံလိုက်ရခြင်း၊ (၆) ဥမ္မာဒန္တီ မင်းသမီးကဲ့သို့ ချောမောလှပခြင်းတို့ဖြစ်ပါသည်။ ထို့အပြင် "သင်္ကန်းလှူရကျိုးရှစ်ဝ" ဟူသည့်အတိုင်း သင်္ကန်းဆက်ကပ်သူတို့ရနိုင်သော အဆင်းလှခြင်း၊ မြူအညစ်အကြေးကင်းခြင်း၊ အရောင်အဝါရှိခြင်း၊ တန်ခိုးအာနုဘော်ရှိခြင်း၊ သိမ်မွေ့သောကိုယ်ရှိခြင်း၊ ဖြူသော အဝတ်ပုဆိုးရှိခြင်း၊ ရွှေသော အဝတ်ပုဆိုးရှိခြင်း၊ နီသော အဝတ်ပုဆိုးရှိခြင်း စသည့် အကျိုးရှစ်မျိုးနှင့် ကထိန်ခင်းရန် ပဒေသာပင်သီးကြရာ၌ သင်္ကန်းပရိက္ခရာနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆေး စသည်တို့ကို တစ်ပြိုင်နက်ကပ်လှူခြင်းအတွက် ရရှိနိုင်သည့် အကျိုးကျေးဇူးတို့ကိုလည်း ရရှိခံစားကြရမည်ဖြစ်ပါသည်။

### ကုသိုလ်အထူးထူးကို ရရှိခံစားနိုင်ကြပါစေ

အနှစ်ချုပ်အားဖြင့် ဆိုရပါလျှင် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တို့သည် ရတနာသုံးပါးအပါအဝင် သူတော်စင်ရဟန်းသံဃာတော်များအား "ကထိနစီဝရ" ဟုဆိုအပ်သော ကထိန်လျာမြတ်သင်္ကန်းကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းဆက်ကပ်ကြပြီး ကုသိုလ်အထူးထူးကို ရရှိခံစားနိုင်ကြပါစေကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

**ကိုးကား - မြန်မာ့စွယ်စုံကျမ်းအတွဲ(၂) နှင့် အတွဲ(၁၅) နေ့စဉ်ထုတ်စာနယ်ဇင်းများ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်၊ တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပွဲအခမ်းအနား တက်ရောက်အားပေး



**ဘားအံ နိုဝင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးတို့သည် ယနေ့ နံနက် ၇ နာရီခွဲတွင် ဘားအံမြို့နယ် တရုတ်လှကျေးရွာ လှျပ်စစ်မြစ်ရေတင်လုပ်ငန်း၌ ကျင်းပသည့် သံလွင်မြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ငါးမျိုးများစိုက် ထည့်ပေးကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ပြည်နယ်အတွင်းရှိ ဘားအံငါးလုပ်ငန်းစခန်းနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းများမှ နှစ်လက်မအရွယ်ငါးသားပေါက်ကောင်ရေ ၁၂ သိန်းကို ထုတ်လုပ်ပြီး သဘာဝမြစ်ချောင်းများနှင့် ဆည်/ရေလှောင်တမံများအတွင်းသို့ ငါးမျိုးစိုက်ထည့်သွားရန် လျာထားဆောင်ရွက်ခဲ့ရာ ငါးလွှတ်ပွဲ(၇)ကြိမ်ဆောင်ရွက်ခဲ့ပြီး နှစ်လက်မအရွယ်ငါးသားပေါက်ကောင်ရေ ဆယ်သိန်းငါးသောင်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ငါးလွှတ်ပွဲတွင် ငါးသားပေါက်ကောင်ရေတစ်သိန်းငါးသောင်းကျော်ကို ငါးမျိုးစိုက်ထည့်ပေးသွားမည်ဖြစ်သည့်အတွက် ယခုနှစ်လုပ်ငန်းရာသီနှစ်အတွက် စီမံကိန်းလျာထားချက်အပေါ် ရာနှုန်းပြည့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တရုတ်လှကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက ဘားအံငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေတစ်သိန်းနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးကောင်ရေ ငါးသောင်းကို သံလွင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် မြို့မဘောလုံးကွင်း၌ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တန်ဆောင်တိုင်ပွဲတော်မီးပုံးပျံလွှတ်တင်ပွဲအခမ်းအနားသို့ တက်ရောက်၍ မီးပုံးပျံလွှတ်တင်မှုများကို ကြည့်ရှုအားပေးကြသည်။

မီးပုံးပျံလွှတ်တင်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တန်ဆောင်မုန်း လပြည့်နေ့နှင့် (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့သည် ထူးခြားစွာတိုက်ဆိုင်နေပြီး တန်ဆောင်တိုင်ပွဲတော်ကာလတွင် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူတို့၏ ရိုးရာယဉ်ကျေးမှု ဒိုးအကများနှင့် ဖားစည်သံများပျံ့လွင့်နေမည်ဖြစ်ကြောင်း၊ မီးပုံးပျံလွှတ်တင်ပွဲတော်သည် မြတ်စွာဘုရားအား သဒ္ဓါထက်သန်စွာဖြင့် ကြည်ညိုပူဇော်ခြင်းနှင့် ကရင်တိုင်းရင်းသားတို့၏ ချစ်စရာရိုးရာယဉ်ကျေးမှု အစဉ်အလာများ ပေါင်းယှက်ပြီး တိုင်းရင်းသားအားလုံး၏ ရိုးသားဖြူစင်ပွင့်လင်းသည့် စိတ်နေသဘောထားများကိုဖော်ပြ၍ ပေါင်းစည်းညီညွတ်မှုနှင့်တကွ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အနှစ်သာရကို ဖော်ဆောင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပွဲ မီးပုံးပျံများစတင်လွှတ်တင်နိုင်ပြီဖြစ်ကြောင်း မင်္ဂလာရွှေမောင်းသုံးကြိမ်တီး၍ အသိပေးကြေညာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများက မီးပုံးပျံလွှတ်တင်နေမှုကို ကြည့်ရှုအားပေးကြသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မီးပုံးပျံများလွှတ်တင်ခဲ့ကြသော ဌာနဆိုင်ရာ ၁၁ ဌာနကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ကရင်ရိုးရာယဉ်ကျေးမှု ဒိုးအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ဘားအံမြို့ ကျက်သရေဆောင် ရွှေယဉ်မျှော်ပြည်တော်စေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အောင်ချမ်းသာမဟာမြတ်မုနိရုပ်ပွားတော်၌ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ ရွှေယဉ်မျှော်ပြည်တော်စေတီတော် ဂေါပကအဖွဲ့နာယကထံ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် ရွှေယဉ်မျှော်ပြည်တော်စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်၊ ဖားနဂါးရုပ်တုနှင့် နောင်တော်ကြီးစေတီတော်တို့အား ကြည့်ရှုလေ့လာဖူးမြော်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ချမ်းသာကြီးမြတ်စွာဘုရားရင်ပြင်၌ ကျောက်ကလပ် ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ကျောက်ကလပ်ဘေးမဲ့ကန်တော်မင်္ဂလာအတွင်း ငါးစာများကျွေး၍ ကျောက်ကလပ်စေတီတော်အား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၆**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင်အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရသည့်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရသည့် ဌာနလည်းဖြစ်ကြောင်း၊ လုပ်ငန်းနှင့် ဆက်နွှယ်သည့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတရရှိမည့် စာအုပ်စာပေများကို လေ့လာမှတ်သားနေရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် ပြည်သူ့အတွက် ဝန်ထမ်းကောင်းများဖြစ်အောင် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ စေတနာ၊ အနစ်နာ၊ ဝါသနာတို့ဖြင့် စဉ်ဆက်မပြတ် ကြိုးစားကြရမည်ဖြစ်ကြောင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သမိုင်းကြောင်းဖြစ်စဉ်အား Video clip ဖြင့် ပြသခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် သင်တန်းများ၌ ထူးချွန်ဆုများရရှိခဲ့သည့် ရုံးအဆင့်ဆင့်မှ ဝန်ထမ်းများအား ဂုဏ်ပြုငွေနှင့် ဆုတံဆိပ်များချီးမြှင့်ခြင်း၊ ဝန်ထမ်းများအတွက် တန်ဖိုးငွေကျပ်သိန်း ၂၃၀ ကျော်ရှိ ဆုမဲများကို ကံစမ်းမဲဖောက်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကပြိုင်ပွဲ ကြည့်ရှုအားပေး

ဘားအံ နိုဝင်ဘာ ၆

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲကို ယမန်နေ့ ညပိုင်းတွင် ဘားအံမြို့ ဒုံးယိမ်းကွင်း၌ စတင်ကျင်းပသည်။

အဆိုပါအကပြိုင်ပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။






ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ပြိုင်ပွဲဝင် ဒုံးအဖွဲ့ပေါင်း ၂၀ အတွက် တစ်ဖွဲ့လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲသို့ ပြည်နယ်အတွင်းရှိ မြို့နယ်ကိုယ်စားပြု ဒုံးအဖွဲ့များ၊ တိုက်နယ်ကျေးရွာကိုယ်စားပြု ဒုံးအဖွဲ့များ စုစုပေါင်း ဒုံးအဖွဲ့ ၂၀ က နိုဝင်ဘာ ၅ ရက်မှ ၉ ရက် အထိ တစ်ညလျှင် ၁၀ ဒုံးနှုန်းခန့်ဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေသွားကြမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၀ ရက်တွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၆

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ရှိ ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာပြီး ထူးချွန်ထက်မြက်သော နိုင်ငံသားကောင်း၊ သမီးကောင်းများဖြစ်စေရေး အလေးထားပြုစုပျိုးထောင်ပေးသွားရန်နှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားပြီး ရုံးဝင်းအတွင်းကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမဆောင်၊ လက်တွေ့အလုပ်ရုံများ၊ အိပ်ဆောင်များနှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကရင်ပြည်နယ် ဦးစီးမှူးရုံးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘားအံမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများသို့ ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမွေးမြူရေးနှင့် သက်သာချောင်ချိရေးကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

## ထောက်ပံ့ပေးအပ်

ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သင်တန်းခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသူများ၊ ကျောင်းသားများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ၊ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ သင်တန်းကျောင်းဝင်းအတွင်း သင်တန်းသူများ လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှု၊ စာကြည့်တိုက်၊ သင်တန်းသူအိပ်ဆောင်၊ စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသားအိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် 100 KVA ထရန်စဖော်မာ ဓာတ်အားခွဲရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချောင်းသာကမ်းခြေ၌ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် မီးပုံးပျံလွှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ချောင်းသာ နိုဝင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ ချောင်းသာကမ်းခြေ၌ ပထမအကြိမ်ကျင်းပသည့် တန်ဆောင်တိုင်မီးထွန်းပွဲနှင့် မီးပုံးပျံလွှတ်ပွဲတော်ကို ယနေ့ညနေ ၆ နာရီခွဲက ကျောက်ပုထိုးစေတီအနီး မီးပုံးပျံလွှတ်ကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာအဖွဲ့၊ ဟိုတယ်ဇုန်မိသားစုအဖွဲ့၊ ကမ်းခြေဈေးသည်များအဖွဲ့၊ ရေလုပ်ငန်းရှင်များအဖွဲ့၊ ညွှန့်ကြိုလူငယ်များအဖွဲ့၊ လူမှုကူညီရေးအဖွဲ့များနှင့် ဒေသခံပြည်သူများက တန်ဆောင်တိုင်မီးထွန်းပွဲနှင့် မီးပုံးပျံလွှတ်ပွဲတော် အဝင်မုခ်ဦးမှ ကျောက်ပုထိုးစေတီတော်မြတ်ကြီးအထိ ရောင်စုံမီးပုံးများဖြင့် ထွန်းညှိပူဇော်ကြသည်။

ထို့နောက် မီးပုံးပျံလွှတ်ပွဲတော်ကို ဆက်လက်ကျင်းပခဲ့ရာ မြို့အဆင့်ဌာနဆိုင်ရာများအဖွဲ့က ၁၅ ပေအရွယ် မီးပုံးပျံကြီးနှစ်လုံးနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအဖွဲ့၊ ဟိုတယ်ဇုန်မိသားစုအဖွဲ့၊ ကမ်းခြေဈေးသည်များအဖွဲ့၊ ရေလုပ်ငန်းရှင်များအဖွဲ့၊ ညွှန့်ကြိုလူငယ်များအဖွဲ့နှင့် လူမှုကူညီရေးအဖွဲ့များက ငါးပေအရွယ် မီးပုံးပျံ ၂၄ လုံးတို့ကို တစ်ပြိုင်နက်တည်း လွှတ်တင်ခဲ့ကြပြီး ညွှန့်ကြိုလူငယ်များအဖွဲ့က အိုးစည်ဗုံပတ်များဖြင့် တီးမှုတ်ကပြ ဖျော်ဖြေခဲ့ကြောင်း သိရသည်။

တန်ဆောင်တိုင်မီးထွန်းပွဲနှင့် မီးပုံးပျံလွှတ်ပွဲတော်ကို အောက်တိုဘာ ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယမြောက်နေ့တွင် ဆီမီးပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းတို့အပြင် စတုဒိသာရခိုင်မုန့်တီတို့ကို ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်သည်။

စုပေါင်းမီးပုံးပျံလွှတ်ပွဲတော် ကျင်းပချိန်မှစ၍ ညစဉ် ၈ နာရီအထိ မီးပုံးပျံလွှတ်ကွင်းတွင် ဒေသခံပြည်သူများ၊ ခရီးသွားညွှန့်သည်များအနေဖြင့် မိမိတို့ကိုယ်ပိုင်ယူဆောင်လာသည့် မီးပုံးပျံများအား လာရောက်လွှတ်တင်နိုင်ကြောင်း သိရသည်။ **ချောင်းသာ(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၆

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၆

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များတွင် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိ



နေပြည်တော် နိုဝင်ဘာ ၆

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စွမ်းအင်ကဏ္ဍ၊ စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် သစ်တောကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး မဟာဗျူဟာရေးဆွဲ စီစဉ်ဆောင်ရွက်နေမှုကို မြန်မာနိုင်ငံအနေဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်မည်လည်းဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ နေရောင်ပြကွင်း၌ ဒေသနေတောင်သူလယ်သမားများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးက ပြောကြားသည်။

## ဆွေးနွေး

ပြည်ထောင်စုဝန်ကြီးက တောင်သူများနှင့် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ သွင်းအားစုမှန်ကန်ရေး၊ မြေဆီလွှာထိန်းသိမ်းပြုပြင်အသုံးပြုရန် လိုအပ်ချက်များ၊ ရေမြေဒေသနှင့်ကိုက်ညီပြီး စီးပွားရေးတွက်ချေကိုက်သည့် စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရေး၊ စက်မှုလယ်ယာစနစ် ကျင့်သုံးပြီး သီးထပ်တိုးချဲ့ စိုက်ပျိုးရေးနှင့် ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များ ဖွင့်လှစ်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးရာ သက်ဆိုင်ရာ ပါမောက္ခချုပ်များက တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများမှ ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းသားအသစ်ခေါ်ယူထားရှိမှုနှင့် စာသင်နှစ်အလိုက် ကျောင်းအပ်လက်ခံထားရှိမှု၊ အိပ်ဆောင်များနှင့် စာသင်ခန်းများ ပြင်ဆင်ထားရှိမှု၊ သင်ကြားမှု သင်ယူမှုဆိုင်ရာ အကြိုလုပ်ငန်း စီမံဆောင်ရွက်ထားရှိမှုများကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ နေထိုင်စားသောက်မှု အဆင်ပြေစေရန် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးထားပြီးဖြစ်၍ မိမိတို့တာဝန်ရှိသူများအနေဖြင့် ကျောင်းပရဝဏ် သန့်ရှင်းသာယာလှပရေးအပါအဝင် အကြိုလုပ်ငန်းများ ပြည့်စုံစွာဆောင်ရွက်ထားရှိရန် လိုကြောင်း၊ အထူးသဖြင့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံပြီး စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး၊ အရည်အသွေးပြည့်ဝပြီး ထူးချွန်ထက်မြက်သူများဖြစ်စေရေးအတွက် အားကစားစာပေလှုပ်ရှားမှုများ ဆောင်ရွက်ပေးရမည်ဖြစ်သည့်နည်းတူ ကျောင်းသား ကျောင်းသူများသည် ဒေသမျိုးစုံမှ တိုင်းရင်းသားလူငယ်များ လာရောက်ပညာဆည်းပူးကြသူများဖြစ်သည့်အတွက် ရိုးရာယဉ်ကျေးမှု တိုင်းရင်းဓလေ့ဆိုင်ရာပွဲများ ကျင်းပပေးရန်လိုကြောင်း၊ လယ်ယာကဏ္ဍဆိုင်ရာတက္ကသိုလ်များ၊ သုတေသနဌာနများ စုစည်းတည်ရှိနေသည့် နည်းပညာရပ်ဝန်းတစ်ခု ဖြစ်သည့်အားလျော်စွာ အင်တာနက်လိုင်းများ ကောင်းမွန်စွာအသုံးပြုနိုင်ရေး၊ အဖွဲ့အစည်းများ စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များ၏ ပထမနှစ် (ဒုတိယနှစ်ဝက်)နှင့် စာသင်နှစ်အလိုက် သင်တန်းများကို နိုဝင်ဘာ ၁၄ ရက်တွင်လည်းကောင်း၊ ၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများမှ ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းများကို နိုဝင်ဘာ ၂၁ ရက်တွင်လည်းကောင်း စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူအားလုံး အပြန်အလှန်လေးစားယုံကြည်မှုဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်မှသာ တိုးတက်မည်



လှိုင်ကော် နိုဝင်ဘာ ၆

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူအားလုံးက အပြန်အလှန် လေးစားယုံကြည်မှုဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်မှသာ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ကြောင်း ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) သို့ တက်ရောက်မည့် ကယားပြည်နယ်ကိုယ်စားပြု သင်တန်းသား သင်တန်းသူများက ကယားပြည်နယ် ဝန်ကြီးချုပ်၏ ဩဝါဒခံယူပွဲ အခမ်းအနားတွင် ပြောကြားသည်။

## ပြည်ထောင်စုစိတ်ဓာတ်

ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များနှင့် တိုင်းရင်းသားများ၏အရေးကို အလေးထားပြီး ဆောင်ရွက်ပေးနေကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားပြီး တိုင်းရင်းသားအားလုံးသည် တစ်ပြေးညီ အကျိုးခံစားခွင့်ရှိကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူငယ်များက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံနှင့်ပြည်နယ်အကျိုးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်ကိုယ်စားပြုတက်ရောက်မည့် သင်တန်းသား သင်တန်းသူများတွင် တိုင်းရင်းသားပေါင်းစုံပါဝင်ပြီး ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျရာကဏ္ဍမှပါဝင်ပြီး နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် သင်တန်းသား သင်တန်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ စာကြည့်တိုက်၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာဆောင်၊ မီးဖိုဆောင်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အစိုးရယန္တရား၏ အစိတ်အပိုင်းတစ်ခုအဖြစ် လည်ပတ်မောင်းနှင်ပေးနေသည့် ဌာနဖြစ်

တောင်ကြီး နိုဝင်ဘာ ၆

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အစိုးရယန္တရား၏ အစိတ်အပိုင်းတစ်ခုအဖြစ် လည်ပတ်မောင်းနှင်ပေးနေသည့် ဌာနတစ်ခုဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပြောကြားသည်။

## အုပ်ချုပ်ရေးတာဝန်

ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခေတ်အဆက်ဆက်၏ အုပ်ချုပ်ရေးလုပ်ငန်းတာဝန်များကို ပခုံးထားပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အစိုးရယန္တရား၏ အစိတ်အပိုင်းတစ်ခုအဖြစ် လည်ပတ်မောင်းနှင်ပေးနေသည့် ဌာနတစ်ခုလည်းဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း အဆင့်ဆင့်အား Video Clip ဖြင့် ပြသပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အုပ်ချုပ်မှုစွမ်းရည်မြင့်မားမှုသင်တန်း အမှတ်စဉ် (၂)တွင် စစ်ရေးပြထူးချွန်ဆုရရှိသူ ဦးစီးအရာရှိ ဒေါ်သိမ့်အိဇင်အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

## လက်ဆောင်ပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဝန်ထမ်းအိမ်ရာသန့်ရှင်းဆုရရှိသူများအား ဆုချီးမြှင့်ပေးပြီး ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက



ရှမ်းပြည်နယ် (၃၄) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အင်္ကျီလက်ဆောင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ တန်ဆောင်မုန်းလဆန်း အဖိတ်နေ့တွင် စည်ကားများပြား

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလသည် တစ်မူထူးခြားသည့် လတစ်လဖြစ်ပြီး တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ကျီးမနိုးပွဲတော်၊ သာမညဖလအခါတော်နေ့ပွဲတော်တို့ကို ကျင်းပလေ့ရှိသည်။

**စည်ကားလျက်ရှိ**

ထိုသို့ အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပသောရာသီပွဲတော်ဖြစ်သည့်အတွက် တန်ဆောင်မုန်းလဆန်းအဖိတ်နေ့အဖြစ် ယနေ့တွင်နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများတွင် စည်ကားများပြားလျက်ရှိရာ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားများတွင် ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိကြသလို တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များရှိဘုရားကျောင်းကန် အသီးသီးနှင့် ဘုန်းတော်ကြီးကျောင်းများတွင်လည်း သမညဖလအခါတော်နေ့အကြို အလှူဒါနပြုကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပြုကြသူများ၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်လျက်ရှိကြပြီး ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၊ မဟာဝိဇယစေတီတော်နှင့် စွယ်တော်မြတ်စေတီတော် စသည်တို့တွင် နံနက်အရုဏ်တက်ချိန်မှစပြီး ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်း ဆက်ကပ်လှူဒါန်းကာ ကုသိုလ်ပြုလျက်ရှိကြသည်။

**စည်ကားများပြားလျက်ရှိ**

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေတို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းကျေးရွာအုပ်စု ဦးပိန်တံတား၊ တံတားဦးမြို့နယ် အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမတော် မယ်နုအုတ်ကျောင်း၊ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်နှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ အထင်ကရ ပန်းခြံများနှင့် အပန်းဖြေဥယျာဉ်များ၌လည်းကောင်း လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် တန်ဆောင်မုန်းလဆန်းအဖိတ်နေ့အဖြစ် မီးထွန်းပွဲတော်ကို ပြုလုပ်ခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



တန်ဆောင်မုန်းလဆန်းအဖိတ်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



တန်ဆောင်မုန်းလဆန်းအဖိတ်နေ့တွင် နေပြည်တော်ရေပန်းဥယျာဉ်၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



တန်ဆောင်မုန်းလဆန်းအဖိတ်နေ့တွင် မန္တလေးမြို့၌ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



တန်ဆောင်မုန်းလဆန်းအဖိတ်နေ့တွင် ပုသိမ်မြို့ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတို့၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၆**

တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကိုကိုးကျွန်းရှိ ဒေသခံပြည်သူ ၂၂၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၇၁ ဦး၊ ခွဲစိတ်ရောဂါ ၂၉ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၃ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၁၆ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၁၁ ဦး၊ မျက်စိရောဂါ ၃၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၃ ဦး စုစုပေါင်း ၂၂၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

**ရောဂါရှာဖွေစမ်းသပ်ကုသပေး**

ထို့အပြင် ခါတ်မှန်ရိုက် လူနာ ၁၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၀၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးနှင့် သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင် စေတီတော်တို့တွင် မသိုးရွှေကြာသင်္ကန်းရက်ခတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားများ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၆

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၏ (၃၈)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၏ တိုးချဲ့ဓမ္မရင်ပြင်တော်ကြီး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိ ဦးအောင်မြတ်က စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပွဲတော်ကျင်းပရေး အလှူရှင်ရွေးသံလွင်ကုမ္ပဏီနာယက ဒေါက်တာဒေါ်နီနီနှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိ ဦးအောင်မြတ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများက ပြိုင်ပွဲဝင်များ၏ မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်ခတ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲဝင်များယှဉ်ပြိုင်ရက်ခတ်ရာမှ ရရှိသည့် မသိုးရွှေကြာသင်္ကန်းတော်ကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်ဦးတွင် စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆက်ကပ်ပူဇော်သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အတူ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်၏ (၄၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်ခတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ သင်္ဃန်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့(၂) ဦးသောင်းလွင်၊ သင်္ဃန်းကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုး၊ မြို့မိမြို့ဖ သီဟသုဓမ္မဇောတရေ ဦးကိုကိုလတ်နှင့် ဦးထွန်းအေးတို့က မသိုးသင်္ကန်းရက်ခတ်ပူဇော်ပွဲကို မင်္ဂလာဖဲကြိုးအား ဆက်ထုံးချည်နှောင်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မဟာရန်ကုန် စက်စတင်းမင်္ဂလာဆိုင်းအဖွဲ့ကြီးမှ ငြိမ့်ညောင်းသာယာသော တူရိယာတေးသံသာများဖြင့် တီးခတ်ပူဇော်၍ ပရိသတ်များ၊ ရတနာမင်း ကျောက်ဆည်ရိုးရာဆင်အကတို့နှင့်အတူ ဆံတော်ရှင်စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် အလှည့်လည်ပူဇော်ကြသည်။

ယင်းနောက် သင်္ဃန်းကျွန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားပြီး သင်္ဃန်းကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက ဘာသာရေးဆိုင်ရာများနှင့် မသိုးသင်္ကန်းပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မသိုးသင်္ကန်းရက်ခတ်မည့် အင်ကြင်းစင်တော်၊ မဥ္ဇူစင်တော်၊ ဇလပ်စင်တော်နှင့် သဇင်စင်တော်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် သင်္ဃန်းကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုးက အချက်ပေးစက်ခလုတ်အား နှိပ်၍ မသိုးသင်္ကန်းရက်ခတ်သူများက အားမာန်အပြည့်ဖြင့် ရက်ခတ်ကြသည်။

ရက်ကန်းမယ်များ ရက်ခတ်ရာမှရရှိသည့် မသိုးရွှေကြာသင်္ကန်းတော်များကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်ဦးတွင် စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆက်ကပ်ပူဇော်သွားမည်ဖြစ်ကြောင်းသိရသည်။

သတင်းနှင့် ဓာတ်ပုံ
ကိုကိုဇော်၊ ကျော်စိုးဝင်း(သတင်းစဉ်)

---

## (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးတက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နေပြည်တော် နိုဝင်ဘာ ၆

လာအိုနိုင်ငံ၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (19th ASEAN Air Chiefs Conference– 19th AACC) သို့ တက်ရောက်ခဲ့သော ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်


---

✻ ကျောဖုံးမှ

ထိုသို့ အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပသော ရာသီပွဲတော်ဖြစ်သည့် တန်ဆောင်မုန်းလဆန်းအဖိတ်နေ့ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများတွင် ကုသိုလ်ပြုကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့်အပြင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဆင်ဖြူတော်ဆောင်တွင် အောက်တိုဘာ ၃၀ ရက်က ဘွဲ့နာမံတော်အမည်ပေး ကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာပြုလုပ်ထားသည့် **ရဋ္ဌနန္ဒက(ရဋ္ဌ=တိုင်းပြည်၊ နိုင်ငံ။ နန္ဒက=ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဓိပ္ပာယ်အပြည့်အစုံမှာ-တိုင်းပြည်ကချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** ဆင်ဖြူတော်လေးအပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များအား သဒ္ဓါကြည်ဖြူစွာဖြင့် အစာလာရောက်ကျွေးမွေးကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---



ရုံးပိတ်ရက် တန်ဆောင်တိုင်ကာလဖြစ်သော နိုဝင်ဘာ ၆ ရက်ညပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ ရန်ကုန်မြို့တော်ခန်းမအား အလှမီးများ ဆင်ယင်ထွန်းညှိထားစဉ်။ ပွင့်သစ္စာ



ရုံးပိတ်ရက် တန်ဆောင်တိုင်ကာလတွင် မြို့လယ်ကောင်ရှိ မဟာဗန္ဓုလပန်းခြံ၌ ရောင်စုံမီးအလှများ ထွန်းညှိထားရာ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားနေသည်ကို နိုဝင်ဘာ ၆ ရက် ညပိုင်းက တွေ့ရစဉ်။ စိုးမြင့်အောင်

# အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ လေထုညစ်ညမ်းမှုပိုမိုဆိုးရွားလာမှုကြောင့် မူလတန်းကျောင်းအားလုံး ယာယီပိတ်ထားရ




**နယူးဒေလီ နိုဝင်ဘာ ၆**

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာမှုကြောင့် မြို့တော်အတွင်းရှိ မူလတန်းကျောင်းများအားလုံးကို နိုဝင်ဘာ ၅ ရက်မှစပြီး ယာယီပိတ်ထားရကြောင်း အာဏာပိုင်များက ဆိုသည်။

မြို့တော်အတွင်းရှိလေထုအရည်အသွေးလျော့ကျမှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဘေးကင်းရေးလမ်းညွှန်ချက်၏ သတ်မှတ်စံချိန်ထက် အဆ ၃၀ အထိ မြင့်တက်လာကြောင်း လေထုသန့်စင်မှု ရှိမရှိစောင့်ကြည့်ရေးစခန်းများက မှတ်တမ်းတင်ခဲ့သည်။

လေထုအရည်အသွေး လျော့ကျလာမှုကြောင့် နေ့အချိန်အတွင်း မော်တော်ယာဉ်မောင်းနှင်မှုများကို ကန့်သတ်ရန် အာဏာပိုင်များက စဉ်းစားသုံးသပ်လျက်ရှိသည်။ ထို့ပြင် မြို့တော်အတွင်းနှင့် အနီးတစ်ဝိုက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း ယာယီရပ်ဆိုင်းရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

လေထုအရည်အသွေး ဆိုးရွားလာခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိသည်။ မြို့တော်ရှိ ဆေးရုံတစ်ရုံ၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်း လည်ချောင်းနာခြင်းနှင့် ချောင်းဆိုးခြင်း ဝေဒနာရှင်များကို လက်ခံရရှိထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြို့တော်နယူးဒေလီသည် ကမ္ဘာ့လေထုအရည်အသွေး အဆိုးရွားဆုံးနိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိသည်။

လယ်သမားများ၏ လယ်ကွင်းများကို မီးရှို့ခြင်း၊ ဟိန္ဒူပွဲတော်အတွက် မီးရှူးမီးပန်းများပစ်ဖောက်ခြင်းနှင့် မော်တော်ယာဉ်များမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုများသည် လေထုညစ်ညမ်းမှုအခြေအနေကို ပိုမိုဆိုးရွားလာစေသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုးရက်ကြာပိတ်မိနေသည့် မိုင်းလုပ်သားနှစ်ဦး အသက်ရှင်လွတ်မြောက်

**ဆိုးလ် နိုဝင်ဘာ ၆**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၂၆ ရက်က ပြိုကျခဲ့သည့် သတ္တုမိုင်းတွင်းတစ်ခုအတွင်း ကိုးရက်ကြာပိတ်မိနေသည့် မိုင်းလုပ်သားနှစ်ဦးအား ကယ်ဆယ်ရေးလုပ်သားများက ယနေ့ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းများအရ သိရသည်။

ဘွန်ဟွာခရိုင်၌ အောက်တိုဘာ ၂၆ ရက်က ပြိုကျခဲ့သည့် သတ္တုမိုင်းတွင်း၏ မြေအောက်ကီလိုမီတာ ၁၉၀ ခန့်တွင် အဆိုပါ မိုင်းလုပ်သားနှစ်ဦး ပိတ်မိနေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မိုင်းလုပ်သားနှစ်ဦး အသက်ရှင်လွတ်မြောက်ခြင်းမှာ လွန်စွာအံ့သြဖွယ်ကောင်းပြီး ၎င်းတို့နှစ်ဦးအား ကယ်ဆယ်ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ အဆုံးသတ်ခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ဆိုသည်။

အဆိုပါမိုင်းတွင်းလုပ်သားများသည် မြေအောက်၌ပိတ်မိလျက်ရှိစဉ် မျက်နှာကြက်မှ ယိုကျလာသော ကော်ဖီမှုန့်နှင့် သောက်ရေများကို သောက်သုံးခြင်းဖြင့် အသက်ရှင်ကျန်ရစ်ခဲ့ပြီး ပလတ်စတစ်ဖြင့် တဲတစ်ခုပြုလုပ်ခဲ့ကြောင်း အစီရင်ခံစာများတွင် ဖော်ပြထားသည်။

ကျန်းမာရေး စောင့်ရှောက်မှုများခံယူရန် ၎င်းတို့နှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၌ အင်အား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်

**ဂျကာတာ နိုဝင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်းရှိ မြောက်ဆူလာဝေစီခရိုင်၌ အင်အား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခု ယနေ့လှုပ်ခတ်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒဆိုင်ရာ အေဂျင်စီက အတည်ပြုပြောကြားသည်။

အဆိုပါအင်အားပြင်းငလျင်လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီရေလှိုင်းသတိပေးချက်များ ထုတ်ပြန်ကြေညာခြင်း မရှိကြောင်းလည်း သိရသည်။

နိုဝင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃ မိနစ်တွင် အဆိုပါငလျင်သည် ကီပူလောင်ဆီတာရိုခရိုင်၏ အနောက်တောင်ဘက် ၆၉ ကီလိုမီတာအကွာရှိ ပင်လယ်ကြမ်းပြင်အောက် ကီလိုမီတာ ၂၅၅ ခန့်သို့ ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း အဆိုပါအေဂျင်စီက ဆိုသည်။

ငလျင်လှုပ်ခတ်ပြီးနောက် မြောက်မာလူကူခရိုင်အနီး၌ နောက်ဆက်တွဲငလျင်ငယ်များလည်း လှုပ်ခတ်ခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီရေလှိုင်းအန္တရာယ်ဖြစ်ပေါ်နိုင်ခြင်းမရှိသည့်အတွက် ဆူနာမီရေလှိုင်းသတိပေးချက်များ ထုတ်ပြန်ခြင်းမရှိကြောင်း အဆိုပါအေဂျင်စီက ဆိုသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံး

**မနီလာ နိုဝင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၂၇၄ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၀၁၀ ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၀၉၄၆၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့လူနာ ၁၆၆၁၅ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၉၈ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၆၃၉၇ ဦး ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၅ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူသန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၂၁ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၆**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၆၂၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါ ကူးစက်ခံရသူပေါင်း ၄၉၂၅၃၈ ဦးရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**သိရ**

ရောဂါထပ်မံကူးစက်ခံရသူများအနက် နှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၄၆၁၉ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း တစ်ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၄၈၂ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၅၇၇ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၈၅၀၄၇၄ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့လူနာ ၃၆၅၈၂ ဦးရှိပြီး ယင်းတို့အနက် ၇၀ သည် ရောဂါပြင်းထန်စွာခံစားနေရပြီး လူနာ ၅၀ သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၈ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၆ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**



## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111 ” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက် ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်အစာ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် နိုဝင်ဘာ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့က မြဝတီ – ဘားအံ – ရန်ကုန်ကားလမ်း ပဲခူးစက်မှုဇုန်ရှေ့၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော တိရစ္ဆာန်အစာ ၄၀၀၀ ကီလိုဂရမ်နှင့် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်း မရှိသော အဝတ်လျှော်ဆပ်ပြာမှုန့် ၁၀၃၇၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၇၀၈၀၀) ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၇၀၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အကောက်ခွန်ဦးစီးဌာနမှ မြဝတီ–ဘားအံ–ရန်ကုန်ကားလမ်း ပဲခူးစက်မှုဇုန်ရှေ့၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ နိုဝင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် နောင်နွန်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Snow Towel ၁၀၀၀ ကီလိုဂရမ်နှင့် Imperial Leather တံဆိပ် ဆပ်ပြာခဲဖာ ၂၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၀၀၀၀)ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၇၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင် ရဲနွယ်ကြိုးဝိုင်းအတွင်း၌ တရားမဝင် ကျွန်းသစ်ခွဲသားနှင့် ပျဉ်းကတိုးသစ်ခွဲသား ၂ ဒသမ ၁၈၉၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၃၃၅၇၄၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေ ၁၂၄၁၅၆၅၄၈ ကျပ်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အလှူပွဲ၊ မင်္ဂလာပွဲများ များပြား၍ ယခင်လကထက် ပန်းအရောင်းအဝယ်ကောင်း

ရမည်းသင်း နိုဝင်ဘာ ၆

ယခုလရာသီတွင် ကထိန်အလှူပွဲ၊ မင်္ဂလာပွဲများ များပြားသောကြောင့် ဂန္ဓမာပန်းများ ယခင်လများထက် အရောင်းအဝယ်ကောင်းမွန်ကြောင်း မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ညောင်လေးပင်ကျေးရွာနေ ဂန္ဓမာပန်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ရမည်းသင်းမြို့နယ်အတွင်း၌ ဂန္ဓမာပန်းကို ညောင်လေးပင်ကျေးရွာ၊ ဆည်တိုရွာ၊ ဈေးကုန်းကြီးရွာ၊ ကုက္ကိုကုန်းရွာတို့တွင် နှစ်စဉ်အများအပြားစိုက်ပျိုးကြပြီး အလယ်ကုန်းရွာနှင့် အင်းကုန်းရွာတို့တွင်လည်း ယခုအခါ ပြန်လည်စိုက်ပျိုးကြကြောင်း သိရသည်။

**အများဆုံးရောင်းရ**

ငွေစပါယ်၊ စူပါကျောက်စိမ်း၊ ဆမ်းမားအဖြူ၊ ဆမ်းမားအဝါ၊ လပ်ကီးနှင့် ကြွေဖြူ အစရှိသော ဂန္ဓမာပန်းမျိုးတို့ကို စိုက်ပျိုးကြသည်။ ဂန္ဓမာပန်းပျိုးပင်များကို တောင်ကြီးမြို့၊ ပြင်ဦးလွင်မြို့တို့မှ ဝယ်ယူကြသည်။ ဂန္ဓမာပန်းကို တစ်နှစ်လျှင် ရာသီအလိုက် သုံးကြိမ် စိုက်ပျိုးကြပြီး လပ်ကီးဂန္ဓမာပန်းမျိုးမှာ ပန်းစိုက်တောင်သူများအတွက် အားထားရသော ပန်းဖြစ်သည်။ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ပန်းဈေးကွက်ကောင်းကာ အများဆုံး ရောင်းရကြောင်း သိရသည်။

ယခုနှစ်တွင် ခတ်မြေဩဇာဈေး၊ ဆေးဈေး၊ စက်သုံးဆီဈေးနှင့် အလုပ်သမားခဈေးနှုန်းမြင့်တက်မှုကြောင့် အမြတ်နည်းသည်ဟု သိရသည်။ ရမည်းသင်းမြို့နယ်အတွင်းမှ ထွက်ရှိသော ပန်းများကို နေပြည်တော်၊ ပဲခူး၊ တောင်ငူ၊ မော်လမြိုင်နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။



လှိုင်သန်းတင့်(ရမည်းသင်း)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၁၅ ဆရာတော်ဘဒ္ဒန္တဇောတိပါလဟောကြားတော်မူသော "သာမညဖလသုတ် တရားတော် "
- ၀၉:၁၀ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၀၉:၄၀ မိုးလကုန်စဲကထိန်ပွဲ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ Economic Review
- ၁၀:၄၅ သီတဂူဆရာတော်ဘုရားကြီး၏ သာမညဖလသုတ္တန်တရားတော်
- ၁၁:၁၅ ကရင်ပြည်နယ်နေ့ဂုဏ်ပြုဇာတ်လမ်း "နှလုံးသားလေးဒုံးယိမ်းက"
- ၁၁:၄၀ ဘဝနှင့်အနုပညာ
- ၁၂:၃၀ ဆရာတော်ဘဒ္ဒန္တဝီရိယာနန္ဒဟောကြားသော "ဘဝမြင့်သွားရခြင်းတရားတော်"
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း "အတိုးမပေးတဲ့... ဒိုးလေး "(အပိုင်း–၈)
- ၁၄:၄၅ မျိုးဗုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၆:၁၅ ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ အစီအစဉ်
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ တန်ဆောင်တိုင်တေးများ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း "(အပိုင်း–၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ တန်ဆောင်တိုင်တေးများ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချီတက် " အပိုင်း–၁

**mitv**

- 07:01 Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
- 07:08 Travelogue: "Anyar Myay" or Upcountry (Part-1)
- 07:32 Bagan Lacquerware
- 07:46 Annually Held Hot-Air Balloon Releasing Festival
- 08:01 News
- 08:27 Asia Updates: My New Year (P-1)
- 09:01 Magnificent Festival in Tazaungmone
- 09:36 Inlay Traditional Lotus Fabric
- 09:48 Gold from Garbage
- 10:01 News
- 10:26 Topical Topics
- 10:35 Dances of Myanmar: Bwe Traditional Danc
- 10:37 Winkabar Festival
- 11:01 Chef Life: Phyo Arbidans
- 11:11 Myanmar Delicate Artistic Handy Creations - Lacquer Ware Making

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပွန်ပြတ်သဒ္ဒါကျောက်ကလပ်စတုဒီသာ

**ချင်း (လိုင်စိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ (အပိုင်း–၂)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
အုံ့ပွယ်ရုံးပတီသီးအစွမ်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း–၄)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အပျောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ကွန်ဟိန်း–တောင်ကြီးကြားကရှုမငြီးတဲ့လမ်းခရီး

**"ဝ" (၁၅ :၀၀) မှ (၁၇ :၀၀) ထိ**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ကချင် (၁၇ :၀၀) မှ (၁၉ :၀၀) ထိ**
အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ထဲကချစ်စရာရှိုးရာ အိမ်ကလေး

**ကယား (၁၉ :၀၀) မှ (၂၁ :၀၀) ထိ**
တစ်နယ်တစ်ကျေးကကယားတို့ရွာ

**ပအိုဝ်း (၂၁ :၀၀) မှ (၂၂ :၀၀) ထိ**
ကြက်အာလူးအစပ်ချက်

**အနောက်ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ**
အောင်မြင်ဖြစ်ထွန်းတဲ့စပျစ်စိုက်ခင်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ မိုးလကုန်စဲကထိန်ပွဲ
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ရေအဆုံး ကုန်းတစ်ဝက် "
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း အပိုင်း–၄
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း–၁)
- ၁၁:၃၀ "အတွေးအမြင် " အပိုင်း–၄

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ အစိုဌာန်အောင်လို့သွားရောက်ဖူးမြော် ကျောက်ဆည်မြို့ကမဟာရွှေသိမ်တော်
- ၀၇:၀၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- ၀၇:၁၅ ရိုးရာမပျက်ရောင်စုံကြာပွင့်လေးတွေနဲ့ ဆီမီးမျှောကြမယ်
- ၀၈:၀၀ လင်းရောင်စဉ်ဖြာ ရွှင်မြူးသည့်ချိန်ခါ
- ၀၈:၁၅ ဦးဒိုက်ပူဇော်ဝေရောစန ကျောက်စိမ်းစေတီတော်
- ၀၉:၀၀ ဆီမီးရောင်ဖြာရွှေလသာ (ဇာတ်လမ်းတို)
- ၀၉:၄၅ အဓိဋ္ဌာယ်ပြည့်ဝသဖွယ်လှတဲ့ အုံ့ပွယ်ထီးတော်လှူပ်ဘုရားသုံးဆူ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားပူးပေါင်းအဖွဲ့က ဗန်းမော်မြို့အတွင်း ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်



နေပြည်တော် နိုဝင်ဘာ ၆

ကချင်ပြည်နယ် ဗန်းမော်မြို့အတွင်းသို့ နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က ဗန်းမော်မြို့၏ မြောက်ဘက် မီတာ ၂၃၀၀ အကွာမှ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် အမှတ်(၂၃၇) အခြေခံပညာမူလတန်းကျောင်း အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ကျောင်း ခေါင်မိုးနှင့် ပြတင်းတံခါးများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုသို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်အဖွဲ့များ၏ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြသီတာရပ်ကွက်နေ တင်မမစိုးသည် ၎င်းအသုံးပြုသည့် "Tin Ma Ma Soe" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် အမှတ်(၄)ရပ်ကွက်နေ သိန်းထိုက်စိုးသည် ၎င်းအသုံးပြုသည့် "Thein Htike Soe" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၅)နေ ရဲသူရ(ခ) ရဲကြီး(ခ) ရဲသူသည် ၎င်းအသုံးပြုသည့် "Ye Thura" Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်နေ နန်းဒန်း(ခ) ပြုံးရီသည် ၎င်းအသုံးပြုသည့် "Nann Dann" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလကုန်ပိုင်းအထိ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃၃ သန်း ရရှိထား

ရန်ကုန် နိုဝင်ဘာ ၆

နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်အသာစီးရရှိလျက်ရှိသော ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာ ၃၁ ရက်အထိ ပြည်ပပို့ကုန်တန်ချိန် ၈၆၂၀ ဒသမ ၇၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

**တင်ပို့လျက်ရှိပြီး**

ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး စခန်းနှစ်ခုဖြစ်သော စစ်တွေနှင့် မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ရေထွက်ကုန် ၆၅ ရာခိုင်နှုန်းနှင့် ကုန်ခြောက် ၃၅ ရာခိုင်နှုန်းကို တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တွင် မွေးမြူရေးငါးမြစ်ချင်း၊ ငါးမုတ်မည်း၊ ငါးသလောက်၊ ငါးနီတူခြောက်နှင့် ငါးမှုန်ခြောက်တို့ကိုလည်းကောင်း၊ ကုန်ခြောက်တွင် မန်ကျည်းသီး၊ ကြက်သွန်၊ ချင်း၊ ဇီးမှုန့်၊ ထန်းလျက်နှင့် အညာပုဆိုး/အင်္ကျီ တို့ကိုလည်းကောင်း တင်ပို့လျက်ရှိသည်။



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ ဘင်္ဂလားဒေ့ရှ်နယ်စပ်ဂိတ် နှစ်ခုမှ ရေထွက်ကုန် ၇၀၈၃ ဒသမ ၄၁၃ တန် တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၁၈ သန်းကို လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ ရေထွက်ကုန်တန်ချိန် ၅၀၁၀ ဒသမ ၇၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၆၀ သန်းကို လည်းကောင်း၊ ၂၀၂၁-၂၀၂၂ မီနီဘဏ္ဍာနှစ် အောက်တိုဘာလမှမတ်လအထိ ရေထွက်ကုန်တန်ချိန် ၁၁၃၆၂ ဒသမ ၉၇ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၈၇ သန်းကိုလည်းကောင်း နိုင်ငံခြားငွေ ရရှိခဲ့သည်။

"ပြည်တွင်းက မွေးမြူရေးငါးမြစ်ချင်း ရောင်းလိုအား အများဆုံးကို ဘင်္ဂလားဒေ့ရှ် နယ်စပ်ဂိတ်က တင်ပို့နေပါတယ်။ နယ်စပ်ဂိတ်နှစ်ခုကနေ ဘင်္ဂလားဒေ့ရှ်ကို ရေထွက်ကုန်နဲ့ ကုန်ခြောက်တင်ပို့ရာမှာ နိုင်ငံအတွက် ပို့ကုန်အသာစီးရတဲ့ နယ်စပ်ဂိတ်ဆိုရင် မမှားပါဘူး။ မြန်မာပြည်ကို သွင်းကုန်နည်းတဲ့အတွက် သူတို့ကုန်ရောင်းလိုတာကြောင့် တက္ကနက်နယ်စပ်ဂိတ်ကနေ မြို့ထဲအထိ လာရောက်ရောင်းချဖို့ ဖိတ်ခေါ်တာလည်းရှိတယ်။ ကျွဲ/နွားတရားဝင်ဈေးကွက်လည်း လိုချင်နေကြတယ်။ နှစ်နိုင်ငံအခွန်ငွေ အပြည့်အဝရရှိပြီး နယ်စပ်ငွေ ငွေကြေးဖောင်းပွမှုကိုလည်း ထိန်းချုပ်နိုင်မယ့် နှစ်နိုင်ငံကုန်သွယ်မှု normal trade ဆိုရင် နှစ်နိုင်ငံအတွက် လုပ်ဆောင်စရာတွေ လိုမယ်။ အခြားသောနယ်စပ်ဂိတ်တွေနဲ့ မတူဘဲ ပို့ကုန်အသာစီးရနေတဲ့ဂိတ်ဖြစ်တာကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ အောက်တိုဘာလကုန်အထိ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃၃ သန်း ရရှိထားတဲ့အတွက် နိုင်ငံတော်၊ လုပ်ငန်းရှင်နဲ့ မွေးမြူရေး၊ စိုက်ပျိုးရေးတောင်သူတွေရဲ့ အကျိုးစီးပွားဖြစ်စေတဲ့ နယ်စပ်ဂိတ်နှစ်ခုလည်းဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသက်ဦးက ပြောသည်။

ရခိုင်ပြည်နယ် မောင်တောနယ်စပ်ဂိတ်အား စက်တင်ဘာလကုန်ပိုင်းတွင် ယာယီရပ်နားခဲ့ပြီး ပို့ကုန်များကို စစ်တွေနယ်စပ်ဂိတ်မှ ကုန်စည်စီးဆင်းမှုမပြတ် တင်ပို့လျက်ရှိသည်။ မောင်တောနယ်စပ်ဂိတ်သည် တစ်ဖက်ကမ်းသို့ အချိန်တိုအတွင်း ရောက်ရှိသောကြောင့် ကုန်ပစ္စည်းတင်ပို့မှုမြန်ဆန်စေလျက်ရှိပြီး စစ်တွေနယ်စပ်ဂိတ်သည် ပင်လယ်ကို ၅ နာရီခန့်ဖြတ်သန်း၍ ရေထွက်ကုန်နှင့် ကုန်ခြောက်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ် နယ်စပ်ဂိတ်သို့ တင်ပို့လျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလကုန်အထိ နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ပို့ကုန်တန်ချိန် ၈၆၂၀ တန်တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃၃ သန်းရရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်ဆိပ်ကမ်းသို့ တိုက်ရိုက်တင်ပို့သော စက်လှေ ၂၆ စင်း၏ Export လိုင်စင်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၂၄၁၀၀ ကိုလည်း နိုင်ငံတော်အတွက် ရရှိခဲ့သည်။**သတင်း-ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

## ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ (ဒေသတွင်းအဆင့်)ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၆**

ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ-ဒေသတွင်းအဆင့်ပြိုင်ပွဲ (10th ASEAN Quiz–Regional Level)ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ နေပြည်တော် MICC-II တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူ သုံးဦးနှင့် အရန် ကျောင်းသား ကျောင်းသူ နှစ်ဦးတို့အား အပြီးသတ်ရွေးချယ်ကာ ပြိုင်ပွဲတွင် အဆင့်မီအောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အာဆီယံဆိုင်ရာ ဗဟုသုတများ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ငါးဦးအား အသိုက်အဝန်းမဏ္ဍိုင် (၃)ရပ်ဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်း(APSC)၊ အာဆီယံစီးပွားရေးဆိုင်ရာ အသိုက်အဝန်း(AEC)နှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း(ASCC) မဏ္ဍိုင်တို့၏ တာဝန်ခံ ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာဌာနနှင့် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များဖြင့် အွန်လိုင်းမှတစ်ဆင့် လေ့ကျင့်သင်ကြားမှုများ၊ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပြီး အကဲဖြတ်ဒိုင်အဖွဲ့က နိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ သုံးဦးကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ပြည့်စုံချမ်းသာနှင့် မောင်ဟိန်းလင်းထက်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ မနှင်းပွင့်အောင် တို့အားလည်းကောင်း၊ အရန် နှစ်ဦးကို အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီးမှ မမေသဲဖြူအုန်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ မရွှန်းလဲ့ဝေတို့အား လည်းကောင်း အပြီးသတ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။



ဇွန် ၁ ရက်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကျင်းပခဲ့သည့် ဆန်ခါတင်အဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်နေစဉ်။

မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများ ရွေးချယ်နိုင်ရန်အတွက် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ-နိုင်ငံအဆင့်ပြိုင်ပွဲ( 10th ASEAN Quiz –National Level)ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၂၂ ခုနှစ် မေ ၃၀ ရက်မှ ဇွန် ၁ ရက်အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကျင်းပခဲ့ရာ ယင်းပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူ ၃၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲဝင်များ၏ ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်းများတွင် ရမှတ်အများဆုံး ရရှိခဲ့သည့် ဆန်ခါတင်အဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်တွင် ရုပ်မြင်သံကြား ရိုက်ကူးရေးဆောင်ရွက်မှုနှင့်အတူ ယှဉ်ပြိုင်ခဲ့ကြပြီး ယင်းတို့၏ ယှဉ်ပြိုင်မှုရမှတ်များအား နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ၊ ဒိုင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်များဖြင့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ-ဒေသတွင်းအဆင့်ပြိုင်ပွဲ (10th ASEAN Quiz–Regional Level) သို့ ပါဝင်ယှဉ်ပြိုင်ရန် ပဏာမ ငါးဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုကဲ့သို့ အဆင့်ဆင့်ရွေးချယ်ထားသည့် ထူးချွန်ကျောင်းသား ကျောင်းသူများသည် နိုဝင်ဘာလမှ စတင်ကာ နည်းပညာဆိုင်ရာ လက်တွေ့လေ့ကျင့်သင်ကြားမှုများ ပြုလုပ်လျက်ရှိပြီး 10th ASEAN Quiz (Regional Level)ပြိုင်ပွဲသို့ အာဆီယံနိုင်ငံများမှ ရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူများနှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ပြိုင်ပွဲများမှစ၍ SMS Voting ပေးပို့ ပါဝင်နိုင်

**နေပြည်တော် နိုဝင်ဘာ ၆**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက “တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ” (Season-2) တေးသီချင်းဆိုပြိုင်ပွဲ ပထမအဆင့် (Level-1) အုပ်စုပြိုင်ပွဲများကို ၂၀၂၂ ခုနှစ် စက်တင်ဘာ၂ ရက်မှ စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၄ ရက်တွင် ကျင်းပပြီးစီးခဲ့ပြီး ဒုတိယအဆင့် (Level – 2) သို့ တက်ရောက်မည့် ပြိုင်ပွဲဝင် ၁၀ ဦး ပေါ်ထွက်လာပြီဖြစ်သည်။

ပထမအဆင့် (Level-1)ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ ပြိုင်ပွဲဝင် ၄၅ ဦးကို အုပ်စုငါးစုခွဲ၍ ပြဇ္ဇာန်း တေးသီချင်းနှင့် စိတ်ကြိုက်တေးသီချင်းတို့ဖြင့် စုစုပေါင်း ပွဲစဉ် ၁၀ ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အကဲဖြတ်ဒိုင်များ၏ ပေးမှတ်ဖြင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့် (Level-2) ပြိုင်ပွဲကို ပွဲစဉ်(၇) ပွဲဖြင့် ဆက်လက်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင် ၁၀ ဦးတို့က ပြဇ္ဇာန်းတေးသီချင်းနှင့် စိတ်ကြိုက်တေးသီချင်းများကို တစ်ပတ်စီအလှည့်ကျဖြင့် သီဆိုယှဉ်ပြိုင်ကြရမည်ဖြစ်ရာ အမှတ်ပေးစနစ်ကို အကဲဖြတ်ဒိုင်များ၏ ပေးမှတ် ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ပေးမှု ၇၀ ရာခိုင်နှုန်းဖြင့် ပေါင်းစပ်ပြီး အကောင်းဆုံးသီဆိုယှဉ်ပြိုင်နိုင်သူများကို ရွေးချယ်မည်ဖြစ်၍ ပရိသတ်များအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်များကို Vote ပေး၍ ပါဝင်နိုင်မည်ဖြစ်သည်။

အဆိုပါ ဒုတိယအဆင့် (Level-2) ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်များ၏ MF နံပါတ်များ မဲနှိုက်ရွေးချယ်ထားရှိမှုမှာ ကချင်ပြည်နယ်မှ မေဇီ (MF01)၊ ချင်းပြည်နယ်မှ မြင့်မြတ်သူ (MF02)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MF03)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီးနား (MF04)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MF05)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MF06)၊ ကချင်ပြည်နယ်မှ လလဆွတ် (MF07)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး (MF08)၊ နေပြည်တော်မှ ပူတူး (MF09) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့ဖြစ်ပြီး နိုဝင်ဘာ ၁၁ ရက်တွင်ကျင်းပမည့် ပွဲစဉ် (၁၁)၌ ပြဇ္ဇာန်းတေးသီချင်းများဖြင့် စတင်သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်သည်။



ရုပ်မြင်သံကြားနှင့် Online တို့မှ ကြည့်ရှုကြမည့် ပရိသတ်များအနေဖြင့် မိမိတို့ Vote ပေးလိုသည့် ပြိုင်ပွဲဝင်များကို တယ်လီဖုန်းအော်ပရေတာလေးခုဖြစ်သည့် MPT၊ Mytel၊ ATOM၊ Ooredoo Sim Card များမှတစ်ဆင့် Code No. 7575 ဖြင့် မိမိကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်နံပါတ်ကို Voting Line ဖွင့်ပေးထားသည့်အချိန်အတွင်း SMS အရေအတွက် အကန့်အသတ်မရှိ SMS Voting ပေးပို့နိုင်မည်ဖြစ်ရာ Voting line ကို ပွဲစဉ် (၁၂) စတင်ထုတ်လွှင့်မည့် နိုဝင်ဘာ ၁၈ ရက် ည ၉ နာရီမှ ပွဲစဉ် (၁၃) (Result Show ) ထုတ်လွှင့်မည့် နိုဝင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း၊ အဆိုပါ Result Show တွင် ပြိုင်ပွဲဝင် ၁၀ ဦးအနက်မှ ရမှတ်အများဆုံးရရှိသူ ခုနစ်ဦးကို ကျန်ပွဲစဉ်များတွင် ဆက်လက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်းနှင့် ယင်းသို့ ယှဉ်ပြိုင်မှုများကို မြန်မာ့ရုပ်မြင်သံကြား MRTV-HD မှ အပတ်စဉ် သောကြာနေ့ ည ၉ နာရီခန့်တွင် တိုက်ရိုက်ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းလေးဒေသနှင့် ရှာငံဒေသတို့မှ ထွက်ရှိသည့် ခရမ်းချဉ်သီးများ ဈေးကွက်အတွင်း အရောင်းအဝယ် သွက်လက်ကောင်းမွန်

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာ ကုန်စိမ်းလက်ကားဈေးအတွင်းသို့ အင်းလေးဒေသနှင့် ရှာငံဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ ယခုရာသီချိန်တွင် အရောင်းအဝယ်သွက်လက်ကောင်းမွန်နေကြောင်း အဆိုပါဈေးအတွင်းရှိ ခရမ်းချဉ်သီးပွဲရုံများထံမှ သိရသည်။

### ဝင်ရောက်လျက်ရှိ

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်းရှိ အင်းလေးဒေသနှင့် ရှာငံဒေသတို့မှထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကားအစီးရေ လေးစီးမှ ငါးစီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိအချိန်တွင် ဈေးနှုန်းများမှာလည်း ၁၈ ပိဿာဝင်သေတ္တာတစ်လုံးလျှင် ငွေကျပ် ၃၀၀၀၀ နှင့် ၃၅၀၀၀ ဈေးအထိ ရှိနေကြောင်း၊ မကြာခင်ကာလတွင်လည်း မြေပြန့်ဒေသမှစိုက်ပျိုးထားသည့် ခရမ်းချဉ်သီးများ ထွက်ရှိလာတော့မည်ဖြစ်ကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

“လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ် ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ အင်းသီးက အထားခံတော့ ဈေးကောင်းရရှိပါတယ်။ အဝင်နည်းပြီး ပစ္စည်းပြတ်လပ်နေမှုများကြောင့်လည်းပါတယ်။ မကြာခင်ကာလမှာ မြေပြန့်ဒေသတွေက ထိုင်ဝမ် ခရမ်းချဉ်သီးတွေ စထွက်တော့မှာပါ။ လက်ရှိဈေးအနေနဲ့ကတော့ ရောင်းသူဝယ်သူအဆင်ပြေတဲ့ စနစ်ဖြစ်တယ်။ အရောင်းအဝယ်ကတော့ ဈေးမှာကုန်လက်ကျန်မရှိသလောက် ရောင်းချရပါတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလည်း ပုံမှန်အရောင်းအဝယ်ကောင်းနေပါတယ်” ဟု ၎င်းက ပြောသည်။

### အဆင်ပြေလျက်ရှိ

အဆိုပါ ခရမ်းချဉ်သီးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းကာ ရောင်းသူဝယ်သူ အဆင်ပြေလျက်ရှိနေကြောင်း၊ ခရမ်းချဉ်သီးအပြင် ကျန်သည့်ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဘိုစားပဲ၊ မုန့်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီးများလည်း ပုံမှန်အနေအထားဖြင့် အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးထုတ်လုပ်သင့်သည့် တန်ဖိုးမြင့်ထုတ်ကုန် မက္ကာဒေးမီးယား

◇◇◇◇◇◇◇◇◇◇◇◇◇◇◇ **အောင်အောင်(ဝါးခယ်မ)** ◇◇◇◇◇◇◇◇◇◇◇◇◇◇

ထူးခြားနူညက်တဲ့ စားသုံးမှုအတွေ့အကြုံကိုရရှိစေပြီး ခပ်ဆိမ့်ဆိမ့်အရသာကြောင့် မက္ကာဒေးမီးယား (Macadamia) စေ့ဟာ ကမ္ဘာ့အကောင်းဆုံးအစေ့အဆန် (nut) အဖြစ် ထင်ရှားပါတယ်။ မူရင်းဒေသဟာ ဩစတြေးလျတိုက် ကွင်းစလန်းဒေသနဲ့ New South Wales ကမ်းရိုးတန်းဒေသဖြစ်ပြီး အချို့က Queensland Nut လို့လည်းခေါ်ကြပါတယ်။ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်လောက်မှာ မြန်မာစိုက်ပျိုးရေးပညာရှင်တွေက ဩစတြေးလျက မက္ကာဒေးမီးယားမျိုးတွေ ယူဆောင်လာပြီး ထားဝယ် (ရေဖြူ)၊ ပြည်ခရိုင် (ပန်းတောင်း)၊ မြစ်ကြီးနား (မန်ခိန်) ဒေသတွေမှာ စမ်းသပ်စိုက်ပျိုးခဲ့ရာ ပြည်ခရိုင်နဲ့ မြစ်ကြီးနားတို့မှာသာ သီးပွင့်မှုရှိကြောင်းတွေ့ရှိခဲ့ကြပါတယ်။

**နှလုံးရောဂါကာကွယ်လိုသူတွေ စားသုံးသင့်**

မက္ကာဒေးမီးယားအဆန် ၁၀၀၀ ဂရမ်မှာ စွမ်းအင် ၇၄၀ ကယ်လိုရီ၊ သိုင်ရာမင် ၁၄၀ ရာခိုင်နှုန်း၊ မက်ဂနိက် ၁၉၅ ရာခိုင်နှုန်း၊ ဗီတာမင်ဘီ ၂၁ ရာခိုင်နှုန်း၊ သံဓာတ် ၂၈ ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ် ၃၇ ရာခိုင်နှုန်း၊ ဖော့စဖိတ် ၂၇ ရာခိုင်နှုန်း၊ အဆီဓာတ် ၇၆ ရာခိုင်နှုန်း၊ အမျှင်ဓာတ်ကိုးရာခိုင်နှုန်း၊ ကာဗွန်ဟိုက်ဒရိတ် ၁၄ ရာခိုင်နှုန်း၊ ပရိုတိန်းဓာတ် ရှစ်ရာခိုင်နှုန်း၊ မိုနိုမပြည့်ဝဆီ ၅၉ ရာခိုင်နှုန်း ပါဝင်တာကြောင့် နှလုံးရောဂါဖြစ်ပွားမှုလျှော့ချနိုင်ဖို့နဲ့ သွေးကြောဆိုင်ရာရောဂါတွေနဲ့ နှလုံးရောဂါကာကွယ်လိုသူတွေ စားသုံးသင့်ကြောင်းသိရပါတယ်။

ဒီလို စားသုံးမှုကောင်းမွန်ပြီး ကျန်းမာရေးအတွက် အကျိုးပြုတဲ့ အာဟာရဓာတ် ပါဝင်မှုတွေကြောင့်လည်း မက္ကာဒေးမီးယားအစေ့အဆန်ဟာ ဝယ်လိုအားကောင်း၊ ဈေးကောင်းရရှိနေလို့ စိုက်ပျိုးလုပ်ကိုင်လိုသူတောင်သူတွေ၊ လုပ်ငန်းရှင်တွေ တိုးပွားလာနေကြောင်းတွေ့ရပါတယ်။

မက္ကာဒေးမီးယားကို သီဟိုဠ်စေ့လှော်လို လေလုံသတ္တုဒြအိတ်တွေ၊ သံဘူးတွေနဲ့ ရောင်းချမှုတွေရှိသလို ကိတ်မုန့်၊ ချောကလက်၊ ရေခဲမုန့်၊ သကြားလုံးစတဲ့ တန်ဖိုးမြင့် စားသောက်ကုန်တွေမှာလည်း ထည့်သွင်းအသုံးပြုကြပါတယ်။ ကြာရှည်အထားခံလို့ ဈေးကွက်အကြိုက်လည်းဖြစ်ပါတယ်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်တို့မှာ တိုးချဲ့စိုက်ပျိုးလာကြရာ ၂၀၂၁ ခုနှစ် စာရင်းဇယားတွေအရ တစ်နိုင်ငံလုံးမှာ စိုက်ဧက ၁၅၀၀၀ ကျော်ရှိပြီး ဧက ၅၀၀၀ ကျော်ရိတ်သိမ်းကာ တန်ချိန် ၁၀၀၀ ကျော်ထွက်ရှိနေပြီဖြစ်ပါတယ်။






**စီးပွားရေးသက်တမ်း နှစ် ၆၀ မှ ၁၀၀ အထိလုပ်ကိုင်နိုင်**

ခွံမာသီးနှံဖြစ်တဲ့ မက္ကာဒေးမီးယားပင်ဟာ နှစ်ပေါင်းရာချီသက်တမ်းရှိတဲ့ နှစ်ရှည်သီးနှံ တစ်မျိုးဖြစ်တဲ့အတွက် စီးပွားရေးသက်တမ်း နှစ် ၆၀ မှ ၁၀၀ အထိ လုပ်ကိုင်နိုင်ပါတယ်။ ရှမ်းပြည်နယ်မှာ ၁၀ ဧကအထက် စိုက်ပျိုးသူ ၃၄၁ ဦးရှိပြီး စိုက်ပျိုးရေးနည်းစနစ်ကောင်းကျင့်သုံးထုတ်လုပ်တဲ့ GAP လက်မှတ်ရရှိပြီးသူ ၆၇ ဦးအထိရှိလာပါပြီ။

မက္ကာဒေးမီးယားသီးနှံမှာ မျိုးခွဲပေါင်းများစွာရှိပြီး အခွံချော၊ အသီးလုံး၊ အသီးကြီးမျိုး Macadamia integrifolia နဲ့ အခွံကြမ်း၊ အသီးချွန်း၊ အသီးသေးမျိုး Macadamia tetraphylla တွေကို အဓိကစိုက်ပျိုးကြပါတယ်။ သမန္တေးပိုင်းဒေသတွေမှာ ကောင်းစွာဖြစ်ထွန်းနိုင်ပြီး အရည်အသွေးနဲ့ အထွက်နှုန်းကောင်းတဲ့ Macadamia integrifolia မျိုးစိတ်ကို လူကြိုက်များပါတယ်။

ပြည်တွင်းမှာ လက်ရှိစီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိတဲ့ မက္ကာဒေးမီးယားမျိုးတွေအနေနဲ့ H2၊ 246၊ 344၊ 508၊ 741၊ A–38 ၊ 660 ၊ Own Choice(OC)၊ 800 ဆိုပြီး ကိုးမျိုးတွေ့ရှိရပါတယ်။

မက္ကာဒေးမီးယားစိုက်ပျိုးရာမှာ ယခင်က အစေ့မှပျိုးပင်များ ပျိုးထောင်စိုက်ပျိုးကြရာမှာ ဗီဇမငြိမ်လို့ သီးပွင့်မှုမသေချာတာ၊ အသီးရင့်မှည့်မှု မညီညာတာ၊ အသီးအနုနဲ့အရင့်ခွဲခြားဖို့ ခက်ခဲတာ၊ အစေ့ဆန်အထူအပါးမညီဘဲ အဆန်မပြည့်ဝတာ၊ အခွံခွာရာမှာ ခက်ခဲတာ၊ အသီးစတင်ခူးဖို့ အပင်သက်တမ်း ခုနစ်နှစ်၊ ရှစ်နှစ်အထိ စောင့်ရလို့ အပင်ပြုစုထိန်းသိမ်းရတဲ့ကာလ ရှည်တာတွေ ကြုံတွေ့ကြရပေမယ့် နောက်ပိုင်းမှာတော့ ကိုင်းကူးကိုင်းဆက် နည်းပညာအသုံးပြု စိုက်ပျိုးလာကြတာကြောင့် ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ခဲ့သလို သက်တမ်း လေး၊ ငါးနှစ်အတွင်း အသီးဆွတ်ခူးရရှိနိုင်ကြလို့ အရင်းကျေကာလတိုတောင်းပြီး စီးပွားရေးတွက်ခြေကိုက်ကြောင်း သိရပါတယ်။ မက္ကာဒေးမီးယားကို အစေ့က ပျိုးထောင်စိုက်ပျိုးတာဟာ မျိုးဆက်နိမ့်လာပြီး ပိုးမွှားရောဂါထူပြောလာနိုင်လို့ ကိုင်းဆက်စိုက်ပျိုးခြင်းကိုသာ လုပ်ကိုင်သင့်ကြောင်း ပညာရှင်တွေက အကြံပြုထားပါတယ်။

စာမျက်နှာ ၁၈ သို့ ❖

> **“ မက္ကာဒေးမီးယားအစေ့ဆန်ကို အဓိကထုတ်ကုန်အဖြစ် ထုတ်လုပ်နေကြပေမယ့်လည်း မက္ကာဒေးမီးယားဆီ၊ မက္ကာဒေးမီးယားပျားရည်တွေလည်း ထုတ်လုပ်နိုင်လို့ သီးနှံတစ်မျိုးတည်းက ဝင်ငွေအမျိုးမျိုး ရရှိနိုင်မှာလည်းဖြစ်ပါတယ်။ မက္ကာဒေးမီးယားစေ့ရဲ့ အဓိကဝယ်လက်က တရုတ်နိုင်ငံဖြစ်ပြီး တစ်တန်ကို အမြတ်ကျပ်သိန်း ၅၀ ခန့်ရရှိနေကြောင်းနဲ့ ကုန်ချောအဆင့် တင်ပို့နိုင်မယ်ဆိုရင် (၃ဆမှ ၅ဆ) အထိ ပိုမိုရရှိနိုင်မှာဖြစ် ”**

**မြန်မာနိုင်ငံ အတွင်း နှစ်အလိုက် မက္ကာဒေးမီးယား ခွံမာသီး(NIS)ဈေးနှုန်း နှိုင်းယှဉ်ချက်အခြေအနေ**

| စဉ် | ခုနှစ် | အသီးစိမ်းဈေးနှုန်း (SIH) | ခွံမာသီးဈေးနှုန်း (NIS) | ခွံစိမ်း/ခွံမာဈေး ကွာခြားချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၀၁၅-၁၆ | ၁၀၀၀ကျပ်/ကီလို | ၂၈၀၀ကျပ်/ကီလို | ၁၈၀၀ကျပ် | |
| ၂ | ၂၀၁၆-၁၇ | ၁၄၀၀ကျပ်/ကီလို | ၃၂၀၀ကျပ်/ကီလို | ၁၈၀၀ကျပ် | |
| ၃ | ၂၀၁၇-၁၈ | ၁၆၀၀ကျပ်/ကီလို | ၄၁၀၀ကျပ်/ကီလို | ၂၅၀၀ကျပ် | |
| ၄ | ၂၀၁၈-၁၉ | ၁၉၀၀ကျပ်/ကီလို | ၅၁၀၀ကျပ်/ကီလို | ၃၂၀၀ကျပ် | |
| ၅ | ၂၀၁၉-၂၀ | ၁၇၀၀ကျပ်/ကီလို | ၄၀၀၀ကျပ်/ကီလို | ၂၃၀၀ကျပ် | ကိုဗစ်ကာလကြောင့်ဈေးကျခြင်းဖြစ်ပါသည်။ |

13

**ရှမ်းပြည်နယ်အတွင်း အစိုက်များသော အချို့သီးနှံများနှင့် အကျိုးအမြတ်ရရှိမှု နှိုင်းယှဉ်ချက်အခြေအနေ**

| စဉ် | သီးနှံအမည် | တစ်ဧက ရင်းနှီးမြှုပ်နှံမှု (ကျပ်) | တစ်ဧက အထွက်နှုန်း | ရောင်းဈေး (ကျပ်) | တစ်ဧက ရရှိမည့်ဝင်ငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအပေါ် ရရှိမည့်အကျိုးအမြတ် (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကြံသီးနှံ | ၄၀၀၀၀၀ | ၂၀(တန်) | ၄၀၀၀၀/တန် | ၈၀၀၀၀၀ | ၄၀၀၀၀၀ | လုပ်ခ မပါ |
| ၂ | ပြောင်း | ၂၅၀၀၀၀ | ၁၀၀၀ (ပိဿာ) | ၆၀၀/ပိဿာ | ၆၀၀၀၀၀ | ၃၅၀၀၀၀ | 〃 |
| ၃ | စပါး | ၁၅၀၀၀၀ | ၆၀(တင်း) | ၇၀၀၀/တင်း | ၄၂၀၀၀၀ | ၂၇၀၀၀၀ | 〃 |
| ၄ | မက္ကာဒေးမီးယား | ၆၈၀၀၀၀ | ၂.၅ (တန်) | ၁၇၀၀/ကီလို | ၄၂၅၀၀၀၀ | ၃၅၇၀၀၀၀ | 〃 |

မှတ်ချက်။ ။မက္ကာဒေးမီးယားသီးနှံသည် နှစ်ရှည်သီးနှံဖြစ်ပြီး စတင်ရင်းနှီးမြှုပ်နှံစဉ်မှ (၆၀)နှစ်အထိ အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။(ဖော်ပြပါအထွက်သည် ၁၀နှစ်သားကိုင်းဆက်ပင်၏ အထွက်နှုန်းဖြစ်ပါသည်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့ အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၂၀ | ၂၉၂၀ |
| 95 Ron | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၄၀ | ၂၂၇၅ | ၂၂၉၅ | ၂၂၈၅ | ၂၂၆၀ | ၂၃၅၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၅၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၅၅ | ၂၆၉၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၈၀ | ၂၇၉၅ | ၂၇၉၀ | ၂၆၈၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၅ | ၂၉၅၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၀ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၀ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၃ | ၂၀၈၆ |
| 95 Ron | ၂၁၂၅ | ၂၂၀၁ |
| HSD (500 ppm) | ၂၅၃၁ | ၂၆၁၂ |
| HSD (50 ppm) | ၂၆၀၃ | ၂၆၈၄ |
| HSD (10 ppm) | ၂၆၀၃ | ၂၆၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖စာမျက်နှာ ၁၇ မှ

ဩစတြေးလျ မက္ကဒေးမီးယားအစုအဖွဲ့က တွေ့ရှိထားတဲ့ အရည်အသွေးနိမ့် မက္ကဒေးမီးယား မျိုးကွဲတွေကိုတော့ အောက်ပါအတိုင်းတွေ့ရှိရပါတယ်။

နမ့်စန်ဒေသတွေမှာ ပြည်တွင်းအောင်မြင်ပြီးမျိုးတွေနဲ့ ပြည်ပက မျိုးသစ်မျိုးကောင်းမျိုးသန့်တွေ မျိုးယှဉ်ပြိုင်စမ်းသပ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရပါတယ်။




**မက္ကဒေးမီးယား မျိုးကောင်းမျိုးသန့်တွေ ထွက်ပေါ်လာစေဖို့**

မက္ကဒေးမီးယားအစေ့စိုက်နဲ့ ကိုင်းဆက်ကွာခြားချက်တွေကို တောင်သူတွေ သိရှိနိုင်ဖို့၊ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာတွေ ဖြန့်ဝေနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲက ကြိုးပမ်းဆောင်ရွက်ပေးနေသလို မက္ကဒေးမီးယား မျိုးကောင်းမျိုးသန့်တွေ ထွက်ပေါ်လာစေဖို့ နောင်ချိုဒေသနဲ့ ဒေါ့အပြင် အိမ်နီးချင်းတရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတွေမှာ အဓိကစိုက်ပျိုးနေကြတဲ့ မက္ကဒေးမီးယားမျိုးတွေကို ဈေးသက်သက်သာသာနဲ့ တောင်သူတွေ အသုံးပြုစိုက်ပျိုးနိုင်ဖို့ မျိုးကိုင်းပွားခင်းတွေ တည်ထောင်ပြီး ကိုင်းဆက်ပျိုးပင်တွေ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်လည်း ရှိနေပါတယ်။

မက္ကဒေးမီးယား အစေ့အဆန်ကို အဓိကထုတ်ကုန်အဖြစ် ထုတ်လုပ်နေကြပေမယ့်လည်း မက္ကဒေးမီးယားဆီ၊ မက္ကဒေးမီးယား ပျားရည်တွေလည်း ထုတ်လုပ်နိုင်လို့ သီးနှံတစ်မျိုးတည်းက ဝင်ငွေအမျိုးမျိုး ရရှိနိုင်မှာလည်း ဖြစ်ပါတယ်။ မက္ကဒေးမီးယားစေ့ရဲ့ အဓိကဝယ်လက်က တရုတ်နိုင်ငံဖြစ်ပြီး တစ်တန်ကိုအမြတ် ကျပ်သိန်း ၅၀ ခန့် ရရှိနေကြောင်းနဲ့ ကုန်ချောအဆင့် တင်ပို့နိုင်မယ်ဆိုရင် (၃ဆမှ ၅ဆ) အထိ ပိုမိုရရှိနိုင်မှာဖြစ်လို့ ရေရှည်မှာ တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်နိုင်ဖို့ လုပ်ဆောင်ကြရဦးမှာပါ။




**အကျိုးအမြတ်များစေမယ့် မက္ကဒေးမီးယား**

နည်းပညာမြင့်တဲ့ အလှကုန်သုံးပစ္စည်းတွေအထိပါ တိုးတက်ထုတ်လုပ်နိုင်မယ်ဆိုရင် ကုန်ကြမ်းကရရှိတဲ့ ဝင်ငွေထက် (၅ဆ မှ ၇ဆအထိ) ပိုပြီးရရှိခံစားနိုင်မှာဖြစ်လို့ စိုက်ပျိုးထုတ်လုပ်သူတွေ၊ တင်ပို့ရောင်းချသူတွေနဲ့ လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်မှာ ပါဝင်သူအားလုံး အကျိုးအမြတ်များစေမယ့် မက္ကဒေးမီးယား(Macadamia)တိုးချဲ့စိုက်ပျိုးနိုင်ရေးနဲ့ တန်ဖိုးမြင့်ထုတ်ကုန်တွေ ထုတ်လုပ်တဲ့လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးလာစေဖို့ သက်ဆိုင်သူအားလုံးတို့က ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းတင်ပြလိုက်ရပါတယ်။ ။

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၃-၁၀-၂၀၂၂ ရက်နေ့မှအဆက်)

ထိုအခါတွင် ရာဇဂြိုဟ်ပြည်၌ ထင်ရှားသော တိတ္ထိကြီးခြောက်ဦးရှိပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(၁) ပူရဏကဿပ**

၎င်းသည် သူတစ်ဦး၏ကျွန်ဖြစ်ပါသည်။ ဦးရေတစ်ရာမြောက်မွေးသောကျွန်ဖြစ်၍ ၎င်းကို "ပူရဏ" ဟုလည်း အမည်ပေးထားပါသည်။ မင်္ဂလာကျွန်ဟု အလေးထားပါသည်။ အရွယ်ရောက်သော် ၎င်းသည် သူဌေးအလယ်မှ ထွက်ပြေးသည်။ သူခိုးများက ၎င်း၏အဝတ်အစားများ ချွတ်ယူလိုက်သဖြင့် ကိုယ်လုံးတီးအဝတ်မဖုံးဘဲ ရွာတစ်ရွာသို့ ဝင်သွားလေသည်။ ၎င်းက အဝတ်များမဝတ်သောကြောင့် ရွာသူရွာသားများမြင်သောအခါ ၎င်းသည် အလိုနည်းသည့်ရဟန္တာအဖြစ်ထင်မှတ်၍ ချီးမြှောက်ပြီး မုန့်ဆွမ်းများပေးကြလေသည်။ သူသည် ဤသို့ အဝတ်မဝတ်သောကြောင့် ဤလာဘ်လာဘကို ရသည်ဆို၍ နောင်ကိုလည်း အဝတ်မဝတ် ကိုယ်လုံးတီး အင်္ကျီမဖုံးဘဲ နေလေသည်။ သူ့ထံ၌ တပည့်ခံလာကြသော လူငါးရာသည်လည်း အဝတ်မဝတ်ဘဲ နေကြလေသည်။

ဤသို့ဖြင့် ၎င်းသည် "ပူရဏကဿပ" အမည်ဖြင့် ဂိုဏ်းဆရာတစ်ဦးအနေဖြင့် ထင်ပေါ်ကျော်ကြားလာလေသည်။ ၎င်းသည် ဘုရားအမည်ခံဖြင့် ကျော်ကြားလေသည်။

**(၂) မက္ခလိဂေါသာလ**

၎င်းသည် အမည်ရင်းမှာ "မက္ခလိ" ဖြစ်သည်။ ဂေါသာလရွာ နွားခြံ၌ မွေးဖွားသောကြောင့် ၎င်းအား "မက္ခလိဂေါသာလ"ဟု အမည်တွင်လေသည်။ သူသည် ကျွန်တစ်ဦးလည်း ဖြစ်ပါသည်။ သူ၏သခင်က အိုးကိုထမ်းခိုင်းရာမှ မချော်လဲရန်မှာသည့်ကြားမှ ချော်လဲလေသည်။ သခင်ကိုကြောက်၍ ထွက်ပြေးရာ သခင်က သူ၏ပုဆိုးကို ဆွဲလိုက်သဖြင့် ပုဆိုးကျွတ်လျက်နှင့် ပြေးလေသည်။ ၎င်းသည် ပူရဏကဿပကဲ့သို့ နောင်အခါ ဆရာကြီးတစ်ဦး ဂိုဏ်းဆရာကြီးဖြစ်ပြီး ဘုရားအမည်ခံသူဖြစ်ပါသည်။

**(၃) အဇိတကေသကမ္ဗလ**

၎င်း၏အမည်မှာ "အဇိတ" ဖြစ်ပါသည်။ သူသည် လူဆံပင်ဖြင့် ရက်လုပ်သော ကမ္ဗလာအဝတ်ကိုဝတ်သဖြင့် "အဇိတကေသကမ္ဗလ"ဟူ၍ အမည်တွင်ပါသည်။ နောင်တွင် ၎င်းသည်လည်း ဂိုဏ်းဆရာကြီးတစ်ဦး ဖြစ်လာပါသည်။

**(၄) ပကုဓကစ္စာယန**

၎င်း၏အမည်ရင်းမှာ "ပကုဓ" ဖြစ်သည်။ ကစ္စာယနနွယ်ဖြစ်၍ "ပကုဓကစ္စာယန" ဟူ၍ ခေါ်ပါသည်။ သူလည်း နောင်တွင်ထင်ရှားကျော်ကြားသည့် ဂိုဏ်းဆရာတစ်ဦး ဖြစ်လာလေသည်။

**(၅) သဉ္စယဗေလဋ္ဌပုတ္တ**

သူ၏အမည်ရင်းမှာ "သဉ္စယ" (သိဉ္စည်း) ဖြစ်ပါသည်။ ဗေလဋ္ဌမည်သောသူ၏သားဖြစ်၍ "သဉ္စယဗေလဋ္ဌပုတ္တ"ဟု အမည်တွင်သည်။ သူသည်လည်း နောင်တွင် ထင်ရှားသောဂိုဏ်းဆရာကြီးတစ်ဦး ဖြစ်လာပါသည်။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ဆရာကြီးဖြစ်ဖူးပါသည်။

**(၆) နိဂဏ္ဌနာဋပုတ္တ**

၎င်းသည် ကိလေသာဟူသော အထုံးအဖွဲ့ (ဂဏ္ဌ) အနှောင့်အယှက်မရှိ၊ ကိလေသာကင်းရှင်းသူ (နိဂဏ္ဌ) ဟူ၍ သူထင်ရာမြင်ရာ အယူဝါဒအတိုင်း ပြောသည်။ ထို့ကြောင့် ၎င်းအား နိဂဏ္ဌဟူ၍တွင်လေသည်။ သူသည် နောင်သောအခါ၌ "နိဂဏ္ဌနာဋပုတ္တ" ဟူ၍ နာမည်ကြီးဂိုဏ်းဆရာကြီးတစ်ဦး ဖြစ်လာလေသည်။



ပူရဏကဿပသည် အသားလွတ်သူသည် ရဟန္တာဖြစ်၍ သူ့အား ဤသပိတ်ပေးရန် သူဌေးထံ တောင်းခံသည်။ သူဌေးကလည်း ပါးနပ်စွာဖြင့် အရှင်ဘုရားတန်ခိုးဖြင့် ယူတော်မူပါဟု ပြန်ပြောလေသည်။

ကျန်တိတ္ထိ ငါးဦးကလည်း ပရိယာယ်အမျိုးမျိုးဆင်၍ပြောပြီး သပိတ်ကို တောင်းခံကြပါသည်။ သို့သော် သူဌေးကလည်း ရှေးနည်းတူတန်ခိုးဖြင့် ပျံတက်၍ သပိတ်ကိုယူပါဟု ပြောလေသည်။ ဤသို့ ဖြင့် တိတ္ထိကြီးခြောက်ဦးသည် ယင်းသပိတ်များကိုမရဘဲ သူတို့နေရာသူတို့ ပြန်ကြကုန်သည်။

### စန္ဒကူးသပိတ်ကို အရှင်ပိဏ္ဍောလ ဈာန်ပျံ၍ယူခြင်း

အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလတို့သည် ရာဇဂြိုဟ်မြို့တွင်းဝင်၍ နံနက်ဆွမ်းခံရန်အတွက် မြို့တံခါးဝင် ကျောက်ဖျာကြီးပေါ်၌ သင်္ကန်းရုံတော်မူလေသည်။ ထိုအချိန်၌ သေသောက်ကြူးသော လူတစ်စုက သူတို့မြို့၏သူဌေးသည် စန္ဒကူးသပိတ်ကို ကောင်းကင်တွင်ထား၍ ယူနိုင်သူကိုပေးမည်ဟု ကြေညာသော်လည်း မိမိကိုယ်ကို ရဟန္တာပါဟု အမည်ခံသူအားလုံး ယင်းသပိတ်ကို ယူနိုင်ခြင်းမရှိကြောင်း။ ထို့ကြောင့် သူတို့အား ရဟန္တာပါဟု လာပြောကြသူ ရဟန်းများသည် ကြွားခြင်းသာဖြစ်၍ နားမထောင်လိုဟူ၍ ပြောဆိုနေကြပါသည်။

ထိုစကားကို အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလတို့ ကြားကြလေသည်။ ထို့ကြောင့် အရှင်မောဂ္ဂလာန်က ဤသည်ကို အမှတ်မဲ့နေလျှင် လူများသည် သာသနာတော်ကို ယုံမှားသံသယဖြစ်ကြမည်ဖြစ်သောကြောင့် အရှင်ပိဏ္ဍောလအား တန်ခိုးပြဆောင်ရွက်ရန်မှာကြားလေသည်။ ပိဏ္ဍောလသည် အရှင်မောဂ္ဂလာန်၏ ခွင့်ပြုချက်ဖြင့် အဘိညာပါဒ (အဘိညာဏ်၏အခြေခံ) ဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ သုံးဂါဝုတ်ကျောက်ကြီးကို ခြေမနှင့် ညှပ်ယူပြီး ရာဇဂြိုဟ်မြို့ပေါ်၌ ဟင်္သာကဲ့သို့ လူးလာတုံ့ခေါက် စင်္ကြံလျှောက်တော်မူသည်။

ပြည်သူပြည်သားတို့သည် ဤအဖြစ်ကိုမြင်လျှင် ကြောက်လန့်ကြ၍ ရှန်းရင်းဆန်ခတ် ပြေးလွှားလျက် တချို့က အိမ်အောက်၊ တချို့က တွင်းထဲ၊ တချို့က သစ်ပင်အောက်ဆီသို့ ပြေးဝင်ကြလေသည်။ ကျောက်ဖျာကိုဖယ်၍ သူ့ကို (ပိဏ္ဍောလ) ထင်ရှားပြလေသည်။ မထေရ်မြတ်သည် ကျောက်ဖျာကို တွန်းချပြီး သူဌေးအိမ် ထန်းပင်ခုနစ်ဆင့်မြင့်သောနေရာ၌ ရပ်တော်မူလေသည်။

သူဌေးသည် မထေရ်ကိုမြင်လျှင် အရှင်ဘုရား ဆင်းသက်တော်မူရန် လျှောက်ထားလေသည်။ မထေရ်လည်း ဆင်းသက်လာလေသည်။ သူဌေးကလည်း သူ၏အိမ်ထဲသို့ ပင့်ဆောင်ပြီး စန္ဒကူးသပိတ်ယူ၍ စတုမဓု အပြည့်ထည့်ကာ ကပ်တော်မူလေသည်။ မထေရ်လည်း ကျောင်းတော်သို့ ပြန်လာလေသည်။

တန်ခိုးပြခြင်းကို မမြင်လိုက်ကြသော လူတို့သည် တန်ခိုးတော်ကို လူစုလူဝေးဖြင့် အုတ်အုတ်ကျက်ကျက်လုပ်လျက် ပြန်ပြခိုင်းလေသည်။ ဘုရားရှင်သည် ထိုအုတ်အုတ်ကျက်ကျက်အသံကို ကြားတော်မူလျှင် သဗ္ဗညုတဉာဏ်တော်ဖြင့် သိလျက် အရှင်အာနန္ဒာအား ဤဆူညံသံတို့က အဘယ်သို့နည်းဟု ခေါ်၍မေးသည်။ အရှင်အာနန္ဒာကလည်း ပိဏ္ဍောလတို့၏တန်ခိုးပြခြင်းအကြောင်းစုံ လျှောက်ထားလေသည်။ ဘုရားရှင်သည် ပဏ္ဍောလကိုခေါ်ပြီး ယင်းသစ်သားသပိတ်ကလေးကို အကြောင်းပြု၍ ဘာကြောင့်တန်ခိုးပြရသလဲဟု အပြစ်တင်စကားပြောပြီး တန်ခိုးမပြရဟူသော သိက္ခာပုဒ်ကို ပြဋ္ဌာန်းပညတ်တော်မူလေသည်။ ၎င်းစန္ဒကူးသပိတ်ကို ကြိတ်ခွဲချေ၍ နောင်တွင် ရဟန်းတို့သည် သစ်သားသပိတ်ကို သုံးစွဲခြင်းမပြုရဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

ဤသို့ဖြင့် ဘုရားရှင်က "ရဟန်းတို့ တန်ခိုးမပြရ" ဟူသော သိက္ခာပုဒ်နှင့် သစ်သားသပိတ်ကို ရဟန်းတို့ သုံးစွဲခြင်းမပြုရဟူသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူခဲ့လေသည်။

### ဘုရားရှင် တန်ခိုးပြမည်ဖြစ်ကြောင်း မိန့်ကြားခြင်း

ဘုရားရှင်သည် တန်ခိုးမပြရ သိက္ခာပုဒ်ကို ပညတ်ထားသည်။ ထိုသတင်းကို တိတ္ထိများသိ၍ ဝမ်းမြောက်ကြလေသည်။ ရဟန်းဂေါတမ၏ တပည့်တို့သည် သိက္ခာပုဒ်ကို လေးစားကြပါသည်။ စောင့်ထိန်းကြသည်။ ဤသို့ဖြင့် တိတ္ထိတို့သည် အခွင့်ကောင်းရ၍ အကြံအစည်ပြုလေသည်။

တိတ္ထိတို့သည် ကြွားဝါ၍ လူအပေါင်းတို့အား သူတို့စောင့်ထိန်းအပ်သော ဂုဏ်သိက္ခာစောင့်၍ ဤမျှသော တန်ဖိုးမဲ့သစ်သားသပိတ်ကြောင့် မိမိတန်ခိုးတို့ကို မပြကြပါ။ ရဟန်းဂေါတမ၏တပည့်တို့သည် မိမိတို့၏ သိက္ခာကိုမျှ မထောက်ဘဲ တန်ဖိုးမရှိသော သစ်သားသပိတ်အတွက် တန်ခိုးပြကြသည်။ ရဟန်းဂေါတမသည် ပညာအနည်းငယ်ရှိ၍ ယခုကဲ့သို့ သူ့တပည့်များကို တန်ခိုးမပြရဟူသော သိက္ခာပုဒ်ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း၊ သစ်သားသပိတ်ကိုလည်း ဖျက်ဆီးကြောင်း ပြောဆိုလေသည်။

ထိုစကားကို အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလတို့ ကြားကြလေသည်။ ထို့ကြောင့် အရှင်မောဂ္ဂလာန်က ဤသည်ကို အမှတ်မဲ့နေလျှင် လူများသည် သာသနာတော်ကို ယုံမှားသံသယဖြစ်ကြမည်ဖြစ်သောကြောင့် အရှင်ပိဏ္ဍောလအား တန်ခိုးပြဆောင်ရွက်ရန်မှာကြားလေသည်။ ပိဏ္ဍောလသည် အရှင်မောဂ္ဂလာန်၏ ခွင့်ပြုချက်ဖြင့် အဘိညာပါဒ (အဘိညာဏ်၏အခြေခံ) ဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ သုံးဂါဝုတ်ကျောက်ကြီးကို ခြေမနှင့် ညှပ်ယူပြီး ရာဇဂြိုဟ်မြို့ပေါ်၌ ဟင်္သာကဲ့သို့ လူးလာတုံ့ခေါက် စင်္ကြံလျှောက်တော်မူ

ထို့အပြင် အကယ်၍ ရဟန်းဂေါတမ တန်ခိုးပြပါက သူ့ထက်သာအောင်ပြမည်ဖြစ်ကြောင်း၊ ယင်းသို့ နှစ်ဦးပြိုင်၍ တန်ခိုးပြသည့်အခါ သူသာ ကိုယ်သာကို ဘုန်းတန်ခိုးတေဇာကို လာကြည့်ကြကုန်ဟူ၍ တိတ္ထိတို့က ဝါဒဖြန့်လေသည်။

ဗိမ္ဗိသာရမင်းကြီးသည် တိတ္ထိတို့ဝါဒဖြန့်စကားကို ကြားပြီး ဘုရားထံသို့သွား၍ လျှောက်လေသည်။ ရဟန်းတို့ တန်ခိုးမပြရ သိက္ခာပညတ်သည်မှာ ဟုတ်ပါသလော လျှောက်ထားပါသည်။ မှန်ကြောင်း အဖြေပေးလိုက်သည်။ ဤပညတ်တော်ကြောင့် တိတ္ထိတို့သည် ဘုရားရှင်နှင့် တုဘက်တန်းပြိုင်ကြမည်ဟူ၍ လှည့်လည်ဝါကြွား သတင်းလွှင့်နေကြပါသည်။ ဤသို့ပြုခြင်းကို မည်သို့ပြုလုပ်ပါမည်နည်းဟု ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်အား လျှောက်ထားလေသည်။ ဤတိတ္ထိတို့ တန်ခိုးပြမည်ဆိုပါက သူကိုယ်တိုင်တန်ခိုးပြမည်ဖြစ်ကြောင်း ဘုရားရှင်က မင်းကြီးအား မိန့်ဆိုလိုက်လေသည်။

(ဆက်လက်ဖော်ပြပါမည်)

## ပုံပြင်

# လေက်မ

**မင်းယုဝေ**

**(ယခင်အပတ်မှအဆက်)**

ထိုအခါ သူခိုးများက...

"သင် ဘယ်အရပ်၌ ရှိသနည်း"ဟု မေး၏။ လေက်မက...

"အသံလာရာကိုမှန်း၍ မြေပေါ်တွင် ရှာပါက တွေ့လိမ့်မည်"ဟု ဆို၏။ သို့ဖြင့် သူခိုးနှစ်ယောက် လေက်မကို တွေ့သွားကြ၏။ သူတို့သည် လေက်မအား လက်ဝါးပေါ်တွင် တင်ကာ...

"သင်သည် ကျွန်ုပ်တို့အား မည်သို့ကူညီနိုင်ပါသနည်း"ဟု မေးမြန်းလေ၏။ ထိုအခါ လေက်မက...

"ကျွန်ုပ်သည် သူဌေးကြီးအိမ်တွင်းသို့ ပြတင်းသံတိုင်ကြားမှဝင်ကာ သင်တို့အလိုရှိသော ပစ္စည်းများကို ယူပေးနိုင်သည်" ဟု ဆို၏။

ထိုအကြံကို သူခိုးနှစ်ယောက်သည် များစွာ နှစ်သက်လေရကား လေက်မကို ခေါ်သွားကြလေ၏။

ထိုညတွင်လေက်မသည် သူဌေးကြီးအိမ်တွင်းသို့ ပြတင်းသံတိုင်ကြားမှ ဝင်လေ၏။ ထို့နောက် အလွန်ကျယ်လောင်သော အသံဖြင့်

"သည်မှာ ရှိသမျှပစ္စည်းအားလုံးကို ယူမည်လော"ဟု ဟစ်အော်မေးမြန်းလေသည်။ သူခိုးများသည် လူနိုးမည်ကို ထိတ်လန့်စိုးရိမ်သဖြင့် တိုးတိုးပြောဆိုရန် သတိပေးလေ၏။ သို့ရာတွင် လေက်မသည် သူတို့သတိပေးသည်ကို နားမလည်ဟန်ဖြင့် "မည်မျှယူမည်နည်း၊ အပြင်သို့ ပစ်ပေးလိုက်ရမည်လော" စသည်ဖြင့် ကျယ်လောင်စွာအော်ပြန်လေ၏။

ဤတွင် တစ်ဖက်ခန်း၌အိပ်နေသောထမင်းချက်မိန်းမကြီးသည် နိုးလာကာ နားစွင့်ထောင်လေ၏။ သူခိုးများလည်း လူနိုးသည်ကို ရိပ်မိသဖြင့် အတန်ငယ် ဝေးသောအရပ်သို့ထွက်ပြေးကြလေသည်။

သို့သော် သူတို့သည် မကြာမီပင် တစ်ဦးကိုတစ်ဦး အားပေးကာ ပြန်လာကြလေသည်။ သူတို့သည် လေက်မ၏အကြံကို ရိပ်မိသဖြင့် မည်သို့မျှ မပြောတော့ဘဲ ရွှေငွေအချို့ကိုသာ အပြင်သို့ ပစ်ချပေးရန် ပြောလေ၏။ ထိုအခါ လေက်မက...

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ လက်ကိုသာ အသင့်ခံထားကြပါ၊ ရွှေ ငွေများကို ကျွန်ုပ် ပစ်ချပေးလိုက်ပါမည်"ဟု ယခင်ကထက်ပိုမိုကျယ်လောင်သော အသံဖြင့် ပြောလိုက်လေ၏။ စောစောက နိုးနေသာ ထမင်းချက်မိန်းမကြီးသည် ထိုအသံကို ကောင်းစွာ ကြားလေရကား အိပ်ရာမှထလာလေ၏။ သူခိုးနှစ်ယောက်လည်း လျင်မြန်စွာထွက်ပြေးကြလေ၏။ ထမင်းချက်သည် မှောင်ထဲတွင် ဟိုမှသည်မှ စမ်းသပ်ရှာဖွေသော်လည်း ဘာမှမတွေ့ရသဖြင့် မီးတိုင်ယူရန် ပြန်သွားပြန်လေ၏။ ထိုအချိန်တွင် လေက်မသည် ကောက်ရိုးများထားသော အခန်းတွင်းသို့ဝင်ရောက်ပုန်းအောင်းနေလေ၏။ ထမင်းချက်ပြန်လာ၍ ရှာဖွေသောအခါ မည်သူ့ကိုမျှ မတွေ့ရပေ။ ဤတွင် သူက အိပ်မက်မက်ခြင်းပင်ဖြစ်ပေမည်ဟု တွေးတောကာ ပြန်၍အိပ်လေ၏။

လေက်မသည် ကောက်ရိုးများအကြား၌ အိပ်နေရင်း နံနက်လင်းလျှင် မိဘများထံ ပြန်သွားရန် စိတ်ကူးလေသည်။ သို့ရာတွင် ထမင်းချက်သည် မိုးမလင်းမီထကာ နွားများကို အစာကျွေးလေ၏။ သူသည် ကောက်ရိုးစင်သို့သွားကာ ကောက်ရိုးအချို့ကို ယူသွားလေသည်။ ထိုကောက်ရိုးထဲ၌ကား လေက်မသည် အိပ်ပျော်လျက်ရှိသည်။ သူနိုးလာသောအခါ နွားပါးစပ်တွင်းသို့ကောက်ရိုးများနှင့်အတူ ရောက်နေပြီကို တွေ့ရလေတော့သည်။ သူသည် နွား၏သွားများက သူ့ကိုမဝါးမိစေရန် အတော်ပင် ရှောင်ရှားနေရသည်။ မကြာမီသူသည် နွား၏ဝမ်းဗိုက်ထဲသို့ ရောက်ရှိသွားလေ၏။

လေက်မက သူသည် မည်းမှောင်သောအခန်းအတွင်းသို့ ရောက်နေရသည်ဟု ထင်မိလေသည်။ ထို့ထက်ကောက်ရိုးများ ထပ်မံကျရောက်လာသဖြင့် သူ့ခမျာ ပိုမိုအသက်ရှူကျပ်လာလေသည်။ ထို့ကြောင့် သူက "ကျွန်ုပ်အပေါ်သို့ နောက်ထပ်ကောက်ရိုးများ မချပါနှင့်တော့"ဟု ထပ်တလဲလဲအော်ဟစ်လေ၏။ ထိုအချိန်တွင် နွားနို့ညှစ်နေသော ထမင်းချက်မိန်းမကြီးသည် သူ၏အသံကို ကြားရ၏။ ထိုအခါ မိန်းမကြီးသည် များစွာထိတ်လန့်လေ၏။ ထိုအသံမှာ ညက သူကြားရသောအသံနှင့် တူနေပြန်ရကား မိန်းမကြီးသည် သူ့သခင်ရှိရာသို့ ထိတ်လန့်တကြား ထွက်ပြေးသွား၏။ သခင်သည် နွားကြီးစကားပြောနေသည်ဟု ကြားရသောအခါ ပထမသော် မယုံချေ။ မဖြစ်နိုင်သည်ကို ပြောရမည်လောဟု ထမင်းချက်အား ဆူသေး၏။ နောက်ဆုံး၌ကား သူကိုယ်တိုင်လိုက်၍ ကြည့်လေ၏။

နွားအနီးသို့ သူတို့မရောက်မီပင် လေက်မ၏ အော်သံကို ကြားရလေ၏။ ဤတွင် သခင်က ထိုနွားကို သတ်ပစ်မှ ဖြစ်တော့မည်ဟုဆို၏။ ချက်ချင်းပင် အစေခံများအား နွားကိုသတ်စေ၏။ အစေခံများသည် နွားကိုသတ်ပြီးသော် လေက်မရှိနေသည့် ဝမ်းဗိုက်ပိုင်းကို နွားတင်းကုပ်နောက်ဖေးရှိ နွားချေးပုံကြီးပေါ်သို့ ပစ်တင်ထားလိုက်၏။

လေက်မသည် အပြင်သို့ထွက်ရန် ကြိုးစားလေသည်။ သို့သော် သူအပြင်သို့ ထွက်နိုင်လုနီးတွင် ဆာလောင်မွတ်သိပ်နေသော ဝံပုလွေတစ်ကောင်သည် ထိုဝမ်းဗိုက်သားကို တစ်ခါတည်းဟပ်မျိုကာ ထွက်ပြေးသွားလေ၏။ လေက်မလည်း ဝံပုလွေဝမ်းဗိုက်အတွင်းသို့ ရောက်ရပြန်လေ၏။ သူသည် ဝံပုလွေအား မိတ်ဆွေဖွဲ့အံ့ဟု ကြံ၍ ...

"အဆွေ၊ သင်သည် အစားကောင်း၊ အသောက်ကောင်းများ ဝစွာ စားလိုပါသလော" ဟု မေးမြန်းလေသည်။ ဝံပုလွေက ...

"မည်သည့်နေရာ၌ ထိုအစာရှိသနည်း"ဟု ပြန်မေးလေသည်။

ထိုအခါ လေက်မက သူ့ဖခင်၏အိမ်နေရာကို ပြောပြပြီးနောက်...

"အဆွေ၊ သင်သည် ရေသွန်ပေါက်မှ မီးဖိုချောင်အတွင်းသို့ဝင်သွားပါက များစွာသောစားသောက်ဖွယ်ရာများကို တွေ့မြင်ရပါလိမ့်မည်။ ဝက်ပေါင်၊ အမဲသား စသည်တို့ကို သင်အလိုရှိသလောက်စားနိုင်ပါသည်"ဟု ဆို၏။ ဝံပုလွေလည်း များစွာကျေနပ်ရကား ထိုညပင် သွားရောက်ရန်ဆုံးဖြတ်လိုက်လေ၏။ ထိုညတွင် ဝံပုလွေသည် လေက်မပြောသည့်အတိုင်း ရေသွန်ပေါက်မှ မီးဖိုတွင်းသို့ဝင်ရောက်လေ၏။ အစာများကို စားလေ၏။ အရသာရှိသော အစားအစာများဖြစ်သဖြင့် သူသည်မြောက်မြားစွာစားသောက်မိသည်။ ထို့ကြောင့် စားပြီးသည်နှင့် ပြန်ထွက်မည်ပြုသောအခါ ဝင်လာခဲ့သောရေသွန်ပေါက်နှင့် သူ့ကိုယ်မှာ မဆံ့တော့ပေ။ စင်စစ်သော်ကား ဤသို့ ဖြစ်စေရန် လေက်မကပင် ဖန်တီးခြင်းပင် ဖြစ်လေသည်။

ထိုအချိန်တွင် လေက်မသည် အသံကျယ်စွာဖြင့် အော်ဟစ်နေလေတော့သည်။ လူများ နိုးမည်စိုးသဖြင့် မအော်ရန် ဝံပုလွေက တားမြစ်သော်လည်း မရချေ။

"အဆွေ၊ သင်လည်း ကျေနပ်လောက်အောင် စားသောက်ရပြီ။ ကျွန်ုပ်၏ ကျေနပ်နှစ်သိမ့်မှုကိုလည်း မနှောင့်ယှက်ပါနှင့်"ဟု လေက်မက ဆိုသည်။ ထို့နောက် သံကုန်ဟစ်ကာ သီချင်းဆိုနေလေ၏။

ထိုအသံများကြောင့် သစ်ခုတ်သမားလင်မယားသည် အိပ်နေရာမှ နိုးလာလေ၏။ သူတို့သည် မီးဖိုတွင်းသို့ ချောင်းကြည့်သော် ဝံပုလွေကို မြင်ရလေ၏။ သူတို့သည် ကြောက်ရွံ့သဖြင့် ဝံပုလွေကို သတ်ပစ်ရန် ကြံစည်ကြလေသည်။ ခင်ပွန်းဖြစ်သူသည် ပုဆိန်ကို ယူကာ ဇနီးဖြစ်သူအား တံစဉ်ကြီးတစ်ခုကို ယူစေ၏။ ထို့နောက် သူက ဝံပုလွေအား ပုဆိန်ဖြင့် ခုတ်လိုက်လျှင် ဇနီးဖြစ်သူက ဝံပုလွေ၏ ခါးလယ်ကို တံစဉ်ဖြင့် ပိုင်းဖြတ်ရန် မှာကြားလေ၏။ ထိုသို့ တိုင်ပင်ကြသည်ကို လေက်မကြားလျှင် ဝံပုလွေ၏ ဗိုက်ထဲ၌ သူရှိကြောင်း အော်ဟစ်ပြောဆိုလေ၏။

စာမျက်နှာ ၂၁ သို့ ◆

**ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**(ယခင်အပတ်မှအဆက်)**





◆ စာမျက်နှာ ၂၀ မှ

ဤတွင် ဖခင်ဖြစ်သူလည်း သိရှိကာ ဇနီးဖြစ်သူအား တံစဉ်ဖြင့် ဝံပုလွေဝမ်းဗိုက်ကို မဖြတ်ရန်တားမြစ်လေသည်။ ထို့နောက်သူသည် ဝံပုလွေကို သေချာစွာ ချိန်ရွယ်ကာ ပုဆိန်ဖြင့် ခုတ်ချလိုက်လေ၏။ ဝံပုလွေလည်း တစ်ချက်တည်းနှင့်ပင် သေဆုံးသွား၏။ ထိုအခါမှ ဝမ်းဗိုက်ကိုခွဲ၍ လေက်မကို ထုတ်ယူရလေတော့သည်။

မိဘတို့သည် သားဖြစ်သူကို ပြန်လည်တွေ့ရသဖြင့် ဝမ်းမြောက်မဆုံး ရှိကြလေသည်။ သားအတွက် သူတို့ မည်မျှစိုးရိမ်ပူပန်ရကြောင်းများကိုလည်း ပြောပြကြလေသည်။ လေက်မကလည်း သူသည် မိဘတို့ထံမှ ထွက်ခွာသွားသည်မှစ၍ ကမ္ဘာကြီးအနှံ့ ခရီးပေါက်ခဲ့ကြောင်း၊ ယခုမှပင် အလင်းရောင်ကိုရ၍ အသက်ဝစွာရှူနိုင်ကြောင်း ပြောပြလေသည်။

ထိုအခါ ဖခင်က မည်သည့်အရပ်များသို့ရောက်ခဲ့၍ ထိုသို့ဖြစ်ရလေသနည်းဟု မေးမြန်းလေ၏။ ဤတွင် လေက်မက သူ၏စွန့်စားခန်းအမျိုးမျိုးကို ပြောပြ၏။ မည်သို့ပင်ဖြစ်စေ သူသည် ဘေးရန်ကင်းစွာ မိဘများထံ ပြန်ရောက်ရလေပြီဟုလည်း လေက်မက ကြွားဝါသောလေသံဖြင့် ဆိုလေသည်။

ဖခင်ကမူသူတို့သည် လေက်မအား နောက်ထပ်မည်သူ့ထံကိုမျှ မရောင်းတော့ဟုဆိုလေသည်။ လေက်မမှာ အမျိုးမျိုးစွန့်စားခဲ့သဖြင့် အင်္ကျီအဝတ်အစားတို့လည်း စုတ်ပြတ်ဟောင်းနွမ်းနေသည်။ သူ့ကိုယ်မှာလည်း ညစ်ပေနေသည်။ ထို့ကြောင့် မိဘနှစ်ပါးသည် လေက်မကို ရေချိုးပေးလေသည်။ ပြီးလျှင် အဝတ်သစ်များ လဲလှယ်ဝတ်ဆင်ပေးလေ၏။ ။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## ဖလောရင့်နိုက်တင်ဂေး

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

ဖလောရင့် နိုက်တင်ဂေးကို အီတလီနိုင်ငံ ဖလောရင့်(စ်)တွင် ၁၈၂၀ ပြည့်နှစ်၌ မွေးဖွားခဲ့သည်။ သူသည် မျိုးချစ်စိတ်ရှိသော ရဲစွမ်းသတ္တိရှိသည့် သူရဲကောင်းတစ်ဦးဖြစ်ပြီး ခေတ်မီသူနာပြုအတတ်ကို တည်ထောင်သူတစ်ဦးလည်းဖြစ်ပါသည်။ ဖလောရင့်နိုက်တင်ဂေး (Nightingale, Florence) သည် အသက် (၉၀) အရွယ် ၁၉၁၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့ပါသည်။


ဖလောရင့်နိုက်တင်ဂေးသည် သူနာပြုဆရာမတစ်ဦးဖြစ်ရန် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ယင်းကိစ္စသည် သူနာပြုအတတ်မှာ ဂုဏ်သိက္ခာရှိသော အမျိုးသမီးများအတွက် အလုပ်တစ်ခုမဟုတ်ဟု တွေးထင်ယူဆခဲ့သော သူ၏မိသားစုနှင့် ငြင်းခုံမှုအပြင်းအထန်ဖြစ်စေခဲ့သည်။ ၁၈၅၁ ခုနှစ်တွင် နိုက်တင်ဂေးသည် သူ့ကိုယ်ပိုင်လမ်းကြောင်းအတိုင်းလျှောက်လှမ်းပြီး လန်ဒန်မြို့ဆေးရုံငယ်လေးတစ်ခုတွင် စတင်အလုပ်လုပ်ခဲ့ရသည်။ သူ အလွန်အောင်မြင်ခဲ့သောကြောင့် စစ်ပွဲအတွက် အစိုးရအဖွဲ့အတွင်းရေးမှူးက သူ့အား ဒဏ်ရာရနေသော ဗြိတိသျှစစ်သားများကို လူနာပြုစုခြင်း ကြီးကြပ်ကွပ်ကဲရန် ခရိမင်းစစ်ပွဲသို့ စေလွှတ်ခဲ့သည်။

၁၈၅၄ ခုနှစ်တွင် သူသည် သူနာပြု ၃၈ ဦးနှင့်အတူ သင်္ဘောဖြင့် ခရီးထွက်ခဲ့သည်။ သူတို့သည် တစ်လအတွင်း အမျိုးသား ၅၀၀၀ ကို စောင့်ရှောက်ခဲ့ရသည်။ နိုက်တင်ဂေးသည် သာမန်စစ်သားများအား သူနာပြုစုခြင်း တိုးတက်မြင့်မားစေရန် တစ်နေ့လျှင် နာရီ ၂၀ အလုပ်လုပ်ခဲ့သည်။ သူသည် ညတိုင်း လူနာဆောင်အားလုံးသို့ အလည်အပတ်သွားခဲ့သည်။ စစ်သားများက "မီးအိမ်ရှင်မလေး" ဟု အမည်တွင်သောသူ့ကို ချစ်ခင်နှစ်သက်ခဲ့ကြသည်။ သူ၏ ဇာတ်လမ်းကို သတင်းစာများတွင် ပုံနှိပ်ဖော်ပြခဲ့ကြပြီး သူသည် မျိုးချစ်စိတ်ရှိသော၊ ရဲစွမ်းသတ္တိရှိသော သူရဲကောင်းတစ်ဦးဖြစ်လာခဲ့သည်။ ကျေးဇူးတင်သောလူများက သူ့အားသင့်တော်သလို အသုံးပြုရန်အတွက် စုစုပေါင်း ပေါင်စတာလင် ၄၅၀၀၀ လှူဒါန်းခဲ့ကြသည်။ ၁၈၆၀ ပြည့်နှစ်တွင် သူသည် ယင်းငွေအားလုံးကို လန်ဒန်မြို့ စိန့်သောမတ်ဆေးရုံရှိ သူနာပြုများအတွက် နိုက်တင်ဂေး သင်တန်းကျောင်းတွင် သုံးစွဲခဲ့သည်။

ခရိမီယာတွင် အလုပ်လုပ်ခြင်း၏ အားအင်ကုန်ခန်းမှုများသည် သူ့ကျန်းမာရေးကို ပိုမိုဆိုးရွားလာစေပြီး ၁၈၅၇ ခုနှစ်မှစ၍ နာမကျန်းဖြစ်လာခဲ့သည်။ သူ့ဘဝကို အိပ်ရာပေါ်တွင် ကျောခင်း၍ လွန်ခဲ့သော ၅၂ နှစ်ကာလများကို အချိန်ဖြုန်းခဲ့သော်လည်း လူအများ၏နေအိမ်များတွင် ဆေးဝါးကိစ္စများ ဆောင်ရွက်ပေးရန် ဆေးရုံသူနာပြုများ၊ ဝမ်းဆွဲဆရာများ၊ နယ်မြေသူနာပြုများကို လေ့ကျင့်သင်ကြားပေးရန် ကူညီဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဗြိတိသျှစစ်သားများ၏ သာရေးနာရေးနှင့် သူတို့၏ကျန်းမာရေး၊ နေထိုင်ရေးနှင့် အစားအစာများကို တိုးတက်မြင့်မားရေးဆောင်ရွက်ရာတွင် သူ စိတ်ဝင်စားမှု ရှိခဲ့သေးသည်။

သူ အလုပ်လုပ်နိုင်သော်လည်း သူ၏ အမြင်အာရုံမှာ တဖြည်းဖြည်းဆိုးရွားလာခဲ့ပြီး ၁၉၀၁ ခုနှစ်တွင် မျက်မမြင်ဖြစ်ခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် သူသည် ဂုဏ်ရည်ထူးချွန်ကောင်းမွန်ခြင်းဆိုင်ရာ ဆုချီးမြှင့်ခံရသော ပထမဆုံးအမျိုးသမီးဖြစ်လာခဲ့ပါသည်။ ။

**၁၈၅၄ ခုနှစ်တွင် သူသည် သူနာပြု ၃၈ ဦးနှင့်အတူ သင်္ဘောဖြင့် ခရီးထွက်ခဲ့သည်။ သူတို့သည် တစ်လအတွင်း အမျိုးသား ၅၀၀၀ ကို စောင့်ရှောက်ခဲ့ရသည်။ နိုက်တင်ဂေးသည် သာမန်စစ်သားများအား သူနာပြုစုခြင်း တိုးတက်မြင့်မားစေရန် တစ်နေ့လျှင် နာရီ ၂၀ အလုပ်လုပ်ခဲ့**



ကဗျာ

## မီးထွန်းပါရစေ မော်

✧ မလင်းလှပေမယ့်
ပြင်းပြတဲ့ စေတနာကို
တဖေမှာ မချုပ်တည်းနိုင်လို့
သည်မီး ကြည်အောင်ထွန်းလိုက်ရ
'ရှုန်းပါဘူး' ဆိုနဲ့နော်။

✧ မရင်းလှပေမယ့်
သင်းမြတဲ့ မေတ္တာခိုင်ကို
လှမ်းကိုင်ကာ တမေမွှေးနိုင်ဖို့
မှိန်မှေး တစ်အိမ်မီးငယ်နှင့်
မောင်ဆီးလို့ ကြိုခဲ့သော်။

✧ ဩော်.. ရှုရာမျှော်ကြည့်
ကိုးနယ်ပြည့်မှာ
ထွန်းလှည့်မဆုံး
ဆီမီးမှန်အိမ်၊ ညီးညီးထိန်
ရောင်ရှိန်ဝါ မှုန်းကြတော့
ပျော်မဆုံး မော်မဆုံး
မော်လဲလေ ပြုံးလို့ပေါ့
မီးပုံးလေးယူစမ်းပါ့
ချစ်ကျွမ်းနဲ့ ဆွေသော်မော်။

✧ ဩော်... ပေါ်မထွန်း မျှော်မရှုန်း
မီးအိမ်ဝန်းငယ်
မှိန်လွန်းတယ်လား
အရေးမယူ လေးမမူ
ဘေးဖယ်သူ ထားပါနဲ့
ရွှေလျှုံလား ငွေဖန်သား
တောက်မထွန်း နိုင်ပြားသော်လဲ
မှောင်ကြားမှာ ဝင်းပါလိမ့်
ငြင်းပါနဲ့ ဆွေသော်မော်။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၈၃၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၆၇,၇၉၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၂၇၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၆,၄၈၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၅) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၅-၁၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၂၄,၀၃၂) ဦးနှင့် အသက် (၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၀၂,၄၈၃) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၅-၁၁-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၂၄,၀၃၂ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၀၂,၄၈၃ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၆၃၉၂၀၇ | ၉၇၁၄၉၉၇၀ | ၁၀၉၈၂၂၁ |
| ၂။ | အိန္ဒိယ | ၄၄၆၆၀၅၇၉ | ၄၄၁၁၅၂၄၀ | ၅၃၀၅၀၀ |
| ၃။ | ပြင်သစ် | ၃၆၉၄၆၉၀၄ | ၃၆၁၀၀၃၃၀ | ၁၅၇၂၇၇ |
| ၄။ | ဂျာမနီ | ၃၅၈၃၂၇၇၁ | ၃၄၃၈၉၆၀၀ | ၁၅၄၅၃၅ |
| ၅။ | ဘရာဇီး | ၃၄၈၉၂၁၃၄ | ၃၄၀၆၇၆၉၅ | ၆၈၈၄၁၉ |
| ၆။ | တောင်ကိုရီးယား | ၂၅၈၃၈၂၃၉ | ၂၅၁၆၄၈၂၃ | ၂၉၃၇၂ |
| ၇။ | ဗြိတိန် | ၂၃၉၃၀၀၄၁ | ၂၃၅၈၂၉၈၉ | ၁၉၄၇၀၄ |
| ၈။ | အီတလီ | ၂၃၆၄၂၀၁၁ | ၂၃၀၃၇၄၆၄ | ၁၇၉၄၃၆ |
| ၉။ | ဂျပန် | ၂၂၆၇၄၉၄၄ | ၂၀၅၂၀၆၉၄ | ၄၇၀၂၇ |
| ၁၀။ | ရုရှား | ၂၁၄၆၃၈၅၀ | ၂၀၈၅၅၃၃၃ | ၃၉၀၅၈၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၅၈၄၉ | ၁၀၆၀၄၆၆၃ | ၄၃၁၆၆ |
| ၂။ | အင်ဒိုနီးရှား | ၆၅၁၇၆၃၀ | ၆၃၂၂၉၂၀ | ၁၅၈၈၀၇ |
| ၃။ | မလေးရှား | ၄၉၂၃၅၃၈ | ၄၈၅၀၄၇၄ | ၃၆၄၈၂ |
| ၄။ | ထိုင်း | ၄၆၉၂၄၄၈ | ၄၆၄၉၅၀၉ | ၃၂၉၅၅ |
| ၅။ | ဖိလစ်ပိုင် | ၄၀၀၈၅၅၀ | ၃၉၂၇၁၈၇ | ၆၄၂၄၀ |
| ၆။ | စင်ကာပူ | ၂၁၂၁၄၃၅ | ၂၀၃၉၄၇၃ | ၁၆၈၆ |
| ၇။ | မြန်မာ | ၆၃၂၂၇၄ | ၆၀၆၄၈၅ | ၁၉၄၈၅ |
| ၈။ | ဘရူနိုင်း | ၂၄၁၀၄၄ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၈၁ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၅ | ၁၃၄၉၃၄ | ၃၀၅၆ |

## အင်္ဂပူမြို့ မြို့မဈေး၌ တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့ သတ်မှတ်ထားမှုအား လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ လိုက်လံစစ်ဆေး



အင်္ဂပူ နိုဝင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပူးပေါင်းအဖွဲ့များက ပြည်သူများ ပလတ်စတစ်အိတ်သုံးစွဲမှု လျော့နည်းလာစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ထားရှိရာ လိုက်နာဆောင်ရွက်မှုရှိစေရေး လိုက်လံစစ်ဆေးခြင်းကို ယနေ့နံနက် ၇ နာရီက အင်္ဂပူမြို့ မြို့မဈေး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် ဝန်ထမ်းများက ဈေးရောင်းချနေသူများ၊ ဈေးဝယ်သူများအနေဖြင့် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ကြွတ်ကြွတ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောရွက်တို့ဖြင့် သင့်တော်ရာ အစားထိုး ထုပ်ပိုးသုံးစွဲစေရေးကို ပြည်သူများ လိုက်နာဆောင်ရွက်မှုရှိစေရေး လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၄-၁၁-၂၀၂၂ ရက်မှအဆက်**

ကိုဘခက်သည် 'မ' ၏လက်တစ်ဖက်ကို အသာဆုပ်ကိုင်ထားလိုက်မိသည်။

"'မ' နဲ့ကိုယ်နဲ့ ဘယ်တော့များမှ စိတ်ချမ်းချမ်းသာသာနဲ့ နေကြရပါ့မလဲနော်။ အေးလေ ... 'မ' ပြောသလို ရှေ့ကိုမတွေးဘဲ စိတ်ချမ်းသာသလို နေကြတာက သက်သာပါသေးတယ်"

'မ' က အသင့်ရောက်လာသော ခေါက်ဆွဲကြော်ကို ကိုဘခက်အတွက် အသင့်ပြင်ပေးလိုက်သည်။

"ကဲ ... စားပါ ဆရာ။ ထမင်းလွတ်ပေါ့"

'မ' က သူကိုယ်တိုင်လည်း အားရပါးရ စားပြသည်။ ကိုဘခက်ကိုလည်း အတင်းစားစေသည်။

"ကနေ့ညလည်း မော်တစ်ယောက်တော့ မိုးလင်းတောင် ပြန်လာပါ့မလား မသိဘူး။ သူ့ကို 'မ' လေ အောင်မယ်တောင် မထင်ဘူး။ စာလည်း ကျက်တာမဟုတ်ဘူး။ ခု သူပါ အောင်တယ်။ မေမေ့ဆီက ငွေတစ်ရာတောင်းသွားတယ်။ သူ့သူငယ်ချင်းတွေကို ပါတီပေးမလို့တဲ့။ 'မ' တော့ သူငယ်ချင်းတွေကို လစ်ပြီး ဆရာ့ကို စာရေးမှာလိုက်တာ။ သူတို့ကိုတော့ မနက်မှ ချိန်းထားတယ်"

နီးလျက်နှင့်ဝေးသူနှစ်ယောက်မှာ တစ်ယောက်က သူ့အဖြစ်ကိုသူ ပြောပြသောအခါ တစ်ယောက်ကလည်း သူ့ခံစားချက်ကို ပြောမိပြန်သည်။

"'မ' ဆီက စာရတော့ ကျွန်တော်ဖြင့် ဝမ်းသာမိတယ်။ အရက်နှစ်ဆယ်နီးပါး တစ်ယောက်နဲ့တစ်ယောက် စကားမှမပြောရ ခပ်ရှောင်ရှောင်နေရတော့ စိတ်ထဲ အလိုလိုအားငယ်လာတယ်။ ကျွန်တော်ဟာ အချစ်နဲ့ပတ်သက်ပြီး ကျွန်တော့်ကိုယ်ကျွန်တော် ညံ့မှန်း ခုမှ ပိုသိတယ်။ စိတ်ညစ်တိုင်း ဟောဝန်စံ့မြိုင်ကိန္နရာချောင်းခြားပတ်ပျိုးကိုတီးပြီး ဖြေရတော့တာပဲ"

'မ' က ကိုဘခက်၏စကားကို ခပ်ပြုံးပြုံးဖြင့် နားထောင်နေမိသည်။ ကိုဘခက်က 'မ' အတွက် စိတ်ဆင်းရဲပုံကို ကြားရသောအခါ ဘာကြောင့်မှန်းမသိ အလိုလို ကြည်နူးမိသည်။

ချစ်သူက ကိုယ့်ကို ချစ်ရသည့်စိတ်ကြောင့် ပင်ပန်းဆင်းရဲသည်ကို ကြားသိရသောအခါ ကိုယ်ပါ စိတ်မကောင်းဖြစ်ရမည်မှန်သော်လည်း တစ်ဖက်မှ ကိုယ့်ကို တကယ်တမ်း ချစ်ခင်စွဲလမ်းခြင်းကို သိရသည့်အတွက် ကြည်နူးမိသည်။

'မ' က ကိုဘခက်ကို စိုက်၍ကြည့်နေရာမှ ပြုံးစစဖြင့် သူ့စိတ်ထဲတွင်ရှိသည့်အတိုင်း ခပ်ရိုးရိုးပြောလိုက်သည်။

ဆရာ့ကို 'မ' တွေ့စက တော်တော် ပေါင်းသင်းရခက်မယ့်လူပဲလို့ ထင်မိတယ်။ ဆရာ့ပညာကို အထင်ကြီးပေမယ့် လူကတော့ ဂွစာပဲလို့ ထင်မိတယ်။ နောက် အကြောင်းသိတော့မှ ဆရာ့ရဲ့ အတွင်းစိတ်ကို 'မ' နားလည်မိတယ်"

ကိုဘခက်က 'မ' ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ရင်း မသိမသာ နောက်လိုက်သည်။

"ဘယ်လိုနားလည်တာလဲ၊ လူတစ်ယောက်ကို စိတ်ဒုက္ခပေးတတ်တဲ့လူပဲလို့ နားလည်တာလား"

ကိုဘခက်၏အမေးကို 'မ' က ကလေးငယ်ကဲ့သို့ အပြစ်ကင်းစင်သော အပြုံးဖြင့်ပြုံးရင်း ခေါင်းငဲ့ကာ ဖြေလိုက်ရှာသည်။

"ဒီလိုတော့မထင်ဘူး ဆရာ၊ ဆရာ့ရဲ့ ဂီတဟာ နူးညံ့သိမ်မွေ့သလောက် အချစ်ရေးကျတော့ ပြင်းထန်လွန်းတယ်။ ကြမ်းလွန်းတယ်လို့တော့ ထင်မိတယ်။ 'မ' ကို ဆရာ စပြီးဖွင့်ပြောတဲ့နေ့ကများ ဆရာ့အကြောင်းကို စဉ်းစားကြည့်တယ်။ ဆရာ့ကို 'မ' ဘယ်လိုနားလည်ရမှန်း မသိဘူး။ ရွှေကဲ၊ စိန်ကဲထက် လူကဲကိုခတ်ရတာ ပိုခက်တယ်ဆိုတာ ဆရာလိုလူမျိုးပဲထင်တယ်"

'မ' က သူ့စကားနှင့်သူ ကျေနပ်ကာ သွားတက်ကလေးများပေါ်အောင် ပြုံးလိုက်သည်။ ကိုဘခက်က ဆေးပေ့ါလိပ်ကို ဖွာလိုက်ပြီးလျှင် ပြာခံခွက်ပေါ်သို့ တင်လိုက်သည်။

"နှလုံးသားကလာတဲ့အစွမ်း၊ သတ္တိ၊ ဆန္ဒ၊ စိတ်ကူး ခံစားချက်အားလုံးဟာ 'မ' ပြောသလိုပဲ ရဲရင့်တယ်။ ခိုင်မာတယ်။ ဖြူစင်သန့်ရှင်းတယ်။ အမျိုးကိုချစ်တဲ့ စစ်သူရဲကောင်းတွေဟာ အမျိုးအတွက် အသက်ပေးအပ်ကြတယ်။ အနုပညာကို ချစ်တဲ့ပုဂ္ဂိုလ်တွေဟာ အနုပညာအတွက် သူတို့ဘဝကို မြှုပ်နှံကြတယ်။ ဒီလိုပဲ ယောက်ျားတစ်ယောက်ဟာ သူချစ်တဲ့ မိန်းမပျိုအတွက် နှလုံးသားတစ်ခုလုံးကို အပ်နှံကြတယ်။ ဒါဟာ မယုံကြည်စရာ ဘာမှမရှိဘူး။ နှလုံးသားကလာတဲ့အရာတွေ မှန်သမျှဟာ ထက်မြက်တယ်၊ မှန်ကန်တယ်၊ ရဲရင့်တယ်၊ တည်ကြည်တယ်၊ ခိုင်မြဲတယ်၊ သစ္စာရှိတယ်"

"ဆရာက စကားတတ်တယ်၊ 'မ' ဆရာ့ကို အရှုံးပေးပါတယ်ဆရာ။ ဒါပေမဲ့ 'မ' ကတော့ ဆရာပြောသလို ဟုတ်မယ်မထင်ဘူး။ နှလုံးသားကလာတိုင်း ရဲရင့်တယ်ဆိုတာတော့ 'မ' ခုထိ လက်ခံလို့ မရသေးဘူး။ အမှန်ပြောရရင် 'မ' ဟာ မလိမ်တတ်ပါဘူး။ ဘာပဲပြောပြော ဘာပဲလုပ်လုပ် 'မ' ရင်ထဲက ခံစားလာရမှ လုပ်တတ်တယ်၊ ပြောတတ်တယ်။ 'မ' ရင်ထဲမှာ မရှိတာကို ပါးစပ်ဖျားကနေ မပြောတတ်ဘူး။ လုပ်လည်း မလုပ်တတ်ဘူး။ ဒါပေမဲ့ 'မ' ကိုယ်မ သိတယ်။ 'မ' ဟာ ဆရာပြောသလို နှလုံးသားကလာတဲ့ ဆန္ဒတိုင်းမှာ မရဲရင့်ဘူး၊ သတ္တိနည်းတယ်၊ 'မ' လေ ဘာပဲလုပ်လုပ်၊ ဘာပဲ ဆုံးဖြတ်ဆုံးဖြတ် ကြောက်တဲ့စိတ်က များတယ်။ ဆုံးဖြတ်ပြီးရင်တော့ အပြောင်းအလဲကို သိပ်မလုပ်တတ်ဘူး။ 'မ' လေ ခုလည်း ဆရာနဲ့ပတ်သက်ပြီး မဆုံးဖြတ်သေးတာတွေ ရှိသေးတယ်။ ဆရာ့ကို 'မ' မချစ်လို့မဟုတ်ဘူး။ ဆရာ့ကို အသည်းထဲက ချစ်တာပဲ။ ဒါပေမဲ့ သတ္တိမရှိဘူး၊ ဆရာ မသိဘူး၊ 'မ' ကို သတ္တိနည်းအောင် ခြောက်လှန့်တဲ့အရာတွေ အများကြီးရှိတယ်။ ဘာတွေလဲလို့ မေးရင် 'မ' မပြောတတ်ဘူး ဆရာ။ ဒါပေမဲ့ ဆရာ့ကို 'မ' ချစ်တယ်ဆိုတာတော့ ဆရာ အမြဲယုံစေချင်တယ်"

ကိုဘခက်သည် 'မ' ၏ ပခုံးကလေးကိုကိုင်၍ မျက်နှာချင်းဆိုင်လှည့်၍ လှည့်လိုက်သည်။

ကြင်နာသောမျက်လုံးများဖြင့် 'မ' ကို အတန်ကြာ စိုက်၍ကြည့်နေမိသည်။

"ကိုယ် နားလည်ပါတယ်။ 'မ' ကိုယ့်ကို ချစ်တယ်ဆိုတာလည်း နားလည်တယ်။ ကိုယ်တို့ရှေ့ရေးအတွက် ဆုံးဖြတ်ဖို့ကိုလည်း သတ္တိနည်းနေတယ်ဆိုတာ နားလည်တယ်။ 'မ' ကို ဘယ်အရာတွေက သတ္တိနည်းနေအောင် ခြောက်လှန့်နေကြတယ်ဆိုတာလည်း ကိုယ်နားလည်တယ်။ ဒါဟာ သဘာဝကျတယ်။ အနှောင်အဖွဲ့တစ်ခုကို ရုန်းထွက်ဖို့ဆိုတာ မလွယ်ဘူး။ အနှောင်အဖွဲ့ ပတ်ဝန်းကျင်ရဲ့ အလွှမ်းမိုးခံထားရတဲ့ အယူအဆ အစွဲအလမ်းတစ်ခုကို ဖျောက်ဖျက်ဖို့ဆိုတာလည်း တကယ်တော့ မလွယ်ဘူး။ ဥပမာ သူဌေးသမီးဘဝက လမ်းဘေးဈေးသည်တစ်ယောက်အဖြစ်နဲ့ ဈေးဆင်းရောင်းဖို့ဆိုတာ မလွယ်ဘူး။ ဒါဟာ ရှက်စရာအလုပ်တစ်ခုလို့ သဘောထားမယ်။ လမ်းဘေးဈေးသည်တစ်ယောက်ကို သူဌေးသမီးအဖြစ် အမွေးစားခံရတယ်ဆိုရင် ဒီဈေးသည်လေးအနေနဲ့ ဘဝပြောင်းပြီးနေရဖို့ သိပ်မခက်လှဘူး။ သဘောကတော့ လူတွေဟာ အောက်ကနေ အပေါ်တက်ရမယ့် အခွင့်အလမ်းရှိရင် တက်သွားဖို့ မခက်ဘူး။ ဒါပေမဲ့ အပေါ်ကနေ အောက်ဆင်းရမယ်ဆိုရင် လူတိုင်းကြောက်ကြတယ်။ 'မ' သတ္တိနည်းတယ်ဆိုတာ ဒီသဘောပါပဲ။ 'မ' ကို ဘယ်အရာတွေ သတ္တိနည်းအောင်လုပ်တယ်ဆိုတာ တခြားမှာ ရှာစရာမလိုပါဘူး။ 'မ' တို့ ပတ်ဝန်းကျင်မှာ ရှာလိုက်ရင် တွေ့တာပဲ။ ကိုယ်နဲ့ 'မ' နဲ့ ဘဝလမ်းအပြင် အတူယှဉ်ပြီး 'မ' တို့ ပတ်ဝန်းကျင်ကို ပြန်ကြည့်လိုက်စမ်းပါ။ မွန်ဆိုဒေါက်တာမကြီး၊ သူ့ရဲ့ ချစ်လင်ယောက်ျားက အင်ဂျင်နီယာကြီး။ တိုက်နဲ့ ကားနဲ့၊ သောင်းကျော်ကားနဲ့၊ ဘွဲ့ထူးဂုဏ်ထူးတွေနဲ့။ သူတို့ဘဝဟာ ဘယ်လောက် အားကျစရာကောင်းသလဲလို့၊ မော်ဆိုလည်း သူကျက်စားတဲ့ပတ်ဝန်းကျင်ကိုက တကယ့်အထက်တန်းစား ပတ်ဝန်းကျင်မှာ ကျက်စားတာ။ သူ့အတွက်ဆိုလည်း အထက်တန်းစား ယောက်ျားတစ်ယောက်ဟာ အဆင်သင့်ရှိနေရမှာပဲ။ ဒီတော့ လမ်းပေါ်မှာ ရပ်ကြရမယ့် ကိုယ်နဲ့ 'မ' နဲ့ ဘဝကနေ သူတို့ကို ပြန်ကြည့်မယ်ဆိုရင် မော့ပြီး ပြန်ကြည့်ရမှာပဲ။ သူတို့က အမြင့်မှာရှိမယ်၊ ကိုယ်တို့က အနိမ့်မှာရှိမယ်။ ဒီအချက်က 'မ' ကို သတ္တိနည်းစေတာပေ့ါ။ ကိုယ်လည်း စဉ်းစားပါတယ်။ 'မ' ကို အမြင့်ကနေ အနိမ့်ကို ဆင်းလာရမယ့်ဘဝတော့ မရောက်စေချင်ဘူး။ ဒါပေမဲ့ မတတ်နိုင် ဘူး။ ကိုယ်က 'မ' တို့ရှိတဲ့အမြင့်ကို တက်လှမ်းဖို့ဆိုတာက နည်းလမ်းမရှိဘူး"

ကိုဘခက်သည် 'မ' ၏ လည်တိုင်ကြော့ကြော့ကလေးကို သူ့လက်ဖြင့် တယုတယ ပွတ်သပ်ရင်း ညည်းလိုက်ရှာသည်။ 'မ' က ကိုဘခက်၏ လက်ကလေးကို အသာပြန်ဆုပ်နယ်ပေးလိုက်သည်။ ကိုဘခက်၏ ပခုံးစွန်းနှင့် သူ့ပါးနုနုကလေးကို မှီ၍ ကပ်ထားလိုက်သည်။

"လောကကြီးဟာ မတရားဘူးနော်။ ဘာမှ မကင်းလွတ်ဘူး။ အရာရာ အချုပ်ချယ် အနှောင်အဖွဲ့တွေနဲ့ချည်းပဲ။ ဒီအနှောင်အဖွဲ့တွေသာမရှိရင် 'မ' တို့ ဘဝဟာ ဘယ်လောက်များ ပျော်စရာကောင်းမလဲနော်"

'မ' က ကိုဘခက်၏ပခုံးစွန်းနှင့် သူ့ပါးကလေးကို ခပ်ဖွဖွပွတ်ရင်း တိုးတိုးကလေး ပြန်၍ညည်းလိုက်သည်။ ကိုဘခက်သည် 'မ' မေးဖျားကလေးကို လက်ဖျားဖြင့် မ တင်လိုက်သည်။ ပြီး... 'မ' ၏ ပါးနုကလေးကို အသာနမ်းလိုက်သည်။ 'မ' က မျက်လွှာကလေးကို အသာချ၍ ငြိမ်ခံနေရှာသည်။

"လောကကြီးက အဆင့်အတန်းမတူတဲ့လူရဲ့ အချစ်ကို အသိအမှတ်မပြုကြဘူး။ ဒါပေမဲ့ အဲဒီလို အသိအမှတ်မပြုတဲ့ လောကကြီးကို တစ်ခုတော့ မေးချင်တယ်။ အချစ်ကို ဆုံးဖြတ်ရာမှာ အသိနဲ့ ဆုံးဖြတ်မလား။ ငွေနဲ့ဆုံးဖြတ်မလား၊ အာဏာနဲ့ ဆုံးဖြတ်မလား။ ဒီလိုဆုံးဖြတ်စတမ်းဆိုရင် ရှင်ဘုရင်တွေ တော်ကောက်ပြီး မြှောက်စားတာကိုပဲ အချစ်လို့ခေါ်မလား။ ကိုယ်တော့သဘောမပေါက်ဘူး။ သူတောင်းစားက ဘုရင့်သမီးကိုချစ်တာလည်း အချစ်ပဲ။ အချစ်ဟာ ဆင်းရဲချမ်းသာ မရွေးပါဘူး။ အရုပ်ဆိုးတဲ့လူက ရွှေရုပ်လိုလှတဲ့လူကို ချစ်တဲ့ အချစ်ဟာလည်း အချစ်ပဲ။ ဆင်းရဲသားတစ်ယောက်ရဲ့ ရင်ထဲမှာ ပေါက်ဖွားလာတဲ့အချစ်ဟာ အနှောင်အဖွဲ့တွေ အဆောင်အယောင်တွေနဲ့ ကင်းလွတ်လို့ ပိုပြီးတောင် ရဲရင့်တယ်၊ ခိုင်မာတယ်၊ သန့်ရှင်းတယ်၊ မွန်မြတ်တယ်ဆိုတာကိုတော့ 'မ' ယုံကြည်စေချင်တယ်"

'မ' ယုံပါတယ် ဆရာ။ မယုံရင် မော်တို့လို လွတ်လွတ်လပ်လပ် လေလွင့်ပြီး ပျော်နေမှာပေ့ါ။ ဒါပေမဲ့ ခဏပျော်ပြီး နောက်ဆုံး ဒုက္ခတွေ့တတ်တဲ့ ဒီလောကထဲမှာ 'မ' ဝင်ပြီး မတိုးရဲပါဘူး။ ခုတောင်မော့်အတွက် 'မ' ရင်တထိတ်ထိတ်နေရတာ ဆရာ။ 'မ' ဆရာ့ကို ဘာမှမငဲ့ဘဲ အနှောင်အဖွဲ့ကင်းကင်းနဲ့ ချစ်ပါတယ်။ ဒီသတ္တိမျိုး 'မ' တစ်နေ့ ရလာပါစေဆိုတာပဲ ဆုတောင်းတယ်ဆရာ"

'မ' က အံကလေးကြိတ်၍ ပြောလိုက်ရင်း ကိုဘခက်ကို တအားပြန်ဖက်ထားလိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**"နှလုံးသားကလာတဲ့ အစွမ်း၊ သတ္တိ၊ ဆန္ဒ၊ စိတ်ကူး ခံစားချက်အားလုံးဟာ 'မ' ပြောသလိုပဲ ရဲရင့်တယ်။ ခိုင်မာတယ်။ ဖြူစင်သန့်ရှင်းတယ်။ အမျိုးကိုချစ်တဲ့ စစ်သူရဲကောင်းတွေဟာ အမျိုးအတွက် အသက်ပေးအပ်ကြတယ်။ အနုပညာကို ချစ်တဲ့ပုဂ္ဂိုလ်တွေဟာ အနုပညာအတွက် သူတို့ဘဝကို မြှုပ်နှံကြတယ်။ ဒီလိုပဲ ယောက်ျားတစ်ယောက်ဟာ သူချစ်တဲ့ မိန်းမပျိုအတွက် နှလုံးသားတစ်ခုလုံးကို အပ်နှံကြတယ်။ ဒါဟာ မယုံကြည်စရာ ဘာမှမရှိဘူး။ နှလုံးသားကလာတဲ့ အရာတွေမှန်သမျှဟာ ထက်မြက်တယ်၊ မှန်ကန်တယ်၊ ရဲရင့်တယ်၊ တည်ကြည်တယ်၊ ခိုင်မြဲတယ်၊ သစ္စာရှိတယ်"**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်သို့ သင်တန်းတစ်ခေါက်ရောက်ခဲ့ရာဝယ်

**ကသ - ၁၃၁ (ဇေယျ)**





မုန်တိုင်းရှိသည့်ရက်များက အဆက်မပြတ် ရွာသွန်းခဲ့သည့်မိုးသည် နောက်တစ်နေ့နံနက်တွင် တိမ်ကင်းစင်ကြည်လင်လျက်ရှိသည်။ နံနက် ၇ နာရီပင်ရှိသေးသော်လည်း သူရိန်နေမင်းကြီးက လောကကြီးတစ်ခွင် အလင်းရောင်ဖြန့်ကြက်ကာ အစွမ်းကုန်ထွက်ပေါ်စပြုနေပြီဖြစ်သည်။ ထိုအချိန်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ဇီးပင်ကြီးကျေးရွာရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ သင်တန်းတက်ရောက်ရန် ခရီးစတင်ဖြစ်ခဲ့သည်။

**အရှိန်ပြင်းပြင်းခရီးနှင်ခဲ့**

သင်တန်းသားများကို တင်ဆောင်လာသည့် Express ကားကြီးနှစ်စီးသည် အရှိန်နှင့်လွှတ်လိုက်သည့်မြားကဲ့သို့ မြို့ရွာများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လျက် အရှိန်ပြင်းပြင်းခရီးနှင်ခဲ့သည်။ အချို့နေရာများတွင် မှောင်မှိုင်းသောရာသီဥတုအခြေအနေ၊ နေပူတစ်ခါ၊ မိုးအုံ့တစ်လှည့်၊ အချို့နေရာများတွင် ညက်နေအောင် ထွန်ယက်ထားသည့် လယ်ယာမြေ၊ အချို့နေရာများတွင် စိမ်းစိုနေသည့် စိုက်ခင်းများကို တွေ့ရသည်။

မညီမညာတောတန်းများ၊ မို့မောက်နေသည့် ကုန်းကမူများ၊ အတန်းလိုက်စိုက်ပျိုးထားသည့် သစ်ပင်ပန်းပင်များ၊ အချို့နေရာများမှာ နေဘက်သို့ မျက်နှာမူကာ ငွားငွားစွင့်စွင့်ပွင့်လန်းနေသည့် နေကြာစိုက်ခင်းများက သဘာဝတရားကြီးနှင့် နီးစပ်အောင် စိတ်အစဉ်ကို ဆွဲဆောင်လျက်ရှိသည်။

ကိုဗစ်ကာလဖြစ်သည့်အတွက် သင်တန်းရောက်၍ ကိုဗစ်ပိုးတွေ့ခဲ့သော် စသဖြင့်စိုးရိမ်ပူပန်သည့်အတွေးတို့ကလည်း မောင်းနှင်နေသည့် ကားနှင့်အပြိုင် စိတ်အာရုံတွင် ပြေးလွှားနေသည်။ သုံးနာရီခန့်ခရီးနှင်ပြီးနောက် မြွေလိမ်မြွေကောက်လမ်းနှင့် မှိုင်းညို့နေသည့် တောင်တန်းများက ဆီးကြိုနှုတ်ဆက်နေပြီး မြေပြန့်မှလာသူများအတွက် အမြင်တစ်မျိုးဆန်းကာ တွေးချင်စရာ၊ ဆွေးချင်စရာဖြစ်ခဲ့ရသည်။

သို့သော် အချိန်ကြာကြာတွေးခွင့်၊ ငေးမောခွင့်မရလိုက်မီ ၂၃ မိုင် (ဇီးပင်ကြီးကျေးရွာ) ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်သို့ ရောက်ရှိလာခဲ့သည်။ တစ်လတာခန့် တည်းခိုနေထိုင်ရမည့် ဇီဇဝါဆောင်၌ ခရီးဆောင်အိတ်များ နေရာချပြီးချိန်တွင် ကိုဗစ်-၁၉ ရှိ/မရှိ စစ်ဆေးရန် အကြောင်းကြားလာသည်။ ပိုးတွေ့လျှင် အိမ်ပြန်ရမည်လားစသဖြင့် သို့လောသို့လောအတွေးတို့က ဖိစီးလာပြီး ရင်ခုန်စိတ်လှုပ်ရှားရပြန်ပါသည်။ အဆောင်အလိုက် ၁၀ ယောက်တစ်တွဲတန်းစီပြီး ကိုဗစ်ပိုး ရှိ/ မရှိစစ်ဆေးကြရသည်။

Rapid Test Kit တို့အကူအညီကြောင့် မိနစ်အနည်းငယ်အတွင်း ပိုးမရှိကြောင်း အဖြေသိပြီး သက်ပြင်းချနိုင်ခဲ့သည်။ ပိုးတွေ့သူနှင့် Contact များကို ပြန်မလွှတ်ဘဲ ကွာရန်တင်းအဖြစ် သီးခြားအဆောင်၌ထားရှိပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့သည်ဟု ကြားသိခဲ့ရသည်။

**မြေပြင်လက်တွေ့ In House ပေါင်းစပ်ထားသည့် Hybrid သင်တန်း**

စနေ၊ တနင်္ဂနွေသည် ပိတ်ရက်ဖြစ်သည့်အတွက် အဆောင်တွင် နှစ်ရက်တာနားနားနေနေ နေခွင့်ရခဲ့ပြီး တနင်္လာနေ့မှစတင်ကာ စာသင်ကြားသည့် အစီအစဉ်စတင်မည်ဖြစ်သည်။ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၆၃) သည် မေ ၂ ရက်မှ စတင်ကာ လေးလတာခန့် အွန်လိုင်းမှသင်ကြားရပြီး နောက်ဆုံးတစ်လကို မြေပြင်လက်တွေ့ In House ပေါင်းစပ်ထားသည့် Hybrid သင်တန်းဖြစ်သည်။

သင်တန်းသို့ရောက်သည့်အခါ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ပြင်းထန်နေသည့်ကာလဖြစ်သည့်အတွက် တစ်ပတ်ခန့်အွန်လိုင်းမှသာ ထပ်မံသင်ကြားခဲ့ရပြီး ဆရာ ဆရာမများနှင့် ရင်းနှီးခင်မင်လိုစိတ်၊ နွေးနွေးထွေးထွေး ထိတွေ့ပြောဆိုကာ ပျော်ပျော်ပါးပါးဆွေးနွေးသင်ယူမည်ဟု အားခဲထားသည့်စိတ်ဆန္ဒတို့မှာ မပြည့်ဝသလိုခံစားနေရသည်။

သို့သော် ဒုတိယတစ်ပတ်တွင် စာသင်ခန်း၌ လက်တွေ့သင်ကြားမှုတို့ စတင်ခဲ့သည်။ စီမံခန့်ခွဲမှုပညာရပ်၊ စီးပွားရေး၊ ဥပဒေ၊ လူမှုရေးသိပ္ပံ၊ နိုင်ငံရေးသိပ္ပံ၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ အင်္ဂလိပ်စာဘာသာရပ်များကို ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက အာဝဇ္ဇန်းရွှင်ရွှင် စိတ်စေတနာပါပါ အင်တိုက်အားတိုက် သင်ကြားပို့ချပေးကြသည်။ စာသင်ကြားနေခြင်းထက် ဝါရင့်စာရေးဆရာကြီးများ၏ စာပေဟောပြောပွဲတစ်ခုကို နားထောင်နေရသကဲ့သို့ စိတ်အာရုံပျံ့လွင့်ချိန်မရှိ သင်တန်းချိန်တစ်ချိန်ပြီးသွားမှသာ အချိန်နာရီကို သတိပြုမိခဲ့သည်။

**လူမှုရေးသိပ္ပံဘာသာရပ်တွင် လေ့လာခွင့်ရ**

ဆရာကြီး ဆရာမကြီးများ၏ ဘာသာရပ်အပေါ်တွင် ဘဝတစ်ခုလုံးမြှုပ်နှံကာ လေ့လာလိုက်စားမှု၊ ကျွမ်းကျင်မှု၊ Professional ပီသမှုတို့ကို သတိပြုမိခဲ့ရာ လေးစားအားကျခဲ့ရသည်။ ထိုနည်းတူ ဘဝအောင်မြင်ရေးတွင် မရှိမဖြစ်အရေးကြီးသည့် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ အချက်အလက်များကိုလည်း လူမှုရေးသိပ္ပံဘာသာရပ်တွင် လေ့လာခွင့်ရခဲ့သည်။ လူတစ်ဦးတွင်ရှိနေသည့်အပြောအဆို၊ အနေအထိုင်၊ စိတ်နေစိတ်ထား၊ အများနှင့်ပေါင်းသင်းဆက်ဆံမှုတို့ကို ယေဘုယျအားဖြင့် ကိုယ်ရည်ကိုယ်သွေးဟုအနက်ဖွင့်ပြီး ဘဝတွင်အောင်မြင်မှု၊ ပြည့်စုံချမ်းသာမှု၊ ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှုရရှိလိုလျှင် ကိုယ်ရည်ကိုယ်သွေးကောင်းမွန်ရန် လိုအပ်ကြောင်းသင်ယူခဲ့ရသည်။

မိဘများ၏ ဗီဇအမွေခံကောင်းများ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုများ၊ ဆက်ဆံရေးပတ်ဝန်းကျင်စသည့်အချက်များသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုအပေါ် လွှမ်းမိုးနိုင်သည့် အချက်များဖြစ်ကြောင်း သိရှိနားလည်ခဲ့သည်။

ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုအပေါ် လွှမ်းမိုးနိုင်သည့်အချက်များတွင် ဆရာသမားကောင်းများ၏ ဆုံးမသွန်သင်မှုများကြောင့်လည်း ကလေးတစ်ဦး၏ အမူအကျင့်၊ ဓလေ့စရိုက်များ ပြောင်းလဲကာ လိမ္မာယဉ်ကျေးသူ၊ ကိုယ်ကျင့်တရားကောင်းသူ၊ ကိုယ်ရည်ကိုယ်သွေးကောင်းသူ တစ်ဦးအဖြစ် ပြောင်းလဲလာနိုင်သည်။ ငယ်ရွယ်စဉ်က မကောင်းသောဗီဇမျိုးစေ့ မည်သို့ပင်ရှိစေကာမူ ဆရာသမားတို့၏ ဆုံးမသွန်သင်မှုများသည် ကလေးများ၏ သဘောထား၊ အပြုအမူ၊ အတွေးအခေါ်တို့ကို လွှမ်းမိုးစေနိုင်ပြီး ကိုယ်ရည်ကိုယ်သွေး ကောင်းသူအဖြစ် ဘဝတိုးတက်အောင်မြင်နိုင်ကြောင်း လေ့လာခွင့်ရခဲ့သည်။

အပြုအမူတစ်ခု စွဲမြဲကျင့်သုံးသည့်အခါ အလေ့အကျင့်ဖြစ်လာပြီး အလေ့အကျင့်မှဗီဇ၊ ဗီဇမှ ကိုယ်ရည်ကိုယ်သွေးဖြစ်လာသည်။ ဗီဇနှင့် ပတ်ဝန်းကျင်သည် ခွဲခြား၍မရနိုင်သလို ငင်းရပ်တည်ရှင်သန်နေရသည့် ဆက်ဆံရေးပတ်ဝန်းကျင်သည်လည်း ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုအပေါ် လွှမ်းမိုးနိုင်သည်ကို တွေ့ရသည်။

ထိုအချက်ကို ငယ်စဉ်ကသင်ယူခဲ့ရသည့် ကျေးညီနောင်ပုံပြင်တွင် ရသေ့တို့၏ကျောင်းသင်္ခမ်းသို့ ရောက်ရှိသွားသည့်ကျေးနှင့် ခိုးသားတို့ထံသို့ ရောက်ရှိသွားသည့်ကျေး၏ သာဓကတို့ကို ထုတ်နုတ်တင်ပြခဲ့ရာ စိတ်အာရုံတွင် စွဲမြဲမှတ်မိခဲ့သည်။

**ကောင်းမွန်သည့် ဝန်းကျင်ကောင်းတစ်ခု**

လူ၏ မူလသဘာဝသည် စိတ်ထားမွန်မြတ်ခြင်း၊ ဖြူစင်ကောင်းမွန်ခြင်း၊ အတ္တနှင့်ပရ မျှတခြင်းတို့ရှိကြသည်။ တွန်းတိုက်ပါများလျှင် ကျောက်စိုင်ကျောက်သားပင် ပွန်းပဲ့တတ်ရာ လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်၏လွှမ်းမိုးမှုဒဏ်ကြောင့် လူသည်လည်း စိတ်ဆိုးစိတ်ယုတ်များ၊ ကောက်ကျစ်ရိုင်းစိုင်းရက်စက်တတ်သည့် စိတ်နေစိတ်ထားများပြောင်းလဲလာနိုင်ပြီး ကိုယ်ရည်ကိုယ်သွေးညံ့သူဖြစ်လာနိုင်ရာ လူတစ်ဦးအတွက် ကောင်းမွန်သည့်ဝန်းကျင်ကောင်းတစ်ခုဖန်တီးပေးနိုင်ရန်မှာ အရေးပါသည့်အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း လေ့လာခွင့်ရခဲ့သည်။

လုပ်ငန်းခွင်သည် မိမိ၏ဒုတိယမိသားစုဟု ပြောနိုင်ပြီး မိမိတို့လုပ်ငန်းနယ်ပယ်တွင် အထက်အောက်၊ ဘေးတိုက်လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမများနှင့် ထိတွေ့ဆက်ဆံနေကြရသည်။ မွေးဖွားကြီးပြင်းရာ ပတ်ဝန်းကျင်မတူညီသည့်အခါ အသိဉာဏ်၊ စိတ်နေစိတ်ထား၊ ဝါသနာ၊ ဗီဇ၊ စရိုက်၊ ကိုယ်ရည်ကိုယ်သွေးများ မတူညီနိုင်သည့်အတွက် ကိုယ်ချင်းစာတရား၊ စာနာနားလည်သည်းခံမှုတို့ဖြင့် ဌာန၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်းကိုလည်း သိမြင်လာခဲ့သည်။

ထို့ပြင် လူတိုင်းတွင် အရေးကိစ္စအဝဝဖြင့် အဆင်မပြေမှုများ ရှိနေတတ်သည်။ ထိုသို့ အဆင်မပြေမှုများ၊ အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေချိန်တွင် လုပ်ငန်းခွင်၌ အများနှင့် ပြောဆိုဆက်ဆံရသည့်အခါ မိမိကိုယ်ကိုဗဟိုပြု အတ္တကိုရှေ့တန်းတင်ကာ ပြောဆိုဆက်ဆံနေမှုများကလည်း ကိုယ်ရည်ကိုယ်သွေးကောင်းသူတစ်ဦး၏ စရိုက်လက္ခဏာမဟုတ်ကြောင်း လေ့လာခွင့်ရခဲ့သည်။

> **စာပေဆိုင်ရာ ပညာဗဟုသုတများအပြင် အများနှင့်နေထိုင်သည့်အခါ မေတ္တာဖြင့်နေရမည် ဆိုသည့်ထုံးကို နှလုံးမူနိုင်အောင် သင်တန်းမှ သင်ယူခွင့်ရခဲ့သည်။ မတူညီသည့်နေရာ၊ ဒေသ၊ နယ်ပယ်များမှလာသလို အသက်အရွယ်အမျိုးမျိုး၊ လူအမျိုးမျိုး စိတ်အထွေထွေဖြင့် ကြုံဆုံရသည့်အခါ "ဝမ်းသာစရာအကြောင်းကို ရှာတတ်လျှင် ဝမ်းသာစရာအကျိုးဖြစ်ပေါ်၏" ဆိုသည့်အတိုင်း ဘယ်အရာမဆို အကောင်းမြင်စိတ်ဖြင့် ရှုမြင်သုံးသပ်ပြီး ညှိညှိနှိုင်းနှိုင်းပေါင်းစပ်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း သင်တန်းမှရရှိခဲ့**

စာမျက်နှာ ၂၅ သို့ ✪

❂ စာမျက်နှာ ၂၄ မှ

**ဘဝအောင်မြင်ရေးအတွက် အရေးကြီးသည့်နည်းလမ်း**

လူသားတစ်ဦးလိုက်နာရမည့် ကိုယ်ကျင့်တရားဆိုင်ရာအခြေခံအချက်များနှင့် မိမိ၏အပြုအမူ၊ စကားတစ်ခွန်းကြောင့် သူတစ်ပါးမနာကျင်ရအောင်၊ စိတ်အနှောင့်အယှက်မဖြစ်ရအောင် ကိုယ်ချင်းစာတရားဖြင့် ဆင်ခြင်ပြုမူနေထိုင်ခြင်းကလည်း ဘဝအောင်မြင်ရေးအတွက် အရေးကြီးသည့်နည်းလမ်းတစ်ခုဖြစ်ကြောင်း နားလည်ခဲ့ရသည်။

ထို့ပြင် လုပ်ငန်းတစ်ခု၏ ရည်မှန်းချက်များအောင်မြင်ရန် အသင်းအဖွဲ့စိတ်ဓာတ်သည် အရေးကြီးကြောင်း၊ အသင်းအဖွဲ့တွင် စီမံခန့်ခွဲသူသည် Know your men ဆိုသည့်အတိုင်း မိမိလူများ၏ လူပုဂ္ဂိုလ်အလိုက်ခြားနားမှုများ၊ အရည်အသွေးနှင့် စွမ်းဆောင်ရည်များကို အကဲခတ်တတ်ပြီး လူမှန်နေရာမှန်ထားတတ်ရန် လိုအပ်ကြောင်းကိုလည်း ဗဟုသုတအဖြစ် မှတ်သားမိခဲ့သည်။

ခေါင်းဆောင်မှုဆိုသည်မှာ ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရန် လူအများကို ဦးဆောင်ဦးရွက်ပြုရသည့်လုပ်ငန်းစဉ်ဖြစ်သည်။ ခေါင်းဆောင်ကောင်းတစ်ဦးသည် လက်အောက်ဝန်ထမ်းများကပြစ်ဒဏ်တစ်စုံတစ်ရာကိုကြောက်ရွံ့၍ လုပ်ဆောင်ခြင်းထက် ၎င်းတို့စိတ်ဆန္ဒအရ လုပ်ကိုင်ဆောင်ရွက်ချင်လာအောင် စည်းရုံးဆွဲဆောင်နိုင်စွမ်းရှိသူဖြစ်ရမည်။

အခြားလူများထက် မိမိလုပ်ငန်း၊ ဌာနအဖွဲ့အစည်းတိုးတက်ရေးအတွက် ပိုမိုတွေးခေါ်မြော်မြင်နိုင်စွမ်းရှိသူဖြစ်ရမည်ဖြစ်သည်။ ခေါင်းဆောင်တစ်ယောက်အနေဖြင့် မိမိအယူအဆကသာမှန်သည်ဟု ဆုံးဖြတ်၍မရဘဲ မိမိမမြင်နိုင်သည့်အခြားသူများ၏ ရှုထောင့်အမျိုးမျိုးကလည်း သုံးသပ်ဆုံးဖြတ်နိုင်ရမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ခေါင်းဆောင်မျိုးအုပ်ချုပ်သည့် ဌာနအဖွဲ့အစည်းသည် အောင်မြင်တိုးတက်မည်ဖြစ်ကြောင်း Leadership နှင့်ပတ်သက်၍ စီမံခန့်ခွဲမှုဘာသာရပ်တွင် လေ့လာခဲ့ရသည်။

**သင်တန်းမှ မွေးမြူပေးခဲ့**

ထို့ပြင် ပင်ကိုနိုးကြားတက်ကြွသည့် အသိစိတ်ဓာတ်ဖြင့် စုပေါင်းပါဝင်ပူးပေါင်းလုပ်ဆောင်တတ်သည့် ဝသီအလေ့အထစွဲမြဲရန်၊ စည်းကမ်းလိုက်နာပြီး အမိန့်နာခံတတ်သည့် အလေ့အကျင့်ကောင်းများစွဲမြဲရန်၊ စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရန်အတွက် ကာကွယ်ရေးဘာသာရပ်များကိုလည်း လေ့လာခွင့်ရခဲ့သည်။ ကိုယ်ခန္ဓာကြံ့ခိုင်ကျန်းမာမှုရရှိခြင်း၊ လျင်မြန်မှုအလေ့အကျင့်၊ ဖွဲ့လုံ့လဝီရိယရှိစေသည့်အလေ့အကျင့်နှင့် ရဲဘော်ရဲဘက်စိတ်ဓာတ်များကိုလည်း သင်တန်းမှ မွေးမြူပေးခဲ့သည်။

နောက်ဆုံးပိတ် အိတ်နှင့်လွယ်ဆိုသလို သင်တန်းဆင်းခါနီး တစ်ရက်အလို၌ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ပါမောက္ခချုပ်က ပြည်သူလူထုအခြေပြုသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ခိုင်မာအားကောင်းလာအောင် Public Administration Reform ပြုလုပ်ရန်လိုအပ်ပုံ၊ ပြုလုပ်ရာတွင် ချိန်ဆဆောင်ရွက်ရမည့် အဓိကအကြောင်းအရာများကို ဆွေးနွေးပို့ချပေးခဲ့ပြီး ဝန်ထမ်းအဖွဲ့အစည်းများအားကောင်းလာအောင် Service Reform နှင့် Performance Reform ပြုလုပ်ရန် လိုအပ်ချက်များကို အုပ်စုများခွဲ၍ ဆွေးနွေးစေခဲ့သည်။

ထို့ပြင် စာပေဆိုင်ရာ ပညာဗဟုသုတများအပြင် အများနှင့်နေထိုင်သည့်အခါ မေတ္တာဖြင့်နေရမည်ဆိုသည့်ထုံးကို နှလုံးမူနိုင်အောင် သင်တန်းမှသင်ယူခွင့်ရခဲ့သည်။ မတူညီသည့်နေရာ၊ ဒေသ၊ နယ်ပယ်များမှလာသလို အသက်အရွယ်အမျိုးမျိုး၊ လူအမျိုးမျိုး စိတ်အထွေထွေဖြင့် ကြုံဆုံရသည့်အခါ "ဝမ်းသာစရာအကြောင်းကို ရှာတတ်လျှင် ဝမ်းသာစရာအကျိုးဖြစ်ပေါ်၏" ဆိုသည့်အတိုင်း ဘယ်အရာမဆို အကောင်းမြင်စိတ်ဖြင့် ရှုမြင်သုံးသပ်ပြီး ညှိညှိနှိုင်းနှိုင်းပေါင်းစပ်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း သင်တန်းမှ ရရှိခဲ့သည်။

**သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် နေထိုင်တတ်သည့် စည်းစနစ်မျိုးစေ့တို့ ရရှိလာခဲ့**

အခန်းအတွင်း အိပ်ဆောင်ခင်းကျင်းမှု စစ်ဆေး၍ Kit ထိလျှင် အမှတ်လျော့မည်ကိုကြောက်သည့်အတွက် ဆံချည်မျှင်တစ်မျှင်မရှိရအောင်၊ အဝတ်အစားများ အခန်းအတွင်း ဖရိုဖရဲမဖြစ်ရအောင် နံနက်စောစောကြိုတင်ထကာ အခန်းအတွင်း၊ အပြင်နှင့် အဆောင်တွင် အဆိုင်းများခွဲကာ သန့်ရှင်းရေးလုပ်ရခြင်းက သင်တန်းတက်ရောက်နေစဉ်အတွင်း စိတ်ဖိစီးမှုတစ်ခုဖြစ်ခဲ့သော်လည်း မိမိနေအိမ်ပြန်ရောက်သည့်အခါ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နေထိုင်တတ်သည့် စည်းစနစ်မျိုးစေ့တို့ ရရှိလာခဲ့ပြီဖြစ်သည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (ဇီးပင်ကြီး) နှင့်တွဲ၍မေ့မရသည်က ဈေးဆိုင်တန်းက ထောပတ်သီးဖျော်ရည်နှင့် ဆန်ခေါက်ဆွဲပင်ဖြစ်သည်။ ကိုယ့်ရပ်ရွာသို့ ပြန်လည်ရောက်ရှိပြီး သတိရ၍ စားသောက်သည့်အခါ ဇီးပင်ကြီးဈေးဆိုင်တန်းမှ အရသာမျိုးမရနိုင်သည့်အတွက် တစ်မျိုးလေး လွမ်းဆွတ်ရပြန်သည်။

ထူးခြားချက်တစ်ခုက မည်သည့်အသက်အရွယ်မဆို သင်တန်းတက်ရောက်ရန် ရောက်ရှိလာသည့်အခါ ငယ်စဉ်က ကျောင်းသားဘဝကို ပြန်လည်ရောက်ရှိသွားသလို စိတ်လွတ်လပ်ပေါ့ပါးကာ ပျော်ရွှင်ကြရခြင်းဖြစ်သည်။

**အသိပညာ၊ အတတ်ပညာအမွေများကို လက်ဆင့်ကမ်းလျက်ရှိ**

အမိကျောင်းတော်ကြီးသည် နိုင်ငံ့ဝန်ထမ်းများအတွက် Hybrid Learning စနစ်ဖြင့် အရာထမ်းငယ်သင်တန်း၊ အရာထမ်းအခြေခံသင်တန်း၊ အလယ်အလတ်အဆင့်သင်တန်းများကို ဖွင့်လှစ်ကာ နိုင်ငံ့ဝန်ထမ်းများ၏ကျင့်ဝတ်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မကုန်ခန်းနိုင်သည့် အသိပညာ၊ အတတ်ပညာအမွေများကို လက်ဆင့်ကမ်းလျက်ရှိသည်။

ခွက်သေးသေးနှင့် ခံယူလျှင် နည်းနည်းသာရမည်။ ခွက်ကြီးကြီးနှင့်ခံယူလျှင် များများရမည်။ မိမိခံယူသည့် ခွက်အရွယ်အစားအပေါ်မူတည်ပြီး ပညာအမွေ၊ အသိအမြင်ဗဟုသုတများ ရရှိမည်ဖြစ်ကြောင်းကို သင်တန်းကာလအတွင်း ဆရာဆရာမတို့ ပြောကြားခဲ့သည့်စကားတို့ကလည်း စိတ်ထဲစွဲမြဲမှတ်သားမိခဲ့သည်။

ပြော၍မကုန် ကြုံဖူးမှသိဆိုသကဲ့သို့ နိုင်ငံ့ဝန်ထမ်းတစ်ဦးအတွက် များပြားလှသော ပညာဗဟုသုတများကို ဖြည့်စွမ်းပေးခဲ့သည့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ကို ကဗျာလေးဖြင့် ဤသို့ဂုဏ်ပြုရင်း နိဂုံးချုပ်လိုပါသည်။

**"ကသုတ်ကရက်နဲ့ ရုတ်တရက်နှုတ်ဆက်ခဲ့ရပေမယ့် အမှခက်သမို့ လွမ်းနေဦးမယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်"** ဟုသာ။ ။

■

## ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်)ပွဲစဉ် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကစီစဉ်၍ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်)ပွဲစဉ်ကို နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ပြင်ဦးလွင်မြို့ရှိ ချယ်ရီလွင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်(အမျိုးသား)(H'cap 0–12)၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) (H'cap 0–18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပညာရှင်အဆင့်ကစားသမားများ၊ လက်ရည်စစ်ပွဲယှဉ်ပြိုင်ရန်မလိုသော ဝါသနာရှင်အဆင့် (အမျိုးသား)နှင့် ဝါသနာရှင်အဆင့် (အမျိုးသမီး) ဂေါက်သီးအားကစားသမားများသည် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့်ပြိုင်ပွဲဝင်မည့် ကစားသမားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့်ပြိုင်ပွဲဝင်မည့် ကစားသမားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉–၄၂၀၀၂၂၅၉ ထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် နိုဝင်ဘာ ၁၂ ရက်တွင် Official Practice Round ကစားနိုင်မည်ဖြစ်ပြီး အမည်စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲမဝင်နိုင်ပါက ပြိုင်ပွဲမတိုင်မီကြိုတင်အကြောင်းကြားရန်လိုအပ်ကာ အကြောင်းကြားခြင်းမရှိပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသော ကစားသမားများကို ပြိုင်ပွဲအတွဲဇယားများတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။ **ကိုညီလေး**

❍ ချန်ပီယံမှ

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ပွဲပြီးကတည်းက ချန်ပီယံဆုရထားပြီးဖြစ်သော်လည်း ရှုံးပွဲမရှိစံချိန်အတွက် နိုင်ပွဲထပ်မံရယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် လက်ကျန်တစ်ပွဲသာ ကစားရန်ကျန်တော့ပြီး ရှုံးပွဲမရှိအောင်ကစားနိုင်ပါက အမှတ်ပေးချန်ပီယံဆုကို ရှုံးပွဲမရှိစံချိန်ဖြင့် ရယူနိုင်မည်ဖြစ်သည်။ GFA အသင်းသည် ယခုပွဲအနိုင်ရမှ တန်းမဆင်းရမည်ဖြစ်သောကြောင့် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသဖြင့် MNL မှ တန်းဆင်းသွားရပြီဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သလို GFA အသင်းမှာလည်း နိုင်ငံခြားသားကစားသမားများမပါဝင်ဘဲ ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ရှစ်မိနစ်မှာပင် စည်သူအောင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းကစားခဲ့သဖြင့် GFA အသင်း အခွင့်အရေးအချို့ပြန်ရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အမာခံကစားသမားအချို့ ထည့်သွင်းကာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ၇၃ မိနစ်တွင် စည်သူအောင်က ပင်နယ်တီမှတစ်ဆင့် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၇ ပွဲကစား ရမှတ် ၄၅ မှတ်ရရှိထားပြီး GFA အသင်းက ပွဲကုန် ၁၈ ပွဲကစား ရမှတ် ၁၀ မှတ်ဖြင့် ရခိုင်ယူနိုက်တက်အသင်းနှင့်အတူ တန်းဆင်းသွားရပြီဖြစ်သည်။ ပွဲစဉ် (၁၂) ဒုတိယနေ့အဖြစ် နိုဝင်ဘာ ၇ ရက်တွင် ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–သော်ကြီး**

## မြောင်းမြမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်

**မြောင်းမြ နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ကညွတ်ကွင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးရွှေကျော်၏ လယ်မြေတွင် ဆောင်ရွက်ခဲ့သည်။

**တစ်ဧက ၆၃ ဒသမ ၅၀ တင်း ထွက်ရှိ**

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်ကျော်မြင့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်မိုးဝင်းတို့ဦးဆောင်၍ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီမှ အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေဖြိုးမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ကွင်းအမှတ်–၄၆၄ ကညွတ်မြောက်ကွင်းအတွင်းရှိ ရောမင်းစပါးမျိုးကွဲ၏ (သင့်)အဆင့်အတန်းကိုယ်စားပြုရေိယာ ၅၉၀၂ ဧကအတွက် တောင်သူ ဦးရွှေကျော်၏ လယ်မြေရေိယာ သုည ဒသမ ၉၃ ဧကအတွင်း စံကွက်အရွယ်အစား သုည ဒသမ ၀၀၁ ဧကအား မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ ခြောက်သွေ့ပြီး စပါး တစ်ဧက ၆၃ ဒသမ ၅၀ တင်း ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၈/၉/၁၀/၁၃)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ကံဘဲ့တာဝါ Golden Thitsar Co.,Ltd. က ဆောက်လုပ်ထားသော ကွန်ဒိုတိုက်ခန်းများရှိ ဘလောက်အမှတ်(E)၊ အလွှာ(06) ၊ အခန်းအမှတ်(02)၊ ဧရိယာ (1079.19 Sq)ရှိ ကွန်ဒိုတိုက်ခန်း နှင့် အရပ်ရပ်ပိုင်ဆိုင်ခွင့်အားလုံးကို Golden Thitsar Co.,Ltd. ထံမှ (၆. ၆. ၂၀၂၀)ရက်စွဲပါ စာချုပ်ဖြင့် ဦးဝေယံထက် (၇/သနပ(နိုင်)၁၅၈၀၂၂) က ဝယ်ယူထားပြီး လက်ရှိထားပိုင်ဆိုင်ကြောင်း တရားဝင်ပြန်လည် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ထုတ်ဖော်ကြေညာ၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေပေးချေထားပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စန်းချိုဦး (LL.B.D.B.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ် ၇၉၇၀/၂၀၁၁)
အမှတ်(၄၆၄)၊ အခန်း(၂/၄)ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း ၀၉ ၂၅၂၉၉၄၉၈၈

## ကမ္ဘာ့ အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့ အတူ ဆက်လက် ဆောင်ရွက်စို့

## အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆုပြည့်စုံအေး[၈/မလန(နိုင်)၀၉၀၁၇၈]ကိုင်ဆောင်သူ(GREAT SUCCESS EMPIRE COMPANY LIMITED)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ GREAT SUCCESS EMPIRE COMPANY LIMITED CO., LTD ၏ ပတ်ဝန်းကျင်နှင့် လူမှုကွန်ရက်စာမျက်နှာများ၊ ဆိုရှယ်မီဒီယာများ၊ Facebook Account များတွင် ၎င်း Co, Ltd နှင့် မိသားစုများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသော၊ စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ခြိမ်းခြောက်သောပြောဆိုမှုများ၊ အသရေပျက်စေသော အပြုအမူကိစ္စရပ်များအား နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ရေးသားခြင်း၊ ပြောဆိုခြင်း၊ ဖြန့်ဝေခြင်း၊ ယင်းဖြန့်ဝေမှုများကို တုံ့ပြန်မှုများပြုလုပ်ခြင်း၊ မှတ်ချက်ပေးခြင်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ လုံးဝမပြုလုပ်ပါရန် တားမြစ်အပ်ပါသည်။ ပြုလုပ်ထားပါက ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်း၊ ဖျက်သိမ်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။ လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၄၃)**
**ဖုန်း-၀၉-၇၇၄၄၀၉၁၆၈**

## အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာအုပ်စု၊ လက်ပံပင်ကျေးရွာနေ ဦးတာ [၉/မခန(နိုင်)၁၃၁၄၇၂] နှင့် ဒေါ်နော်ထူးဝင်း [၉/မခန(နိုင်) ၀၀၀၉၆၃] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ ကိုစည်သူစံ [၉/မခန(နိုင်)၂၁၇၉၉၆] သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့သောကြောင့် ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ထားသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏ သားမှာ အမွေစားအမွေခံသားအဖြစ် စွန့်လွှတ်ထားပြီးဖြစ်သည့် အချိန်မှစ၍ ယနေ့အချိန်ထိ ဆက်သွယ်ပတ်သက်မှု တစ်စုံတစ်ရာ (လုံးဝ) မရှိပါသောကြောင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝမှာ မိဘများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးတာ [၉/မခန(နိုင်)၁၃၁၄၇၂]**
**ဒေါ်နော်ထူးဝင်း [၉/မခန(နိုင်) ၀၀၀၉၆၃]**

**ဒေါ်ပြည့်ပြည့်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၁၂/၂၀၁၈)**
**အမှတ်(၆) ရပ်ကွက်၊ မြင်းခြံမြို့။**
**09-401660068,09-798764840**

## "သက်ဆိုင်သူများကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဧ/တောင်ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာရှိ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၅၀၃)၊ ၆-လွှာ၊ (၈၀၀)စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်သင်းသင်း [၁၄/ဘကလ(နိုင်)၀၂၁၀၂၆]ထံမှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ၊ ပိုင်ဆိုင်ခွင့်ရှိသည်ဟု အဆိုပြုလိုသူများရှိပါက ဤကြော်ငြာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမင်းဟိန်း(LL.B, D.P.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၃၉)**

**ဒေါ်စမ်းမိကို(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၀၆)**

**အမှတ်(၇၅)၊ ရတနာဒီပလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၈၂၅၉၇၀၊ ၀၉-၇၈၅၅၁၇၃၃၃**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# အားကစား

## ရီးယဲလ်မက်ဒရစ်နဲ့ ဆီဗီလာနည်းပြဟောင်း လိုပက်တီဂီကို ဝုလ်ဗာဟမ်တန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်



ဝုလ်ဗာဟမ်တန်အသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဆီဗီလာအသင်းတို့ရဲ့ နည်းပြဟောင်း တစ်ဦးဖြစ်တဲ့ စပိန်နိုင်ငံသား နည်းပြ လိုပက်တီဂီကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီ ဖြစ်ပါတယ်။

အသက် ၅၆ နှစ်အရွယ်ရှိ နည်းပြ လိုပက်တီဂီဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပရီမီယာလိဂ်ပြိုင်ပွဲ ရပ်နားထားမယ့်အချိန်ဖြစ်တဲ့ နိုဝင်ဘာ ၁၄ ရက်မှာ ဝုလ်ဗာဟမ်တန်အသင်းနည်းပြတာဝန်ကို စတင်ထမ်းဆောင်မှာဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းဟာ နောက်ဆုံး ၁၅ ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ နည်းပြ ဘရူနိုလာ့ဂျ်ကို အောက်တိုဘာ ၂ ရက်မှာ ထုတ်ပယ်ခဲ့ပြီးနောက် နိုဝင်ဘာ ၅ ရက်မှာ လိုပက်တီဂီကို နည်းပြသစ်အဖြစ် အစားထိုးခန့်အပ်ခဲ့တာဖြစ်ပါတယ်။ လိုပက်တီဂီရဲ့ ဝုလ်ဗာဟမ်တန်အသင်းကို ပထမဆုံး ကိုင်တွယ်မယ့်ပွဲစဉ်ကတော့ ဒီဇင်ဘာ ၂၆ ရက်မှာ အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ် ဖြစ်ပါတယ်။

## ဂါဘရီယယ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရပြီး အာဆင်နယ်အသင်း ဇယားထိပ်၌ ဆက်လက်ဦးဆောင်နိုင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၁၃)ရဲ့ တနင်္ဂနွေနေ့ ညပိုင်း အစောဆုံးနဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ ချယ်လ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းကို ပွဲကစားချိန် ၆၃ မိနစ်မှာ ရရှိခဲ့တဲ့ ဂါဘရီယယ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

### သွင်းဂိုး ၁၀ ဂိုးရှိသွားပြီ

အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ ဂါဘရီယယ်ဟာ အာဆင်နယ်အသင်းနဲ့အတူ သွင်းဂိုး ၁၀ ဂိုးရှိသွားပြီ ဖြစ်ပါတယ်။ အခုပွဲစဉ်ဟာ ချယ်လ်ဆီးအသင်းတိုက်စစ်မှူး အူဘာမီယန်အတွက် အသင်းဟောင်းနဲ့ ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး ပါဝင်ကစားခဲ့တဲ့ ၆၄ မိနစ်အတွင်းမှာ ရှစ်ကြိမ်သာ ဘောလုံးထိတွေ့ခွင့်ရရှိခဲ့တာကြောင့် အူဘာမီယန်ရဲ့ စိတ်ပျက်စရာ ညတစ်ညလည်း ဖြစ်လာခဲ့ပါတယ်။

အာဆင်နယ်အသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့လို့ ပရီမီယာလိဂ် ၁၃ ပွဲကစားပြီးချိန်မှာ ၁၁ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၃၄ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ၁၃ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၂၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၇)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ယနေ့ညယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ အက်စ်တွန်ဗီလာအသင်းက မန်ယူအသင်းကို သုံးဂိုး-တစ်ဂိုး၊ နယူးကာဆယ်အသင်းက ဆောက်သမ်တန်အသင်းကို လေးဂိုး-တစ်ဂိုး၊ ခရစ္စတယ်ပဲလေ့အသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုး အသီးသီးအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။



## ဂျက်စီကာမက်ကက်ကင်းကို အနိုင်ရပြီး လိုက်ဝယ်တာဝိတ်ချန်ပီယံဖြစ်လာတဲ့ ချန်တယ်လီကာမီရွန်



အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီ၌ ယနေ့ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ လိုက်ဝယ်တာဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲမှာ ဗြိတိန်လက်ဝှေ့မယ် ချန်တယ်လီကာမီရွန်က အမေရိကန်လက်ဝှေ့မယ် ဂျက်စီကာ မက်ကက်ကင်းကို အနိုင်ရရှိခဲ့တာကြောင့် ချန်တယ်လီကာမီရွန်ဟာ ဗြိတိန်နိုင်ငံရဲ့ အငြင်းပွားစရာမလိုဘဲ လိုက်ဝယ်တာဝိတ်ချန်ပီယံဖြစ်လာခဲ့တဲ့ ပထမဆုံး လက်ဝှေ့မယ်လည်း ဖြစ်လာခဲ့ပါတယ်။

ဗြိတိန်လက်ဝှေ့မယ် ကာမီရွန်ဟာ အီတီဟက်ဒ်အရီနာ လက်ဝှေ့ကြိုးဝိုင်းအတွင်းမှာ အမေရိကန်လက်ဝှေ့မယ် ဂျက်စီကာမက်ကက်ကင်းကို အလွယ်တကူနဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဒိုင်သုံးဦးစလုံးရဲ့ ပေးမှတ်တွေဖြစ်တဲ့ ၉၆-၉၄၊ ၉၆-၉၄၊ ၉၇-၉၃ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ ဗြိတိန်လက်ဝှေ့မယ် ကာမီရွန်ဟာ အခုပြိုင်ပွဲမှာ အသက် ၃၈ နှစ်အရွယ် ဂျက်စီကာမက်ကက်ကင်းကို အနိုင်ရရှိခဲ့တာကြောင့် ၁၇ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

**ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၃၇)ရှိ (၂)ခန်းတွဲ(၇)ထပ်တိုက်၏ တတိယထပ် (၄-လွှာ)၊ ခြေရင်းတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်းအား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူဖြစ်သည့် ဒေါ်နန်းတူးတူးမာ (၁၃/လရန(နိုင်)၀၀၁၀၅၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၃-၁၁-၂၀၂၂) ရက်စွဲပါ ကတိစာချုပ်ဖြင့် စရံငွေ တစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးအောင်မျိုးသိန်း**
(LL.B, DBL, DIL, DAPsy.)
တရားလွှတ်တော်ရှေ့နေ (စဉ်-ရ၈၃၃)
အမှတ်(၄၇)၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
**Ph : 09-785550254**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(သကမ-၅)၊ (၉)ရပ်ကွက်၊ မကွေးလမ်း၊ မြေကွက်အမှတ်(၆၂၀)ဟုခေါ်တွင်သည့် မြေအကျယ် ပေ(၄၀x၆၀) (ဦးခင်မောင် အမည်ပေါက် မြေချပါမစ်)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော (၃)ထပ်အဆောက်အဦ(ရေ၊ မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့် စာချုပ်များဖြင့် တရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်သူရ[၁၂/ပဘတ(ဧည့်)၀၀၀၇၄၁]သည် ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်အေးမူ[၁၂/လမန(နိုင်)၁၂၄၃၇၁]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၂)**
**အမှတ်(၆၀၄)၊ မကွေးလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၁၁၆၁၅၀၇**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား သတိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၆)ရပ်ကွက်၊ လှည်းစုလမ်း၊ အမှတ်(၇၇၃)နေ ဦးကျော်ကျော်အောင်[၁၄/ပသန(နိုင်)၀၀၆၄၁၅]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် အမှတ်(၄/၆၂၄၅/၂၀၂၂)၊ (၄/၆၂၄၆/၂၀၂၂)၊ (၄/၆၂၄၇/၂၀၂၂)၊ (၄/၆၂၄၈/၂၀၂၂)၊ (၄/၆၂၄၉/၂၀၂၂)၊ (၄/၆၂၅၀/၂၀၂၂)တို့ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-




မှတ်ပုံတင်စာချုပ်အမှတ် (၄/၆၂၄၅/၂၀၂၂)



မှတ်ပုံတင်စာချုပ်အမှတ် (၄/၆၂၄၆/၂၀၂၂)





မှတ်ပုံတင်စာချုပ်အမှတ် (၄/၆၂၄၇/၂၀၂၂)၊




မှတ်ပုံတင်စာချုပ်အမှတ် (၄/၆၂၄၈/၂၀၂၂)




မှတ်ပုံတင်စာချုပ်အမှတ် (၄/၆၂၄၉/၂၀၂၂)




မှတ်ပုံတင်စာချုပ်အမှတ် (၄/၆၂၅၀/၂၀၂၂)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် **"ပဲငံပြာရည်အချိုရည်၊ ပဲငံပြာရည်အနောက်ရည်၊ ပဲငံပြာရည်အကြည်ရည်၊ အကောင်းစားပဲငံပြာရည်အမျိုးမျိုး၊ ငရုတ်ဆီအမျိုးမျိုး၊ ခရုဆီအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ အခြေခံစားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ထုတ်လုပ်ရာတွင် အသုံးပြုသည့်ကုန်ကြမ်းအမျိုးမျိုး"**တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ရာ ကောင်းသတင်းဖြင့် ဂုဏ်သတင်းကျော်စောလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားများအား ဖျက်ဆီးပြုပြင်၍၊ အခြားအမည်များတပ်၍ ဖြန့်ဖြူးရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ ဂုဏ်သတင်းကျဆင်းစေရန် ပြုမူဆောင်ရွက်ခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား တုပပြုလုပ် ဖြန့်ဖြူးရောင်းချခဲ့ပါက လည်းကောင်း၊ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ ဂုဏ်သတင်းကျဆင်းစေရန် ပြုမူဆောင်ရွက်ခဲ့ပါက လည်းကောင်း ကျွန်ုပ်မိတ်ဆွေ၏လုပ်ငန်း အကျိုးစီးပွားထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ(မြောင်းမြ)** | **ဦးဇေယျာထွန်း(LL.B)** |
| **LL.B, A.G.T.I(EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင်(LL.B)** | **ဦးစိုးလွင်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား လျှောက်လွှာခေါ်ယူခြင်း ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ၇ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနတွင်လစ်လပ်လျက်ရှိသော(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အငယ်တန်းစာရေးရာထူး (၁၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့် (၁၆-၁၂-၂၀၂၂)ရက်နေ့၌ အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (ဝန်ထမ်းဖြစ်ပါက(၃၅)နှစ်ထက်မကျော်လွန်သူ)ဖြစ်ရမည်။
(ဂ) ရွေးချယ်ခံရပါက ဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဃ) နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(စ) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ ဦးစားပေးခန့်ထားပါမည်။
(ဆ) ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

၂။ ကိုယ်ရေးလျှောက်လွှာတွင်မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာဖော်ပြပေးရန်နှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော (၁"x၁.၂၅")အရွယ် ကာလာဓာတ်ပုံ(၃)ပုံ၊(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)။
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။
(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့်ဘွဲ့လက်မှတ်မိတ္တူ။
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တနှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်း။

၃။ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာတင်ပြခြင်းနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၂၁-၁၂-၂၀၂၂)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်) နေပြည်တော်၊ မြို့ပြအင်ဂျင်နီယာဌာနတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ ပညာအရည်အချင်းနှင့် ဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်အထောက်အထား(မူရင်းများ)နှင့်အတူ လာရောက်၍ ဆက်သွယ်ကြရန်ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းတို့အား မြန်မာ့မီးရထား(ရုံးချုပ်)တည်ရှိရာ နေပြည်တော်ဘူတာကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

(က) (၂၂-၁၂-၂၀၂၂)ရက်နေ့ နံနက်(၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ ရေးဖြေစာမေးပွဲ (မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ)မေးခွန်းလွှာအား ဖြေဆိုခြင်း။
(ခ) (၂၃-၁၂-၂၀၂၂)ရက်နေ့ (နေ့လယ်ပိုင်း)တွင် အထွေထွေဗဟုသုတနှင့် ကွန်ပျူတာစာစီစာရိုက် စစ်ဆေးခြင်း။

၆။ ရေးဖြေ/လူတွေ့စစ်ဆေးမှုများပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက်ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် ရွေးချယ်ခံရသူများသည် ဌာန၏ သတ်မှတ်ချက်အတိုင်း ရာထူးတိုးမြှင့်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော် တယ်လီဖုန်းနံပါတ်-၀၆၇-၈၀၇၇၁၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။


**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း


ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးမြောက်ပိုင်းရပ်ကွက်၊ အထက်မန္တလေးလမ်းသွယ်(၃)၊ အမှတ်(၁၅)၊ မြေညီထပ်(ညာ)တွင် ရုံးခန်းဖွင့်လှစ်ထားသော KTW&SONS COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်-105756615)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-




**မှတ်ပုံတင်အမှတ်-၄/၈၃၃၅/၂၀၂၂**




**မှတ်ပုံတင်အမှတ်-၄/၈၃၃၆/၂၀၂၂**




**မှတ်ပုံတင်အမှတ်-၄/၈၃၃၇/၂၀၂၂**

အထက်ပါကုန်အမှတ်တံဆိပ်များကို ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း မြွက်ဟကြေညာထားပြီးဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ကားကြီး၊ ကားလတ်၊ ကားလေးအမျိုးမျိုးတွင် တပ်ဆင်အသုံးပြုသော ကားဘက်ထရီအိုးအမျိုးမျိုးကို ပြည်ပနိုင်ငံအသီးသီးမှ မှာယူတင်သွင်းရောင်းချရာ၌ ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား မိမိတို့ကုမ္ပဏီ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သောသဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်၍ သုံးစွဲခြင်းမပြုပါရန်နှင့် အကယ်၍ တုပအသုံးပြုနေခြင်းများ တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**KTW&SONS COMPANY LIMITED၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိန္ဒြာမင်း(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၈၃၃)**
**ဖုန်း-၀၉၇၇၇၁၁၈၈၉၃**

## အသိပေးကြေညာခြင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ပြုလုပ်ကျင်းပမည့် (၁၂)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်ဖုန်း**

| | |
|---|---|
| ဓညဝတီဦးကျော်ဝင်း (တွဲဖက်အတွင်းရေးမှူး-၂) | - ၀၉-၅၁၀၉၆၆၈၅ |
| ဒေါ်သီသီမာ(ဘဏ္ဍာရေးမှူး) | - ၀၉-၅၅၀၃၀၅၆ |
| ဦးစိုးထွဋ်ခိုင်(ပြန်ကြားရေးမှူး) | - ၀၉-၄၀၂၅၃၁၅၈၆ |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၆)လမ်း၊ အမှတ်(၁၄၅/ခ)၊ တစ်ခန်းတည်း RC(၆)ထပ်တိုက်မှ မြေညီထပ်၊ ဧရိယာ(၉၇၂) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေမီကျော်[၁၂/တမန(နိုင်)၁၁၀၈၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်မှူးအောင်[၁၂/ဥကတ(နိုင်)၁၈၇၀၀၈]၊ ဒေါ်ဆုမြတ်နိုးနွယ်[၁၂/ဥကတ(နိုင်)၁၈၇၄၄၀]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသက်မှူးအောင်နှင့် ဒေါ်ဆုမြတ်နိုးနွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး**
**LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph-09-450023651, 09-793568375**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၁ ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၈၀/၈၂) ဟုခေါ်တွင်သော (၂)ခန်းတွဲ(၇)ထပ်တိုက်၏ အကျယ်(အလျား ၂၅ပေxအနံ ၅၀ပေ)ရှိ (၇-လွှာ) အခန်းအမှတ်(6B)ဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်တကွ ရေ၊ မီးနှင့် ဓာတ်လှေကားသုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းဝင်း[၁၂/ဗဟန(နိုင်)၀၄၇၂၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃။**

## အမည်ပြောင်း

ဦးသီဟအေးအောင်[၁၂/သဃက(နိုင်)၁၆၉၃၃၃]၏သမီး သဃ်န်းကျွန်းမြို့နယ်၊ အ.လ.က(၂) သဃ်န်းကျွန်း Grade-4မှ မသံသာဇော်အား မပန်းသွန်းချယ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မပန်းသွန်းချယ်**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့၊ အမှတ်(၁)၊ အောင်မင်္ဂလာရပ်ကွက်၊ မြေဧရိယာ(၃၅ x ၅၀)ပေအား ဦးရဲမျိုးသက် [၉/ဝတန(နိုင်)၁၂၄၀၉၆]မှ လက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်၍ အဆောက်အဦ ဆောက်လုပ်မည် ဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက အထောက်အထား စုံလင်စွာဖြင့် (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ **ဦးရဲမျိုးသက်**
**ဖုန်း-၀၉-၄၀၂၅၀၆၈၃၆**

**နိုင်ငံ**
**သာယာ**
**ဝပြောဖို့**
**သဘာဝ**
**တောတွေ**
**ထိန်းသိမ်းစို့**

**ဒေါ်အေးအေးဝင်း**

**(Project Director Farmer Phoyerzar Construction Co.,Ltd)**

**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြစ်မခ(၁)လမ်း၊ အမှတ်(၁၄၄)နေ (ဦးသန်းဝင်း-ဒေါ်ခင်မြင့်)တို့၏သမီးငယ်၊ ဦးခင်မောင်ဝင်း-ဒေါ်မြသီ(အထက-တော်ကလိတ်၊ ကွမ်းခြံကုန်းမြို့နယ်)၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ဝင်း(သန်လျင်ခရိုင်ပညာရေးမှူးရုံး၊ ရန်ကုန်)တို့၏ညီမငယ်၊ တူသုံးယောက်တို့၏ အဒေါ် ဒေါ်အေးအေးဝင်း(Project Director Farmer Phoyerzar Construction Co.,Ltd)သည် ၅-၁၁-၂၀၂၂ (စနေနေ့) ညနေ ၃ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၇-၁၁-၂၀၂၂(တနင်္လာနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ရွှေနံ့သာနေအိမ်မှထွက်ခွာပြီး ကိုးမိုင်သဲအင်းဂူတောရကျောင်း၊ တပ်ကုန်းမြို့နယ်တွင် မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၂၂ (သောကြာနေ့)တွင် ရွှေနံ့သာနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပြီး ၁၃-၁၁-၂၀၂၂(တနင်္ဂနွေနေ့)တွင် အမှတ်(၇၂)၊ (၅၁)လမ်း၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်အေးအေးဝင်း**

**အသက်(၅၆)နှစ်**

**Project Director Farmer Phoyerzar Construction Co., Ltd**

အစ်မကြီး ဒေါ်အေးအေးဝင်း အသက်(၅၆)နှစ်သည် ၅-၁၁-၂၀၂၂ ရက် ညနေ ၃ နာရီတွင် နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကင်းသာတောင်တွင် မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဝင်းလှိုင်-ဒေါ်မိမိတင်**
**"တင်အောင်"**
**ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

---

**ဒေါ်အေးခိုင်(ဒဂုံရိပ်သာဈေး)**

**အသက်(၈၄)နှစ်**

ဘိုကလေးမြို့နယ်၊ ကန်ကြီးကျေးရွာနေ (ဦးငွေသိန်း-ဒေါ်အုန်းစိန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တိုက်(၁၇)၊ အခန်း(၁၆)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေ (ဦးသန်းညွန့်)၏ဇနီး၊ ကိုချမ်းသာ(ခ) ကိုပန်းသီး-မနွယ်နွယ်ဝင်း(USA)၊ ဦးကျော်မင်းထွန်း (အနုပညာဦးစီးဌာန)-မအေးအေးမြတ် (အနုပညာဦးစီးဌာန)၊ [ကိုထွန်းထွန်းလင်း(A&K Co., Ltd)]၊ ကိုရဲလင်းထွန်း[CMACGM] -မနွယ်ဝေဖြိုးတို့၏ချစ်လှစွာသောမိခင်ကြီး၊ မောင်မင်းဇင်သာ၊ မအိမ့်ခြူးသံသာတို့၏ ချစ်လှစွာသောအဘွား ဒေါ်အေးခိုင်သည် ၆-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၃:၁၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကိုထွဋ်အောင် B.A (Law)**

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၆၁)နေ ဦးဟန်မြင့်-ဒေါ်ကြည်ကြည်ခိုင်တို့၏ သားငယ်၊ ဦးမင်းဦး-ဒေါ်ခင်မြရီတို့၏ သားသမက်၊ ဦးဟန်မြတ်လွင်-ဒေါ်ခင်သန်းစိုး၊ ဦးရဲဝင်းသိန်း-ဒေါက်တာမိမိခိုင်၊ ဦးဟန်မင်းခိုင်-ဒေါက်တာယုဇနဝင်းတို့၏ ညီ/မောင်၊ မပိုးအိဖြူ၏ခင်ပွန်း၊ မောင်ဘုန်းထွဋ်ဟန်၏ဖခင် ကိုထွဋ်အောင်သည် ၅-၁၁-၂၀၂၂ (စနေနေ့) ည ၁၀:၃၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အများသိစေရန်ကြေညာခြင်း**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၀)၊ နီလာ(၅)လမ်း၊ မြေကွက်အမှတ်(၃၁၆)၊ ဒေါ်ခင်အေးအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ (ပထမထပ်-ခြေရင်းခန်း)ဟုခေါ်တွင်သည့် (တိုက်ခန်း) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မည်သည့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်းနှင့် တာဝန်ယူ၍ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဒေါ်ခင်ချောစု[၁၂/ဥကမ(နိုင်)၁၅၇၀၅၄]ထံမှ ဒေါ်ကျော့ရွှန်းမြ[၁၂/မရက(နိုင်)၁၇၉၀၄၂]သည် (၅-၁၁-၂၀၂၂)ရက်နေ့စွဲပါ "တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်" ချုပ်ဆို၍ ငွေအပြေအကျေပေးချေပြီးဝယ်ယူပိုင်ဆိုင်၍ လက်ရောက်လွှဲပြောင်းရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဒေါ်ကျော့ရွှန်းမြ**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြငွေ (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

---

**အများသိစေရန် ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နွယ်စန်း[၁၂/သကတ(နိုင်)၁၂၄၀၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၃၀)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ မြေကွက်အမှတ်(၆၆)၊ ၀.၁၂၅ ဧက အတွင်းရှိ အဆောက်အအုံနှင့်တကွ သီးပင်စားပင်အလုံးစုံသည် ဦးမြသိန်း[၁၂/ဗဟန(နိုင်)၀၇၉၇၁၀]က ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဦးမြသိန်းပိုင်ဆိုင်သော ၎င်းမြေကွက်အား ဇနီးဖြစ်သူ ဒေါ်နွယ်နွယ်စန်း(ဘ) ဦးသန်းမောင် [၁၂/သကတ(နိုင်)၁၂၄၀၆၃]မှ အမွေဆက်ခံပိုင်ဆိုင်သူဖြစ်လာပါသည်။ ၎င်းအိမ်ခြံမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမြသိန်းနှင့် ဒေါ်နွယ်နွယ်စန်းက အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်းမရှိပါကြောင်းနှင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ဒေါ်နွယ်နွယ်စန်း ကသာ စီမံဆောင်ရွက်နိုင်သူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၄၃)**
**ဖုန်း-၀၉-၇၇၄၄၀၉၁၆၈**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်ကြည်(ကျောက်ဖြူ၊ အမ်း)**

**အသက်(၇၇)နှစ်**

ရွှေရတုတိပိဋကစက္ကူပါလကျန်းမာရေးဖောင်ဒေးရှင်း၏ ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးအမ်းယုမောင် (မောင်လူမွေး-မြန်မာမှု)၏ ကျေးဇူးရှင်အစ်မကြီး ဒေါ်တင်ကြည်(ကျောက်ဖြူ၊ အမ်း)သည် ၂-၁၁-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာနာယကဆရာတော်များနှင့် အမှုဆောင်အဖွဲ့**
**ရွှေရတုတိပိဋကစက္ကူပါလကျန်းမာရေးဖောင်ဒေးရှင်း**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယကာကြီး**

**ဦးအေး(ခ) ဦးမောင်မောင်အေး**

**ကျောင်းဆရာ(ငြိမ်း) အ.ထ.က(၁) မင်္ဂလာတောင်ညွန့်**

**မြွားနတ်မောင်ရွှေဆိုင်း**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊ အိုးဘိုရပ်ကွက်၊ အမှတ်(၂၇)နေ (ဦးတင်ညွန့်-ဒေါ်စိန်မြိုင်)တို့၏သား၊ (ဦးအုန်းတင်-ဒေါ်အုန်းမြင့်)တို့၏ သားသမက်၊ (ဒေါ်အေးအေးသန်း) မြွားနတ်မောင်ရွှေဆိုင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ကျော်အောင်)-ဒေါ်ခင်မချောချော၊ ဒေါ်ခိုင်ခိုင်မြတ်၊ ဒေါ်အေးသော်တာ၊ (ဦးသန်းထိုက်-ဒေါ်သင်းသင်းနိုင်)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ရဲပြည့်ဖြိုး၊ မောင်ကောင်းထက်အေး၊ မောင်ထက်လွင်အောင်တို့၏ ချစ်လှစွာသော ဘိုးဘိုးသည် ၅-၁၁-၂၀၂၂ရက် ည ၉:၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၇-၁၁-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယကာကြီး**

**တယောပညာရှင် ဦးလှထွန်း**

**ဒုအရာခံဗိုလ်(ငြိမ်း)**

**ကပအမ/၉၉၈၂**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ သုခုမလမ်း၊ အမှတ် ၃၁နေ (ဦးအောင်ချော-ဒေါ်ကျင်စိန်)တို့၏သား၊ ဒေါ်တင်မြင့်၏ခင်ပွန်း၊ ဦးအောင်မျိုးဝင်း-ဒေါ်သန်းသန်းဝင်း၊ ဦးအောင်မြင့်ဦး-ဒေါ်တင်မျိုးလွင်၊ (ဦးကျော်ကျော်ဦး)-ဒေါ်ငယ်လေးတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၅-၁၁-၂၀၂၂ရက်(စနေနေ့) နံနက် ၁၀:၁၆နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၂၂ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၁-၂၀၂၂ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး**

**ဒေါ်ညွှန့်တင်**

**အသက်(၇၆)နှစ်**

(ဦးဖိုးမှီ-ဒေါ်သန်းချို)တို့၏ သမီး၊ (ဦးစံထိုက်-ဒေါ်မြညွန့်)တို့၏သမီးချွေးမ၊ (ဦးလှသောင်း)ဇနီး၊ ဦးအောင်မျိုးဦး-ဒေါ်ဥမ္မာချိုတို့၏ မွေးသမိခင်၊ မောင်ပြည့်စုံသျှန်၏ ချစ်လှစွာသောအဘွား၊ ဦးတင်ဝင်း၏ ညီမ၊ ဦးဝင်းအောင်-(ဒေါ်ဝင်းကြိုင်)၊ ဆရာမလေး (ဒေါ်ဝင်းကြွေ)၊ ဦးသန်းဆွေ-ဒေါ်တင်တင်ဝင်း၊ ဦးကျော်လွင်-ဒေါ်ခင်သိန်းဝင်း၊ ဦးအောင်လွင်တို့၏ အစ်မဒေါ်ညွှန့်တင်သည် ၅-၁၁-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၂၂ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၁၀/က)၊ ဗိုလ်ဇင်ယော်လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ် အရှင်မြတ် အမိန့်တော်ခံယူခြင်း**

**ဟာဂျီမ ဒေါ်ရဟ်မဒ်ဘီဘမ်း(ခ)**

**ဟာဂျီမ ဒေါ်ဖရီဒါဘီဘမ်း(ခ) ဒေါ်တင်တင်လှ**

**အသက်(၅၅)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီးနေ [ဟာဂျီ ဦးလှမြင့်- ဟာဂျီမ ဒေါ်တီဇာမန်းဆပ် (သရဖူစက်ပစ္စည်းရောင်းဝယ်ရေး)]တို့၏သမီး၊ (ဦးကာဆင်-ဟာဂျီမ ဒေါ်အရှာဘီ)တို့၏သမီးချွေးမ၊ [ဟာဂျီ ဦးအွစ်စမန်း (ခ) ဦးသိန်းမြင့်]၏ဇနီး၊ ဒေါ်ဇင်သူဇာသိန်း၊ ဦးတင်အောင်လတ် (ပါဝါဂတ်စ်ဆိုင်)၊ ဒေါ်ခိုင်သဇင်သိန်းတို့၏ ကျေးဇူးရှင်မိခင်သည် ၅-၁၁-၂၀၂၂ (စနေနေ့) နံနက် ၈:၁၅ နာရီတွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မဂရစ်ဗ်နမာဇ်အပြီးတွင် စန်းကြီးကဘာစတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဒေါက်တာ ဦးစိုးဝေ**

**အသက်(၇၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်(၁၃၈)နေ ဒေါ်စိန်စိန်၏ခင်ပွန်း၊ ဒေါက်တာသိန်းခိုင်၊ မသန္တာစိုးတို့၏ဖခင်၊ မောင်အာကာမြင့်မြတ်၊ မောင်ဉာဏ်လင်းထက်တို့၏အဘိုး ဒေါက်တာ ဦးစိုးဝေသည် ၆-၁၁-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၈:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၂၂(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်အေးကြည်**

**အထောင်မြို့**

**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အထောင်မြို့၊ (၄)ရပ်ကွက်၊ ကမ်းနားလမ်းနေ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) အတွင်းရေးမှူး ဦးကျော်စိုး-ဒေါ်အေးအေးသွင်တို့၏ မိခင်ဖြစ်သူ ဒေါ်အေးကြည်သည် ၄-၁၁-၂၀၂၂(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်အေးကြည်**

**အထောင်မြို့**

**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အထောင်မြို့၊ (၄)ရပ်ကွက်၊ ကမ်းနားလမ်းနေ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) အတွင်းရေးမှူး ဦးကျော်စိုး-ဒေါ်အေးအေးသွင်တို့၏ မိခင်ဖြစ်သူ ဒေါ်အေးကြည်သည် ၄-၁၁-၂၀၂၂(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)**

---

**ဦးမျိုးနိုင်**

**စီမံကိန်းဦးစီးဌာန၊ ယာဉ်မောင်း-၃**

**စိုက်/မွေး/ဆည် ဝန်ကြီးဌာန**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၅)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အိမ်အမှတ်(၄၉၂)နေ (ဦးသိန်းရှိန်-ဒေါ်ညွှန့်ရီ)တို့၏ သား၊ (ဦးအုန်းရွှေ-ဒေါ်စိန်ပု)တို့၏သားသမက်၊ ပုသိမ်မြို့နေ ဦးခင်အုန်း-ဒေါ်လေးလေးနွယ်၊ ရန်ကုန်မြို့နေ ဦးတင်လှိုင်-ဒေါ်ခင်ဝင်းမြင့်၊ (ဦးသွင်)-ဒေါ်လှသန်းတို့၏တူ၊ ဦးမြင့်ဦး-(ဒေါ်ကျင်စန်း)၊ ဦးမောင်စိုး-ဒေါ်စန်းမြင့်၊ ဦးမြင့်သိန်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးမြင့်သူ-ဒေါ်သန်းသန်းလင်း၊ ဦးမြင့်ရွှေ-(ဒေါ်မြင့်မြင့်ချို)၊ ဒေါ်ခင်ခင်သန်း၊ ဦးညွှန့်ငွေ-ဒေါ်စန်းစန်းတင့်တို့၏မောင်၊ ဦးနေထွန်း-ဒေါ်ဟန်စုမွန်၊ ဒေါ်နွဲ့နွဲ့ဖြူ တို့၏အစ်ကို၊ မောင်ဇင်ကိုဝင်း(စီမံကိန်းဦးစီးဌာန)၊ မောင်နိုင်နိုင်ဦး(န.စ.ကရုံး)-မစန္ဒာကို၊ မောင်သန်းဇော်ငွေ(ဆည်/ရေဦးစီးဌာန)-မစန်းစန်းငွေ(လျှပ်စစ်ဝန်ကြီးဌာန)၊ မချမ်းငြိမ်းမေတို့၏ဖခင်၊ မောင်မြတ်ဖုန်းသျှံတို့၏ အဘိုး၊ ဒေါ်မြမြထွေး၏ ခင်ပွန်းသည် ၅-၁၁-၂၀၂၂ရက် (စနေနေ့) ည ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ခုတင်-၁၀၀၀ ဆေးရုံမှ ကျွဲကြီးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၂၂ရက်(သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ တိုက်(၃၁၈)၊ အခန်း(၂၂)၊ ကံ့ကော် အိမ်ရာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**"ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၃)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၁၆၄)၊ အကျယ်အဝန်း ပေ (၄၀x၆၀) ရှိ ဦးထွန်းစိန် [၁၂/လကန(နိုင်)၀၁၆၅၃၁] အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသန်းထွန်းအောင်[၁၂/ဒဂရ(နိုင်)၀၀၃၆၀၉]မှ တရားဝင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဦးချမ်းသာ[၉/ကပတ(နိုင်)၁၉၄၇၆၀]ကဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၅၆၇၊ ၀၉-၇၇၄၃၀၆၄၆၅၆၇**

---

**ညအချိန်**
**အိပ်နေချိန်တွင်**
**လျှပ်စစ်မီးများ**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို**
**နေ့စဉ်**
**ချွေတာ**
**သင့်ပါသည်**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကျော့ ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော် ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့ လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော် ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာလျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော် ပြောလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တန်ဆောင်မုန်းလဆန်းအဖိတ်နေ့တွင် ရဋ္ဌနန္ဒက ဆင်ဖြူတော်လေးအပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များအား အစာလာရောက်ကျွေးမွေးကြသူများဖြင့် စည်ကားများပြား





တန်ဆောင်မုန်းလဆန်းအဖိတ်နေ့တွင် ရဋ္ဌနန္ဒက ဆင်ဖြူတော်လေးအပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များအား အစာလာရောက်ကျွေးမွေးကြသူများကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၆

မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် မြန်မာတို့၏ စိတ်ရင်းကိုဖော်ညွှန်းပြသနေသည့် မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ဆောင်မုန်းပွဲတော်တွင် မြန်မာတို့၏ အလှူသဒ္ဓါတရားထက်သန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှုတို့ကို အထင်အရှားမြင်တွေ့ရသည့်ပွဲတော်တစ်ခုဖြစ်သည်။ စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻

ယနေ့ ဖတ်စရာ

**မိုးလကုန်စဲ ကထိန်ပွဲ**
ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလကုန်ပိုင်းအထိ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃၃ သန်းရရှိထား**
စာမျက်နှာ » ၁၅

**စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးထုတ်လုပ်သင့်သည့် တန်ဖိုးမြင့်ထုတ်ကုန် မက္ကဒေးမီးယား**
ဆောင်းပါး စာမျက်နှာ » ၁၇

## ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲမရှိစံချိန်အတွက် နိုင်ပွဲထပ်မံရယူ

ရန်ကုန် နိုဝင်ဘာ ၆

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၂)မှ ရွှေ့ဆိုင်းထားသော GFA အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းပွဲကို နိုဝင်ဘာ ၆ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲမတိုင်မီ ချန်ပီယံဖြစ်သွားသောကြောင့် GFA အသင်းကစားသမားများက ရှမ်းယူနိုက်တက်အသင်း ကွင်းအတွင်း ဝင်ရောက်လာချိန်တွင် လက်ခုပ်တီး၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ○



ရှမ်းယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌ မီးရှူးမီးပန်းများ ပစ်ဖောက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၆

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌ ည ၇ နာရီမှစ၍ FIREWORK အမျိုးအစား မီးရှူးမီးပန်းများအား ပစ်ဖောက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါမီးရှူးမီးပန်းပစ်ဖောက်မှုများကို အများပြည်သူများ အနေဖြင့် လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်